www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

## အိပ်မက်သူရာ

ချင်းချင်းယွင်၏ ထိုလုံရှကျန်း



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၃၆၅၀၅၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၃၆၃၀၅၁၂

၂၀၁၂ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။

BURMESE CLASSIC



## အခန်း (၁)

နေခြည်ဖြာကျနေ၏။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

ကောင်းကင်တစ်ခုလုံး ကြည်ပြာရောင်သန်းနေ၏။

တိမ်ဖြူကင်းစင်သည့် အတိုင်းအဆမဲ့ ကျယ်ပြောလှသော ကောင်းကင်ပြာကြီးပေါ်တွင် ငှက်ကလေးများ အုပ်စုဖွဲ့ကာ ပျံသန်းသွားနေကြသည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။

မိုးကုပ်စက်ဝိုင်းအောက်မှ ဟိုးအဝေးတွင် စိမ်းလန်းသော တောအုပ်များ၊ သွယ်တန်းနေသော မှိုင်းညို့ညို့တောင်တန်းများက ပန်းချီကား တစ်ချပ်နှယ် လှပနေလေသည်။

ဤနေရာသည် ပြည်မနှင့် အလှမ်းကွာဝေးသော မြောက်ဘက်တောင်တန်းဒေသ ဖြစ်ပါသည်။

'ခွပ် ခွပ်'

www.burmeseclassic.com

www.burmeseclassic.com



'ခွပ် ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာ၏။

မြင်းစီးသမားသုံးယောက် သည် တောလမ်းအတိုင်း ခရီးနှင်လာကြ၏။

ထိုမြင်းစီးသမားသုံးယောက်သည် ကိုယ်ကျပ်အင်္ကျီများဝတ်ဆင်ထားကြသော လူငယ်လူရွယ်များ ဖြစ်ကြလေ၏။

သူတို့၏ ခါးတွင် ဓားကိုယ်စီချိတ်ဆွဲထားသဖြင့် သိုင်းသမားများဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေ၏။

သူတို့၏အဝတ်အစားနှင့်အသွင်အပြင်သည် မြောက်ဘက်တောင်တန်းဒေသတွင် မှီတင်းနေထိုင်ကြသော ဒေသခံများနှင့်မတူဘဲ ပြည်မကြီးမှလာကြသူများဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေလေ၏။

ထိုလူငယ်သုံးယောက်သည် အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်သို့ ရောက်လာကြသောအခါ မြင်းများကို အရှိန်သတ်ကာ ရပ်တန့်လိုက်ပြီး အသီးသီး လွှားခနဲ လွှားခနဲ ခုန်ဆင်းလိုက်ကြလေ၏။

ထို့နောက် ...



သူတို့သည် အရိပ်ကောင်းသောသစ်ပင်ကြီးအောက်သို့ ဝင်ကာ အနားယူ အမောဖြေလိုက်ကြလေ၏။

သူတို့၏တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက်စို့ရွှဲနေ၏။

မျက်နှာပေါ်တွင် ချွေးသီးချွေးပေါက်များ ရှိနေ၏။

ဝေးလံသောအရပ်မှ ခရီးပြင်းနှင်လာခဲ့ကြကြောင်း ထင်ရှားပေါ်လွင်နေ၏။

လူငယ်တစ်ယောက်သည် အမောဖြေရင်း သူတို့လာခဲ့ကြသော လမ်းဆီသို့ မလုံမလဲသောအကြည့်ဖြင့် မျှော်၍မျှော်၍ ကြည့်နေလေ၏။

ထိုလူငယ်၏အသွင်ကြောင့် ကျန်နှစ်ယောက်အနက် အရပ်ထောင်ထောင်မောင်းမောင်းရှိသူက ...

"ရှောင်ကျင်း ... မင်း ဘယ်လိုဖြစ်နေတာလဲ၊ နောက်ကလိုက်လာမှာကို စိုးရိမ်နေတယ်မဟုတ်လား"

ဟု မေးလိုက်လေ၏။

ထိုအခါ ...

ရှောင်ကျင်းဆိုသောလူငယ်က သက်ပြင်းချလိုက်ပြီး ...

"အင်း ... ချန်အန်းမြို့က အာဏာသား ခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



မုထင်းက ခေတာမဟုတ်ဘူးကွ၊ တို့နောက်ကို ခြေရာခံပြီး လိုက်မလာဘူးလို့ မပြောနိုင်ဘူး"

"စန်းရယ် ... မင်း ပြောစမ်းပါဦး ... တို့အတွက် စိတ်ချရပြီလား၊ ဘေးအန္တရာယ် ကင်းရှင်းပြီလား"

ဟု ပြန်မေးလိုက်၏။

အရပ်အမောင်း ထောင်ထောင်မောင်းမောင်းရှိသော လူငယ် (ဝါ) စန်းရယ်ဆိုသူက ပခုံးတွန့်လိုက်လေ၏။

"ချန်အန်းမြို့နဲ့ မိုင်းပေါင်းရာချီပြီး ဝေးလံတဲ့ အရပ်ဒေသကို ငါတို့ရောက်လာကြပြီပဲ၊ မုထင်းလိုက်လာတော့မယ် မထင်ပါဘူး၊ ဒီလောက်လဲ စိတ်ပူမနေပါနဲ့ကွာ၊ ငါပြောတာ ဟုတ်တယ်မဟုတ်လား ဝမ်းတုံ"

ငြိမ်နေသော တတိယလူငယ်ကို မေးလိုက်လေ၏။

ဝမ်းတုံဆိုသော လူငယ်က ...

"ဟုတ်တယ် ... လိုက်လာမယ် မထင်ပါဘူး၊ တို့တစ်တွေဟာ အနှောင့်အယှက်မှ မတွေ့ရဘဲ ခရီးဆက်လာနိုင်ခဲ့ကြတာ ငါးရက်တောင်ရှိပြီ မဟုတ်လား"

"ခုဆိုရင် ... မြောက်ဘက်တောင်တန်းဒေသကိုတောင်



ရောက်လာပြီပဲ၊ တို့တစ်တွေ လွတ်ပြီကျွတ်ပြီပေါ့ကွာ"

ရှောင်ကျင်းက ...

"မုထင်း လိုက်မလာလည်း တို့တစ်တွေကို မေ့ပစ်လိုက်မှာ မဟုတ်ဘူး။ တို့ပြည်မကိုပြန်ပြီး ခြေချလိုက်တာနဲ့ တစ်ခါတည်း ဆီးပြီး ဖမ်းမှာ သေချာတယ်"

စန်းရယ်က ...

"ဒီလောက်လည်း စိတ်ပူမနေစမ်းပါနဲ့ကွာ၊ ပြည်မကိုမပြန်ရတော့ကော ဘာဖြစ်လဲ၊ တို့တစ်တွေ မြောက်ဘက်တောင်တန်းဒေသမှာပဲ အခြေချပြီး နေသွားကြတာပေါ့"

"ငါက"

ရှောင်ကျင်းသည် တစ်စုံတစ်ခု ပြောရန် ဟန်ပြင်ပြီးမှ မပြောတော့ဘဲ နေလိုက်၏။

ဝမ်းတုံက ...

"ဘာလဲ ... ပြည်မမှာ ကျန်ရစ်ခဲ့တဲ့ မင်းရဲ့ချစ်သူကို သတိရနေလို့လား"

ရှောင်ကျင်း ခေါင်းခါယမ်းလိုက်၏။

"ခုမှတော့ မထူးတော့ပါဘူးလေ၊ သူက ငါ့ကို အာမခံဌာန

www.burmeseclassic.com



တစ်ခုမှာ အလုပ်လုပ်နေတယ်လို့ ထင်နေတာ၊ ကျားခုနစ်ကောင် ဓားပြ အဖွဲ့မှာ အဖွဲ့သား တစ်ယောက်ဖြစ်တာကို သိတာမဟုတ်ဘူး"

"ခုတော့ ... ချုန်အန်းမြို့မှာ မအောင်မြင်ခဲ့တဲ့ ဓားပြမှု ကြောင့် ငါ့အကြောင်း အမှန်အတိုင်း သိသွားလောက်ပြီ၊ သူက ငါ့ကို မုန်းတီးသွားတော့မှာ သေချာပါတယ်ကွာ"

ဟု ညည်းတွားလိုက်လေ၏။

ကျားခုနစ်ကောင်ဓားပြအဖွဲ့၊ ထိုအဖွဲ့သည် ဆိုးသွမ်းသော သိုင်းသမားလူငယ် ခုနစ်ယောက်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်၏။

ချုန်အန်းမြို့တစ်ပိုက်တွင် ဓားပြတိုက်၊ လုယက်မှုများကို အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြ၏။

မင်းမှုထမ်းများ၊ အာဏာသားများကို ကွေ့ပတ်ရှောင်ကွင်း နိုင်ခဲ့ကြ၏။

ဒုစရိုက်မှုအကြိမ်ကြိမ်ကျူးလွန်ခဲ့ကြပြီး အောင်ပွဲခံနိုင်ခဲ့ ကြခြင်းကြောင့် ပိုပြီးအတင့်ရဲလာကြ၏။

နောက်ဆုံး ချုန်အန်းမြို့ထဲမှ ရတနာဆိုင်ကြီးတစ်ဆိုင်ကို ဝင်၍ ဓားပြတိုက်ခဲ့ကြလေ၏။

ဤတွင် သူတို့အကြောင်းကို သဲကြီးမဲကြီးစုံစမ်းနေသည့်



အာဏာသားမှုထင်းနှင့် ရင်ဆိုင်ရတော့၏။

မှုထင်းခေါင်းဆောင်သော မင်းမှုထမ်းအာဏာသားများ သည် ရှောင်ကျင်တို့အဖွဲ့အား အထပ်ထပ် ဝိုင်းရံကာ ဖမ်းဆီးဖို့ ကြိုး စားသည်။

ရှောင်ကျင်းတို့က အဖမ်းမခံဘဲ ခုခံတိုက်ခိုက်ကြသည်။

တိုက်ပွဲအပြင်းအထန်ဖြစ်ပွားခဲ့ပြီး ရှောင်ကျင်းတို့ဘက်ကမှု လေးယောက် သေဆုံးသွား၏။

ရှောင်ကျင်းတို့သုံးယောက်သာ ကံကောင်းထောက်မပြီး လွတ်မြောက်ခဲ့ကြလေ၏။

ရှောင်ကျင်းတို့သည် ပြည်မတွင် မနေဝံ့တော့ဘဲ မြောက် ဘက်တောင်တန်းဒေသသို့ ထွက်ပြေးလာခဲ့ကြခြင်း ဖြစ်လေတော့ ၏။

စန်းရယ်နှင့်ဝမ်းတုံသည် စိတ်ပျက်လက်ပျက်ဖြစ်နေသော ရှောင်ကျင်းကိုကြည့်ကာ ရယ်မောလိုက်ကြလေသည်။

ရှောင်ကျင်းက ကြောင်စီစီဖြင့် ...

"မင်းတို့ ဘာကြောင့်ရယ်တာလဲ"

ဟု မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သဘောကျလို့ပေါ့"

"ဘာကွ"

ဝမ်းတုံက မျက်နှာပိုးသတ်ကာ ...

"မင်းက ကိုယ့်ကိုယ်ကိုယ် စိတ်မပူဘဲ ပြည်မမှာ ကျန်ရစ်ခဲ့တဲ့ ချစ်သူရည်းစားကို စိတ်ပူနေတယ်ဆိုတော့ ရယ်စရာမကောင်းဘူးလား"

စန်းရယ်ကလည်း ...

"မင်းရဲ့အကြောင်းစုံကို သိသွားပြီးမှ သူက မင်းကိုချစ်နိုင်ပါ့ဦးမလား။ ဒီကိစ္စတွေ မေ့ထားလိုက်စမ်းပါကွာ၊ တို့တစ်တွေ ရှေ့ဆက်ဘယ်လို ရုန်းကန်လှုပ်ရှားရဦးမယ်ဆိုတာ မသိနိုင်သေးဘူး"

ဟု ဝင်ပြောလေသည်။

ရှောင်ကျင်း သက်ပြင်းချလိုက်သည်။

ဘာမှမပြောတော့ဘဲ အဝေးသို့ လှမ်းမျှော်ကြည့်လိုက်သည်။

ထိုစဉ် ...

သွယ်တန်းနေသော တောင်ကြောတစ်နေရာမှ မီးခိုးများ ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေ၏။



ရှောင်ကျင်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ဟိုး တောင်ကြောကို ကြည့်လိုက်စမ်း ... မီးခိုးတွေထွက်နေတယ်"

ဟု ပြောလိုက်၏။

ဝမ်းတုံနှင့် စန်းရယ်တို့က လှမ်းကြည့်လိုက်ကြ၏။

မှန်ပေသည်။

မီးခိုးလုံးဖြူဖြူများသည် ကောင်းကင်ပေါ်သို့ ထိုးတက်နေသည်ကို တွေ့မြင်ရလေ၏။

ဝမ်းတုံက ...

"ဒါ ... တောင်ယာစိုက်ဖို့ မီးရှို့နေတာကွ"

ဟု ပြောလိုက်၏။

စန်းရယ်က ...

"မီးခိုးရှိရင် လူရှိမှာပဲ၊ တို့သွားပြီး အခြေအနေစုံစမ်းကြရအောင်၊ တို့အတွက် စားစရာသောက်စရာနဲ့ လိုအပ်တဲ့ရိက္ခာရနိုင်တာပေါ့"

ဝမ်းတုံက သဘောတူလိုက်၏။

"ကောင်းသားပဲ ... သွားရအောင်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် မြင်းများအပေါ်သို့ အသီးသီး တက်လိုက်ကြသည်။

ထို့နောက် ...

မီးခိုးများထွက်ပေါ်နေသည့် တောင်ကြောဆီသို့ ဦးတည်ခရီးနှင်သွားကြလေတော့၏။

❖



မက်စောက်သော တောင်ကုန်းလေးတစ်ခုကို ဖြတ်ကျော်ပြီးလျှင် တောင်ခြေဆင်ခြေလျှောတွင် ပျပ်ပျပ်ဝပ်ဝပ်ကလေး တည်ရှိနေသော ရွာကလေးတစ်ရွာကို တွေ့မြင်လိုက်ရ၏။

တောင်တန်းသားတို့၏ ရွာကလေးဖြစ်လေ၏။

ရှောင်ကျင်းတို့ ဝမ်းသာသွားကြလေ၏။

ထိုရွာကလေးဆီသို့ ဦးတည်ကာ ခရီးနှင်သွားကြလေ၏။

'ခွပ်ခွပ် ခွပ်ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ ရွာထဲမှ ခွေးဟောင်သံ၊ ကလေးငိုသံ၊ လူကြီးများ၏အသံ၊ ပြေးလွှားသံများ ထွက်ပေါ်လာ၏။

ထို့နောက် ...

အသံဗလံများ တိတ်ဆိတ်ကွယ်ပျောက်သွားတော့၏။

ရှောင်ကျင်းတို့သည် မြင်းကို အရှိန်လျှော့လိုက်၏။

ရွာကလေး၏အခြေအနေ ထူးထူးခြားခြား ပြောင်းလဲသွားခြင်းကြောင့် အံ့သြသွားကြလေ၏။

ဝမ်းတုံက ...

"ဒါက ဘယ်လိုဖြစ်ရတာလဲ"

ဟု ရေရွတ်လိုက်၏။

စန်းရယ်က ...

"တစ်ရွာလုံး အပ်ကျသံ ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်ကျသွားတာ အကြောင်းရှိမယ်"

ရှောင်ကျင်းက ...

"အဲဒါ ... ငါတို့ ရောက်လာလို့ပေါ့ကွ"

စန်းရယ်က ...

"ဘာဆိုင်လို့လဲ"



ရှောင်ကျင်းက ...

"ဆိုင်တာပေါ့ ... ရွာသူရွာသားတွေဟာ လူစိမ်းတွေရောက်လာရင် ပုန်းလျှိုးကွယ်လျှိုး နေတတ်ကြတယ်၊ သူတို့ကို အန္တရာယ်ပြုမှာစိုးလို့ပေါ့။ ရောက်လာတဲ့လူဟာ လူဆိုးလား၊ လူကောင်းလား ခွဲခြားမသိခင်မှာ ငြိမ်နေတတ်ကြတာပဲ"

ဝမ်းတုံက ရယ်မောလိုက်၏။

"တို့က လူကောင်းတွေပါကွာ"

ဟု ပြောလိုက်၏။

ရှောင်ကျင်းနှင့် စန်းရယ်တို့သည်း မနေနိုင်ကြဘဲ ရယ်မောလိုက်ကြလေ၏။

"ကဲ ... သွားကြစို့"

"ကောင်းပြီ"

သုံးယောက်သား ရွာထဲသို့ ဝင်လိုက်ကြလေ၏။

မြင်းခွာသံ ဖြည်းဖြည်းမှန်မှန် ထွက်ပေါ်နေ၏။

ရှောင်ကျင်းတို့သည် ရွာလယ် လမ်းမကြီးအတိုင်း ရွာထဲသို့ ဝင်လာကြ၏။

တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



လေလွင့်ခွေးများကိုပင် မတွေ့ရပါ။

သို့သော် ...

အိမ်တံခါးကြားမှ လည်းကောင်း၊ ပြတင်းတံခါး များကြားမှ လည်းကောင်း တိတ်တဆိတ် ချောင်းကြည့်နေသော မျက်လုံးများကို တွေ့မြင်ရ၏။

ဝမ်းတုံက ဟိုသည်ကြည့်လိုက်ပြီး...

"ဒီအတိုင်းဆို စားစရာသောက်စရာတောင် ရဖို့မလွယ် တော့ပါလား"

ဟု ညည်းတွားလိုက်၏။

စန်းရယ်က ...

"မထူးပါဘူးကွာ၊ ငါတို့က ဓားပြ တိုက်လာခဲ့တာပဲ၊ အသာ တကြည့်ရဖို့ လမ်းမမြင်တော့လည်း ဓားပြတိုက်ကြတာပေါ့"

ရှောင်ကျင်းက ...

"တော်စမ်းပါကွာ"

ဟု ပြောလိုက်လေ၏။

ထိုစဉ် ...

ရွာလယ်ပိုင်းသို့ ရောက်ရှိလာကြပြီး လမ်းပေါ်၌ အဘိုးအို



တစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရ၏။

ကျွင်းရှောင်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ ၏။

အဘိုးအိုနှင့် မလှမ်းမကမ်းတွင် မြင်းကို ရပ်တန့်၍ မြင်း ပေါ်မှ ဆင်းလိုက်ကြ၏။

အဘိုးအိုသည် သူတို့အား အကဲခတ်ကြည့်လိုက်ပြီး ...

"မောင်ရင်လေးတို့က ဘယ်သူတွေလဲ၊ ကျုပ်တို့ရွာကိုဘာ များ လာလုပ်ကြတာလဲကွယ်"

ဟု မေးလာ၏။

ဝမ်းတုံက ...

"ဦးက ဒီရွာက ရွာလူကြီးလား"

ဟု ပြန်မေးလိုက်၏။

အဘိုးအို ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ကွယ်"

ဝမ်းတုံက ...

"ကျွန်တော်တို့က တောင်တန်းဒေသကို လေ့လာရေးထွက် လာကြတဲ့ ခရီးသည်တွေပါ၊ လမ်းခရီးမှာ ရိက္ခာပြတ်သွားလို့ စားစရာ

www.burmeseclassic.com

www.burmeseclassic.com



သောက်စရာများ ရနိုင်မလားဆိုပြီး ဝင်လာခဲ့ကြတာပေါ့"

ဟု ပြောလိုက်လေ၏။

အဘိုးအိုက ...

"လက်စသတ်တော့ မင်းတို့ဟာ ခရီးသည်တွေကိုး၊ ပြည်မကလာခဲ့ကြတာ ထင်ပါရဲ့"

"ဟုတ်ပါတယ် ခင်ဗျာ"

"အင်း ... တောင်တန်း ဒေသဟာ အတိုင်းအဆမဲ့ ကျယ်ဝန်းပြီး ပျော်စရာကောင်းလှပါတယ်၊ ဒါပေမဲ့ ... ကျုပ်တို့နေထိုင်ကြတဲ့ ဟောဒီ တောင်ကိုးလုံးဒေသကတော့ အတော်ကို စိတ်ပျက်စရာကောင်းတဲ့ နေရာတစ်ခု ဖြစ်နေပါပြီ၊ မောင်ရင်လေးတို့ ဒီအရပ်ဒေသနဲ့ ဝေးဝေးကိုသွားတာ ကောင်းမယ်၊ အန္တရာယ် ကင်းလိမ့်မယ်ကွဲ့"

အဘိုးအို၏ စကားကြောင့် ရှောင်ကျင်းတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြ၏။

ဝမ်းတုံက ...

"ဒီအရပ်ဒေသမှာ ဘယ်လိုအန္တရာယ်တွေများ ရှိနေလို့လဲ ခင်ဗျာ"

ဟု မေးလိုက်၏။



အဘိုးအိုက ...

"တောင်ကိုးလုံးဒေသမှာ ရှေးဟောင်း မျိုးနွယ်စုတစ်စု နေထိုင်ကြတယ်၊ သူတို့ဟာ ရိုင်းစိုင်းကြမ်းတမ်းတဲ့ လူစားမျိုးတွေပဲ၊ ကျုပ်တို့ကျေးရွာတွေကို မကြာခဏ လာရောက်တိုက်ခိုက် လုယက်လေ့ရှိကြတယ်၊ ရွာသူရွာသားတွေကိုလည်း အခိုင်းအစေအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားလေ့ရှိကြတယ် ...၊

ဒါကြောင့် ...

မြင်းခွာသံကြားရင် ရွာသားတွေဟာ အိမ်ထဲက အိမ်ပြင်မထွက်ပံ့အောင် ဖြစ်နေကြရတာပေါ့၊ ကျုပ်တို့လို တောင်ပေါ်ရွာကလေးတွေဟာ သူတို့ကြောင့် ပျက်စီးသွားရတာ မနည်းတော့ဘူး ...၊

မကြာသေးခင်ကပဲ ရှေးဟောင်း ဝေမျိုးနွယ်စုက လူတစ်ချို့ဟာ ကျုပ်တို့အရပ်ဘက်ကို ဆင်းလာနေကြတယ်လို့ သတင်းကြားရသေးတယ်၊ မင်းတို့ ရောက်လာတာကို သူတို့ရောက်လာကြပြီလို့ ထင်နေမိတာပေါ့လေ"

ရှောင်ကျင်းက ...

"ငါတို့ ဒီနေရာမှာ ကြာကြာနေလို့ မဖြစ်ဘူးထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု စန်းရယ်နှင့် ဝမ်းတုံတို့ကို ပြောလိုက်၏။

ဝမ်းတုံက ...

"နေပါဦးလေ"

ဟု ဟန်တားကာ အဘိုးအိုဘက်သို့ လှည့်ပြီး ပြောလိုက်သည်။

"ကောင်းပါပြီခင်ဗျာ၊ ကျွန်တော်တို့ကို ခုလိုသတိပေးတာကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့လည်း ရှေ့ခရီးဆက်ကြမှာပါ၊ ဒါပေမဲ့ ကျွန်တော်တို့ လိုအပ်နေတဲ့ရိက္ခာနဲ့ အသုံးအဆောင်ပစ္စည်းတချို့ကို ကူညီပါလို့ မေတ္တာရပ်ခံချင်ပါတယ် ခင်ဗျာ"

အဘိုးအိုက ...

"ကောင်းပါပြီကွယ် ... ကျုပ်တို့ တတ်နိုင်သလောက်ကူညီလိုက်ပါ့မယ်"

"ကျေးဇူးပါပဲ ခင်ဗျာ"

အဘိုးအိုက လက်ခုပ်တီးလိုက်၏။

'ဖျောင်း ဖျောင်း ဖျောင်း'

လက်ခုပ်သံနှင့် မရှေးမနှောင်းမှာပင် လမ်းဘေးတစ်ဖက်တစ်ချက်ရှိ အိမ်များမှ အိမ်တံခါးများ ပွင့်သွားလေတော့သည်။



ရွာသူရွာသားများ အလျှိုလျှိုထွက်လာကြ၏။

အဘိုးအိုက ...

"အားလုံး နားထောင်ကြပါ ... သူတို့ဟာ ခရီးသည်တွေပါ၊ သူတို့အတွက် ရှေ့ခရီးဆက်နိုင်အောင် ရိက္ခာနဲ့ လိုအပ်တဲ့အသုံးအဆောင်ပစ္စည်းတွေကို အကူအညီပေးလိုက်ကြပါ"

ဟု အမိန့်ပေးလိုက်လေ၏။

❖

www.burmeseclassic.com

www.burmeseclassic.com



ရွာကလေးသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်သည်။

ရှောင်ကျင်းတို့က ရိက္ခာနှင့် လိုအပ်သည့်အသုံးအဆောင်ပစ္စည်းများကို ရယူကာ ရှေ့ခရီးဆက်လာနိုင်ခဲ့ကြလေသည်။

သို့ဖြင့် ...

မြင့်မားသော တောင်တစ်လုံးပေါ်သို့ ရောက်ရှိလာသောအခါ အဝေးမှမီးရောင်များ ထွက်ပေါ်လာသည်ကိုလည်းကောင်း၊ မီးခိုးလုံးများ ထွက်ပေါ်လာသည်ကို လည်းကောင်း တွေ့လိုက်ရ၏။



ရှောင်ကျင်းတို့သည် မြင်းများကို ရပ်တန့်ကာ နောက်ကြောင်း လှည့်ကြည့်လိုက်၏။

ဝမ်းတုံက ...

"မီးလောင်နေတာကွ"

စန်းရယ်က ...

"ငါတို့ ထွက်လာတဲ့ရွာကလေးဆီကကွ"

ရှောင်ကျင်းက ...

"ဒါဆို ... ဝေမျိုးနွယ်စုတွေ ဝင်ပြီး တိုက်ခိုက်နေကြပြီထင်တယ်"

ဝမ်းတုံက ရယ်မောလိုက်၏။

"တော်သေးတာပေါ့ကွာ၊ ငါတို့ ထွက်လာတာ မြန်လို့ပေါ့၊ နည်းနည်းနောက်ကျသွားရင် မလွယ်ဘူး"

ရှောင်ကျင်းက ...

"အင်း ... ငါတို့ လွတ်လာတာတော့ ဟုတ်ပါပြီ၊ ရွာသူရွာသားတွေတော့ ဒုက္ခပါပဲကွာ"

ဟု ညည်းတွားလိုက်လေ၏။

ဝမ်းတုံက ...

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တတ်နိုင်မလဲ ... သူတို့ထိုက်နဲ့ သူတို့ကံပေါ့"

ထိုစကားကြောင့် ရှောင်ကျင်းက ဝမ်းတုံကို တစ်ချက်ကြည့်လိုက်၏။

ဝမ်းတုံက ...

"ဘာဖြစ်လို့လဲကွ"

ရှောင်ကျင်း သက်ပြင်းချလိုက်သည်။

"ဘာမှမဖြစ်ပါဘူးကွာ"

ပမ်းတုံက ...

"အဘိုးကြီး ပြောတဲ့အတိုင်းဆိုရင် အန္တရာယ်များတယ်ကွ၊ ငါတို့ ဒီနယ်က အမြန်ဆုံးထွက်သွားကြမှ ဖြစ်မယ်"

စန်းရယ်က သဘောတူလေ၏။

"ဟုတ်တယ် ... ပြည်မမှာ အခြေအနေမကောင်းလို့ ပြေးလာပါတယ်၊ ဒီနေရာကိုရောက်မှ ဒုက္ခတွေ့ရမယ်ဆိုရင် မဟန်သေးပါဘူး၊ ဒါထက် တို့ ဘယ်ကိုသွားကြမလဲ"

ဝမ်းတုံက ကောင်းကင်ပေါ် မော့ကြည့်လိုက်ပြီး ...

"ခုလောလောဆယ်တော့ ဘယ်သွားရမယ်ဆိုတာ ပြောဖို့ခက်တယ်၊ မီးစဉ်ကြည့်ကကြတာပေါ့၊ ကဲ ... သွားကြပါစို့"



သူတို့သည် ရှေ့ခရီးဆက်သွားကြ၏။

သို့ဖြင့် ...

ညနေဆည်းဆာအချိန်တွင် တောင်ကြားလမ်းတစ်ခုသို့ ရောက်ရှိသွားကြလေတော့၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

တောင်ကြားလမ်းမှာ အဝင်ဝတွင် ကျဉ်းမြောင်းသော်လည်း အတွင်းဘက်၌ တစ်စထက်တစ်စ ကျယ်ဝန်းလာ၏။

ကျောက်တုံး ကျောက်ခဲများ မြေကွက်လပ်များ သစ်ပင်ချုံနွယ်များ စသည်စသည်ဖြင့် ပကတိမြေညီပြင်တစ်ခုပမာ ရှိနေ၏။

ဝမ်းတုံက ...

"တို့ ဒီတောင်ကြားထဲမှာပဲ တစ်ည အနားယူကြရင် ကောင်းမယ်"

ဟု ပြောလိုက်၏။

စန်းရယ်နှင့် ရှောင်ကျင်းတို့ သဘောတူလိုက်ကြလေသည်။

ညအမှောင်တွင် စမ်းတဝါးဝါး ခရီးဆက်ရမည့်အစား လုံလုံခြုံခြုံရှိသော တောင်ကြားလမ်းအတွင်း၌ အနားယူခြင်းက ပိုကောင်းမည် မဟုတ်ပါလား။



သူတို့သည် သစ်ကိုင်းခြောက်များ ကောက်ယူကာ မီးတစ်ခု ပြုလုပ်လိုက်ကြလေ၏။

ရွာကလေးမှယူလာသော အစားအစာများကို စားသောက်လိုက်ကြ၏။

ညဉ့်နက်လာလျှင် မီးပုံအနီး၌ ဝိုင်းဖွဲ့ကာ အိပ်စက်အနားယူလိုက်ကြလေ၏။

❖

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ပေါ်တွင် ကြယ်ကလေးများ မလင်းတစ်လှည့် လင်းတစ်လှည့် ဝင်းလက်တောက်ပ၍ နေလေသည်။

လခြမ်းပဲ့ကလေးသည်လည်း တွဲလွဲခိုလျက်ရှိ၏။

မှုန်ဝါးဝါး ကြယ်ရောင် လရောင်အောက်တွင် တောင်ကြားလမ်းမှာ တိတ်ဆိတ်ငြိမ်သက်၍နေလေ၏။

ဝမ်းတုံနှင့် စန်းရယ်တို့သည် မီးပုံအနီး၌ တခေါခေါဟောက်လျက် အိပ်ပျော်နေကြ၏။

ရှောင်ကျင်းကား အိပ်မပျော်နိုင်သေးပါ။

နဖူးပေါ်လက်တင်ကာ ကောင်းကင်ပေါ်မှ ကြယ်ကလေး



များကို ငေးကြည့်နေမိ၏။

သူသည် အပေါင်းအသင်းများကာ လူဆိုးဓားပြတစ်ယောက် ဖြစ်လာခဲ့ရ၏။

အာဏာသား မင်းမှုထမ်းများ၏ အလိုရှိသူ ဖြစ်ခဲ့ရသည်။

သူ၏ငယ်ရွယ်နုပျိုသောဘဝသည် မကောင်းသည့်အညစ်အကြေးများ စွန်းထင်းပေကျံနေပြီး လူတောထဲ မတိုးဝံ့သည့်ဘဝ ရောက်ရပြီ ဖြစ်၏။

ရှောင်ကျင်းသည် မိုက်မဲခဲ့သည့်အဖြစ်များကို နောင်တရနေမိလေ၏။

ထိုစဉ် ...

'ရွှတ်'

မြည်သံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်ကျင်း ဆတ်ခနဲခေါင်းထောင်လာ၏။

ဟိုဟိုသည်သည် ကြည့်လိုက်ရာ မလှမ်းမကမ်းတွင် လူရိပ်တစ်ခု ရှိနေသည်ကိုတွေ့ လိုက်ရလေ၏။

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်း ရင်ထိတ်သွား၏။

လဲလျောင်းနေရာမှ ကပျာကယာ လူးလိမ့်ထလိုက်ပြီး ...

"ဘယ်သူလဲ"

ဟု မေးလိုက်လေ၏။

လှုရိပ်သည် ရွေ့တိုးလာ၏။

လေနှင့်အတူ လွင့်မျောလာသည်ဟုပင် ထင်ရ၏။

ညင်သာစွာရွေ့လျားလာရင်း ရှောင်ကျင်းနှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာလေ၏။

ထိုအခါ ရှေးဟောင်း နန်းတွင်းအဝတ်အစားများ ဝတ်ဆင်ထားသည့် မိန်းမပျို တစ်ယောက် ဖြစ်နေသည်ကို တွေ့ရလေ၏။

ထိုမိန်းမပျိုသည် နတ်မိမယ်အလား ချောမောလှပသူလည်း ဖြစ်၏။

သူမထံမှ မွှေးကြိုင်သင်းပျံ့သောရနံ့များ ထွက်ပေါ်နေသည်။

ရှောင်ကျင်း မျက်လုံးပြူးသွား၏။

တွေ့မြင်နေရသောမြင်ကွင်းကို မယုံကြည်နိုင်အောင် ဖြစ်သွား၏။



ပါးစပ်အဟောင်းသားဖြင့် မိန်းမပျိုအား ငေးမောကြည့်နေမိ၏။

ထိုစဉ် မိန်းမပျိုထံမှ ချိုလွင်သာသာသော စကားသံလေး ထွက်ပေါ်လာလေ၏။

"ရှင်တို့အတွက် အန္တရာယ်ကျရောက်လာတော့မယ်၊ ဒီနေရာက မြန်မြန်ထွက်သွားကြစမ်း"

"ဗျာ"

ရှောင်ကျင်း အံ့သြသွားလေ၏။

"ကျုပ် ကျုပ်တို့"

"မြန်မြန်ထွက်သွားကြပါတော့"

မိန်းမပျို အသံသည် အလွန်အရေးကြီးနေသော အသံမျိုး ဖြစ်ပါတော့၏။

ရှောင်ကျင်းက ဝမ်းတုံနှင့် စန်းရယ်တို့အား လှမ်းကြည့်လိုက်မိ၏။

ဝမ်းတုံတို့ အိပ်ကောင်းနေကြဆဲ၊ တခေါခေါဟောက်သံများ မှန်မှန်ထွက်ပေါ်နေဆဲ၊ နန်းဝတ်နန်းစားနှင့် မိန်းကလေး ရောက်လာသည်ကို သူတို့ မသိနိုင်ကြပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းက ဝမ်းတုံတို့အား နှိုးဖို့ဟန်ပြင်လိုက်၏။

ထိုစဉ် ...

'ဝူး'

'ဝူး'

'ဝူး'

တောခွေးအူသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

ရှောင်ကျင်း ခေါင်းနားပန်းကြီးသွားလေ၏။

မွှေးကြိုင်သောရနံ့များလည်း ရုတ်ခြည်းပျောက်ကွယ်သွားသဖြင့် ရှောင်ကျင်းက မိန်းမပျိုဘက်သို့ လှည့်ကြည့်လိုက်မိလေ၏။

"ဟာ"

ရှောင်ကျင်း တအံ့တသြရေရွတ်လိုက်မိပါ၏။

အကြောင်းကား နန်းဝတ်နန်းစားနှင့် မိန်းမပျိုအား မတွေ့ရတော့ခြင်းကြောင့် ဖြစ်၏။

"ဘယ်ရောက်သွားပါလိမ့်"

ရှောင်ကျင်းက ပတ်ဝန်းကျင်သို့ ကျီးကန်းတောင်းမှောက် ရှာဖွေကြည့်လိုက်၏။



မိန်းမပျို၏ အရိပ်အယောင်ကိုမျှပင် မတွေ့ရတော့ပါ။

ထိုမိန်းမပျို မည်သည့်နေရာ ရောက်ရှိသွားပါသနည်း။

ရှောင်ကျင်း မနေနိုင်တော့သည့်နောက်ဆုံး အိပ်ပျော်နေကြသော ဝမ်းတုံတို့အား နှိုးကာ အကျိုးအကြောင်း ပြောပြလိုက်၏။

ဝမ်းတုံနှင့် စန်းရယ်တို့က သူ့အားကြည့်ကာ ...

"ဟား ဟား ဟား"

"ဟား ဟား ဟား"

ဟားတိုက်ရယ်မောလိုက်ကြ၏။

ရှောင်ကျင်းက ...

"မင်းတို့ ဘာရယ်တာလဲ"

ဟု မကျေမနပ် မေးလိုက်၏။

ဝမ်းတုံက ...

"မင်းကို သဘောကျလို့ပေါ့"

"ဘာ"

"မင်းက ကယောင်ချောက်ချားနဲ့ အိပ်မက် မက်နေတာဖြစ်မှာပေါ့"

"မဟုတ်ဘူးကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မင်းပြောတဲ့အမျိုးသမီးက ဘယ်မှာလဲ"

စန်းရယ်ကလည်း ...

"ဟုတ်တယ်လေ ... မင်း ပြောတာမှန်တယ်၊ သူက ဒီအနီး ပတ်ဝန်းကျင်မှာ ရှိနေရမှာပေါ့ကွ"

"ငါ လိမ်ပြောတာ မဟုတ်ဘူး"

"မင်းကို လိမ်ပြောတယ်လို့လည်း မဆိုလိုပါဘူး၊ ဒါပေမဲ့ မင်းက အိပ်မက်မက်ပြီး ကယောင်ချောက်ချား ဖြစ်နေတာတော့ သေချာတယ်"

"တော် ... တော်ကွာ"

ရှောင်ကျင်း စိတ်ဆိုးသွား၏။

မီးပုံဘေး၌လှဲချလိုက်၏။

"ငါ့စကားကို မယုံရင် မပြောတာဘဲကောင်းတယ်၊ ငါ အိပ်တော့မယ်"

ဝမ်းတုံနှင့် စန်းရယ်တို့က ရယ်မောလိုက်ကြ၏။

"ကောင်းတာပေ့ါကွာ ... အိပ်ရေးဝဝအိပ်ရတော့ အားရှိတာပေ့ါ၊ ငါတို့ကို နောက်တစ်ခါ ဒါမျိုး မစတော့နဲ့"

ရှောင်ကျင်း ဘာမှမပြောဘဲ နေလိုက်၏။



ဝမ်းတုံနှင့် စန်းရယ်တို့လည်း မှုလနေရာတွင် ပြန်လှဲချပြီး အိပ်စက်လိုက်ကြ၏။

မကြာပါချေ။

သူတို့နှစ်ယောက် တခေါခေါဟောက်သံ ထွက်ပေါ်လာ လေတော့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းတုံ့နှင့်စန်းရယ်တို့ အိပ်ပျော်သွားကြပြန်ပြီဖြစ်သည်။

ရှောင်ကျင်းကား အိပ်မပျော်နိုင်သေးပါ။

ကြုံတွေ့လိုက်ရသောအဖြစ်ကို မယုံကြည်နိုင်အောင် ဖြစ်နေရသည်။

"သူက ဘယ်သူလဲ၊ ဘယ်က ဘယ်လိုရောက်လာတာလဲ၊ ငါတို့ကို ဘာကြောင့် သတိပေးရတာလဲ၊ ချက်ချင်းပျောက်ကွယ်သွားရတာကော ဘာဖြစ်လို့လဲ"

စသည်စသည်ဖြင့် အမျိုးမျိုးတွေးတော စဉ်းစားနေမိလေသည်။



သို့သော် ...

ထိုမေးခွန်းများသည် မယ်မယ်ရရ အဖြေမရှိပါ။

နန်းဝတ်နန်းစားနှင့် ကာယကံရှင်မိန်းကလေးသာလျှင် ဖြေဆိုနိုင်လိမ့်မည်ဖြစ်လေ၏။

ရှောင်ကျင်းသည် အတွေးကြွယ်နေခဲ့ရာ အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားပြီး မိုးလင်းလုလုအချိန်ရောက်တော့မှ မှေးခနဲ အိပ်ပျော်သွားလေတော့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်း မှေးခနဲ အိပ်ပျော်သွား၏။

ထိုစဉ် လည်ပင်းတွင် စူးရှ ချွန်ထက်သောအရာဝတ္ထုတစ်ခုက လာရောက်ထိုးဆွလိုက်သဖြင့် ဖျတ်ခနဲ လန့်နိုးလာလေ၏။

ထိုအခါ အရှေ့ဘက်တွင် အရုဏ်ဦး၏ ရောင်နီများ ထွက်ပေါ်လာနေပြီ၊ ပတ်ဝန်းကျင်မှာလည်း လင်းလင်းကျင်းကျင်း ဖြစ်လာသည်ကို တွေ့ရ၏။

အလင်းရောင်ကြောင့် သူ့အား အပေါ်စီးမှမိုးကာ ရပ်နေသူတစ်ယောက်ကို တွေ့လိုက်ရ၏။

ထိုလူမှာ ဝက်ဝံသားရေဖြင့် ချုပ်ထားသည့် ချိုင်းပြတ်



အဝတ်အစား ဝတ်ထား၏။

သူ၏အသားအရေသည် ကြေးနီရောင် တဖိတ်ဖိတ်တောက်ပလျက် အလွန်သန်မာထွားကြိုင်းသူဖြစ်ကြောင်း ပေါ်လွင်နေသည်။

သူ၏ဆံပင်များသည် နီကြွင်ကြွင်အရောင်အဆင်းရှိရာ တွန့်လိမ်ကောက်ကွေး၍နေ၏။

မျက်နှာမှာ လေးထောင့်စပ်စပ် ခက်ထန်ကြမ်းတမ်းသည့် အသွင် ရှိလေသည်။

ထိုလူသည် ဓားတစ်လက်ဖြင့် ရှောင်ကျင်း၏လည်ပင်းကို ထောက်ထားလေသည်။

ရှောင်ကျင်း ထိတ်လန့်သွားပြီး ...

"ခင် ခင်ဗျား"

ထိုလူက ...

"စကား မများနဲ့ ... ထစမ်း"

ခုခံဖို့လည်း မကြိုးစားနဲ့ ... သေသွားမယ်"

ဟု ငေါက်လိုက်လေ၏။

"ကောင်း ကောင်းပါပြီဗျာ"

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေအရ ထိုလူ၏စကားကို နားထောင်မှဖြစ်မည်ဟု နားလည်သဖြင့် ရှောင်ကျင်းက ဖြည်းဖြည်းချင်း ထလိုက်သည်။

ဝမ်းတုံနှင့်စန်းရယ်တို့အား မသိမသာ လှမ်းကြည့်လိုက်၏။

ထိုအခါ ဝမ်းတုံနှင့်စန်းရယ်တို့သည်လည်း ဝက်ဝံရေ အင်္ကျီဝတ် လူသန်ကြီးများ၏ ဖမ်းဆီးမှု ခံနေရသည်ကိုတွေ့ရ၏။

ထိုလူသန်ကြီးများသည် စန်းရယ်တို့အား ကြိုးများဖြင့် တုပ်နှောင်ရန် ဟန်ပြင်နေကြ၏။

ရှောင်ကျင်း ထိတ်လန့်သွား၏။

ဒေသခံကျေးရွာကလေး၏ ရွာသူကြီး ပြောကြားချက်အရ ရက်စက်ကြမ်းကြုတ်သော ဝေမျိုးနွယ်စုများနှင့် ရင်ဆိုင်နေရပြီဟုလည်း နားလည်လိုက်လေ၏။

သူတို့ အား ဖမ်းဆီးခေါ်ဆောင်သွားပြီး သူတို့၏ကံကြမ္မာကို မည်သို့ဆုံးဖြတ်မည်ကို မသိနိုင်ပါ။

ရှောင်ကျင်း၏တစ်ကိုယ်လုံး ချွေးများစို့ရွှဲလာ၏။

သူ့အား ဓားဖြင့် ချိန်ရွယ်ထားသူက သူ၏အဖော်တစ်ယောက်ဘက်သို့ လှည့်ကာ ...

"ကြိုးတစ်ချောင်း ယူခဲ့ဟေ့"



ဟု ပြောလိုက်လေ၏။

ထိုလူ တစ်ဖက်လှည့်လိုက်သော အချိန်လေးကို အခွင့်ကောင်းယူကာ ရှောင်ကျင်းက လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေ၏။

ထိုလူ၏ဓားကိုင်ထားသောလက်ကို တွန်းဖယ်ကာ ရင်ဘတ်ကို ဦးခေါင်းဖြင့်ပင် ဆောင့်ပစ်လိုက်ခြင်း ဖြစ်လေသည်။

ထိုလူမှာ မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် ဤတွင် ထိုလူ၏အဖော်များ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

"တိုက်ကြဟေ့"

ဗြာသံပေးကာ ရှောင်ကျင်းအား တရကြမ်း တိုက်ခိုက်လာကြလေတော့သည်။

ထိုလူများက ရှောင်ကျင်းထံ အာရုံရောက်သွားချိန်၌ ...

"ယား"

ဝမ်းတုံနှင့်စန်းရယ် တို့သည် အတင်းရုန်းကန်ပြီး ခုန်ထလာကြသည်။

အနီးရှိ လူများအား တိုက်ခိုက်လိုက်ကြလေ၏။

ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာသည်။

'ဝုန်း'

www.burmeseclassic.com

www.burmeseclassic.com



"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေတော့သည်။

❖



နေဝန်းနီမှာ အရှေ့ဘက်မှထွက်ပေါ်လာပြီဖြစ်ပါသည်။

နေရောင်ခြည်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှ နေ၏။

သို့သော် တောင်ကြား လမ်းအတွင်း၌ အကျည်းတန် အရု ဆိုးသော မြင်ကွင်းကို တွေ့ရမည်ဖြစ်လေ၏။

ဆံပင်နီကြင်ကြင်နှင့် ဝက်ဝံရေအင်္ကျီ ဝတ်ဆင်ထားသူတ စုမှာ မြေပေါ်တွင် ဖရိုဖရဲလဲကျနေလေ၏။

ရှောင်ကျင်း၊ စန်းရယ်နှင့် ဝမ်းတုံတို့သုံးယောက်ဘ မောကြီ ပန်းကြီး ရပ်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ကံကောင်းထောက်မပြီး အသက်ဘေးမှ လွတ်မြောက်လာခဲ့ကြပြီ ဖြစ်လေသည်။

ရှောင်ကျင်းက …

"ငါပြောသားပဲ … အန္တရာယ်ကြုံတွေ့ရတော့မယ်လို့"

ဟု ရေရွတ်လိုက်သည်။

ဝမ်းတုံက …

"အင်း … မင်းရဲ့အိပ်မက်က မှန်နေပါလား"

စန်းရယ်က …

"ဒါမျိုးက ဖြစ်ခဲတယ်၊ အတော့်ကို တိုက်ဆိုင်တာပဲကွ"

ဟု ပြောလေ၏။

ရှောင်ကျင်း ခေါင်းကုတ်လိုက်၏။

"ငါလည်း မပြောတတ်တော့ပါဘူးကွာ၊ ကဲ … တို့ ဒီနေရာမှာ ကြာကြာဆက်နေလို့ မဖြစ်ဘူး … သွားရအောင်"

"ကောင်းပြီ"

သူတို့ ထွက်သွားရန် ဟန်ပြင်လိုက်ကြ၏။

ထိုအခါမှ သူတို့စီးနင်းလာသော မြင်းသုံးကောင် ပျောက်ခြင်းမလှ ပျောက်ဆုံးနေကြောင်း တွေ့ရ၏။



"မြင်းတွေ မရှိတော့ဘူး"

"တို့ ဘယ်လိုလုပ်ကြမလဲ"

သုံးယောက်သား အခက်ကြုံသွားကြ၏။

ဝမ်းတုံက …

"အခုမှတော့ ဘာတတ်နိုင်မှာလဲ … ဒီအတိုင်းပဲ သွားကြတာပေါ့"

မတတ်သာသည့်အဆုံး သုံးယောက်သား ခြေလျင်ခရီးထွက်လာခဲ့ကြတော့၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

တောင်ပေါ်လေ တဟူးဟူး တိုက်ခတ်နေလေ၏။

အေးစိမ့်မှုက ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံထားလေတော့သည်။

ဖြူဖွေးသော ဆီးနှင်းများလည်း ကျရောက်လာ၏။

တောင်ပေါ်ဒေသသို့ရောက်လာကြသော ရှောင်ကျင်းတို့မှာ အခက်ကြုံနေရ၏။

အရှေ့အနောက် တောင်မြောက် အရပ်လေးပါး ဘယ်ဝယ်ဘယ်ဆီ မသိနိုင်တော့ပါ။

သူတို့သည် မြောက်ဘက်တောင်တန်းဒေသမှ မြို့ရွာတစ်ခုခုသို့သွားကာ ဇာတ်မြှုပ်ပုန်းအောင်းနေမည်ဟူသော စိတ်ကူးဖြင့် ထွက်လာခဲ့ကြခြင်းဖြစ်၏။

ယခုတော့ ...



မမျှော်လင့်မိသော အခက်အခဲ၊ အန္တရာယ်များနှင့် ကြုံတွေ့နေရပြီ ဖြစ်၏။

သုံးယောက်သား လေကိုဆန်ကာ ခရီးနှင်လာရင်း ပင်ပန်းနွမ်းနယ်လာ၏။

စန်းရယ် မကျေမနပ် ဖြစ်လာ၏။

"ဝမ်းတုံ ... မင်းကြောင့် ငါတို့ခုလို ဒုက္ခရောက်ရတာကွ"

ဟု ပြောလိုက်၏။

ဝမ်းတုံက ...

"ဘာကွ"

စန်းရယ်က ...

"မင်းက မြောက်ဘက် တောင်တန်းကို ပြေးမယ်ဆိုလို့လိုက်လာကြတာ၊ ခုတော့ အမှားကြီး မှားနေပြီ"

ဝမ်းတုံက ...

"ဒါဖြင့် မင်းဘာကြောင့် ပြည်မမှာ မနေခဲ့တာလဲ၊ မင်းသာ နေခဲ့မယ်ဆိုရင် အာဏာသား မုထင်းက မင်းကိုဖမ်းပြီး လည်ပင်းဖြတ်ပစ်လိုက်တာ ကြာပြီ"

စန်းရယ်က ...

www.burmeseclassic.com



"ငါက သူ့ကို မကြောက်သေးပါဘူး"

ဝမ်းတုံက ...

"ဒါဖြင့် မင်းဘာဖြစ်လို့ လိုက်လာသေးလဲ၊ မကျေနပ်ရင် နောက်လှည့်ပြန်ပေါ့ကွာ"

စန်းရယ်က ...

"အေး ... ငါပြန်မယ်"

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွား၏။

ရှောင်ကျင်း ရင်ထိတ်သွား၏။

"စန်းရယ် ... မင်းဘယ်သွားမလို့လဲ"

ဟု အော်ပြောလိုက်လေ၏။

စန်းရယ်က လှည့်ပင်မကြည့်ချေ။

ရှောင်ကျင်းက ...

"စန်းရယ် ... နေဦး"

ချက်ချင်းပင် ပြေးလိုက်သွားရန် ဟန်ပြင်လိုက်လေတော့သည်။

ဝမ်းတုံ ဟန့်တားလိုက်၏။

"သွားစမ်းပါစေ ... တားမနေစမ်းပါနဲ့"



"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲကွာ၊ တို့သုံးယောက် အတူတူ လာခဲ့ကြတာပဲ ..., ဆိုးတူကောင်းဘက်ပေါ့"

"အပိုတွေ ပြောမနေနဲ့၊ သူက တို့နဲ့မလိုက်ချင်လို့ လမ်းခွဲသွားတာ၊ သူ့ကိုခယယ လိုက်ခေါ်ရမှာလား"

"ဟူး ... ခက်ပါတယ်ကွာ"

ရှောင်ကျင်းသည် စန်းရယ်နှင့် ဝမ်းတုံတို့ နှစ်ယောက်ကြားတွင် ဗျာများသွားလေ၏။

စန်းရယ်သည် အတော်ဝေးဝေးသို့ ရောက်ရှိသွားပြီ ဖြစ်သည်။

ရှောင်ကျင်းက ...

"သူစိတ်ဆိုးနေတုန်း ပြောတာပါကွာ၊ ဖွေမယူပါနဲ့"

ပြောပြီး စန်းရယ်နောက်သို့ ပြေးလိုက်သွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ် မမျှော်လင့်သော အဖြစ်တစ်ခု ပေါ်ပေါက်လာလေ၏။

စန်းရယ်က ခြေလှမ်းတုံ့ခနဲရပ်သွား၏။

ရှေ့ဆက်မသွားတော့ဘဲ နောက်ကြောင်းလှည့်ကာ ပြန်

www.burmeseclassic.com

www.burmeseclassic.com



ပြေးလာသည်ကို တွေ့မြင်လိုက်ရ၏။

ရှောင်ကျင်းသာမက ဝမ်းတုံပါ အံ့သြသွားကြလေသည်။

ဝမ်းတုံက ...

"ဘာဖြစ်တာပါလိမ့်"

ဟု ရေရွတ်လိုက်၏။

ထိုအခိုက်မှာပင် ...

'ဗုစ် ဗုစ် ဗုစ်'

'ထောက် ထောက် ထောက်'

မြားတံများသည် အရပ်လေးမျက်နှာမှ ပစ်လွှင့်လာကာ တဖွဲဖွဲကျလာလေ၏။

"ဟ ... ရန်သူတွေပါလား"

ဝမ်းတုံ ထခုန်လိုက်၏။

ဝက်ဝံသားရေအင်္ကျီ ဝတ်ဆင်ထားသော ဝေမျိုးနွယ်များသည် ဟိုမှသည်မှ ထွက်ပေါ်လာ၏။

ဓားလှံလက်နက်များ ဆွဲကိုင်ကာ တစ်ဟုန်ထိုး လွှားလာကြသည်ကို တွေ့မြင်လိုက်ရ၏။

ဆက်၍မပြေးနိုင်တော့သဖြင့် ကျောက်ဂူထဲသို့ ဝင်ကာ



ပုန်းအောင်းနေလိုက်လေ၏။

မကြာပါချေ ...

ပြေးလွှားလာကြသော ခြေသံများကို ကြားလိုက်ရလေသည်။

နောက်မှ လိုက်လာကြသူများ သည် ကျောက်ဂူရှေ့သို့ ရောက်ရှိလာကြပြီ ဖြစ်လေ၏။

"ခြေရာတွေ ဒီနေရာမှာ ပျောက်သွားတယ်ကွ"

"ကျောက်ဂူထဲကို ဝင်သွားတာပဲဖြစ်မယ်"

"ဂူပေါက်ကိုဝိုင်းပြီး စောင့်နေကြ၊ ငါတို့နှစ်ယောက် အထဲဝင်မယ်"

"ကောင်းပြီ"

ကျောက်ဂူအပြင်ဘက်မှ တစ်ယောက်တစ်ပေါက် ပြောဆိုသံများ ထွက်ပေါ်လာသည်ကို ကြားရလေ၏။

တစ်ဆက်တည်းပင် ...

ကျောက်ဂူထဲဝင်လာသည့် လူရိပ်နှစ်ခုကို တွေ့လိုက်ရလေ၏။

ရှောင်ကျင်း စိတ်ပျက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူက ကျောက်ဂူထဲသို့ ဝင်ရောက်လာပြီဖြစ်ရာ မည်သည့်နည်းနှင့်မဆို ရင်ဆိုင်ရတော့မည်ဖြစ်လေ၏။

အံတင်းတင်းကြိတ်ကာ လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းထားလိုက်ပြီး ရင်ဆိုင်ရန် အသင့်ပြင်ထားလိုက်လေ၏။

ထိုစဉ် ...

သူ၏နှာခေါင်းထဲ၌ အလွန်မွှေးကြိုင်သင်းပျံ့သော ရနံ့တစ်ခုကို ရှူရှိုက်လိုက်ရလေ၏။

ရှောင်ကျင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေ၏။

သူက အိပ်မက်မက်ခဲ့သည်ဟု ထင်ခဲ့ရသော ထူးဆန်းသည့် နန်းဝတ်နန်းစားနှင့် အမျိုးသမီးကို ဖျတ်ခနဲ သတိရလိုက်မိ၏။

ဟိုဟိုသည်သည် ရှာဖွေကြည့်လိုက်ရာ မလှမ်းမကမ်း၌ အမျိုးသမီးတစ်ယောက်၏ အရိပ်သဏ္ဌာန်တစ်ခုကို တွေ့လိုက်ရလေ၏။ ရှောင်ကျင်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။

ထိုအချိန်မှာပင် ရန်သူနှစ်ယောက်သည်လည်း ကျောက်ဂူထဲသို့ ရောက်လာကြပြီ ဖြစ်လေ၏။

ရန်သူတို့သည် ရှောင်ကျင်းကို မတွေ့မြင်မီ လှပချောမောသော နန်းတွင်းသူကို တွေ့မြင်သွားကြ၏။



သူတို့သည် ...

"အမယ်လေးဗျ"

ကြောက်လန့်တကြား အော်လိုက်ကြပြီး ကျောက်ဂူအပြင်ဘက်သို့ ပြန်လည် ပြေးထွက်သွားကြလေတော့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဂူထဲ ဝင်လာသူနှစ်ယောက် အထိတ်တလန့်ဖြင့် ပြေးထွက်သွားကြ၏။

ကျောက်ဂူအပြင်ဘက်၌ ဆူဆူညံညံ စကားသံများ ထွက်ပေါ်လာ၏။

မကြာပါချေ ...

အဝေးသို့ ထွက်ခွာသွားကြသော ခြေသံများကို ကြားလိုက်ရလေ၏။

ရန်မူဖို့ လိုက်လာကြသူများ ထွက်သွားကြပြီဖြစ်ကြောင်း ထင်ရှားနေလေ၏။



ရှောင်ကျင်းက နဖူးပေါ်မှ ချွေးများကို သုတ်လိုက်၏။

နန်းတွင်းသူကို ဦးညွှတ် ဂါရဝပြုလိုက်ပြီး ...

"ကျုပ်ရဲ့အသက်ကို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

ဟု ပြောလိုက်လေ၏။

နန်းတွင်းသူက ...

"ကျွန်မနောက် လိုက်ခဲ့ပါ"

အလွန်ကြည်လင်သာယာသောအသံဖြင့်ပြောကာ ကျောက်ဂူအတွင်းပိုင်းသို့ ဝင်သွားလေ၏။

ရှောင်ကျင်း ငိုင်နေ၏။

ထိုအမျိုးသမီးသည် မည်သူမည်ဝါ ဖြစ်ပါသနည်း။

အဘယ်ကြောင့် ... သူ၏အသက်ကို ကယ်တင်ခဲ့ရပါသနည်း။

သူ့အား မည်သည့်နေရာသို့ ခေါ်ဆောင်သွားမည်နည်း။

အတန်ကြာ တွေးတောစဉ်းစားပြီးမှ ...

"သူက ငါ့အသက်ကို ကယ်တင်ခဲ့တယ်ဆိုတော့ ဒုက္ခပေးမှာ မဟုတ်ပါဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးကာ နန်းတွင်းသူ နောက်သို့ လိုက်သွားလေတော့သည်။

❖ ❖ ❖



အခန်း (၄)

ကျောက်ဂူသည် ကြီးမားပြီး ရှည်လျားကျယ်ဝန်းလှပေသည်။

ကျောက်ဂူနံရံမှ သလင်းကျောက်များက ပြာလဲ့လဲ့အရောင်များ ထွက်ပေါ်နေခြင်းဖြင့် ကျောက်ဂူအတွင်း၌ အလင်းရောင်ကောင်းစွာရနေ၏။

နန်းတွင်းသူသည် ရှောင်ကျင်းအား လိုက်ခဲ့ဖို့ခေါ်ပြီးမှ ရှေ့မှ ထွက်သွားရာ တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေ၏။

ရှောင်ကျင်း လိုက်သွားသော်လည်း နန်းတွင်းသူကို မတွေ့ရပါချေ။

"သူ ဘယ်ရောက်သွားပါလိမ့်"

ဟု တွေးလိုက်ပြီး ဟိုဟိုသည်သည် ကြည့်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



နန်းတွင်းသူကို မတွေ့ရဘဲ ကျောက်ဂူတစ်ဖက်ထွက်ပေါက်ကို တွေ့မြင်လိုက်ရ၏။

သာယာသည်းပျောင်းသော လေပြည်လေညင်း တိုက်ခတ်ဝင်ရောက်လာ၏။

မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ လွင့်ပျံလာသည်။

ကျေးငှက်သာရကာလေးများ၏ဘာသာဘာဝ တေးသီကြွေးသံကို ကြားနေရ၏။

ရှောင်ကျင်းက ကျောက်ဂူအပြင်ဘက်သို့ လှမ်းထွက်လိုက်သည်။

ကျောက်ဂူအပြင်ဘက်သို့ရောက်သည်နှင့် ကမ္ဘာသစ်တစ်ခုသို့ရောက်သွားသည် ထင်လိုက်ရလေ၏။

အဝေးတွင် နှင်းဖုံးနေသော တောင်ထွတ်ကြီးများဝိုင်းရံနေသည်ကို တွေ့မြင်နေရ၏။

တောင်ထွတ်များ ဝိုင်းရံထားသည့်အလယ်တွင် ချိုင့်ဝှမ်းကြီးတစ်ခုရှိနေသည်။

ချိုင့်ဝှမ်းအတွင်း၌ စိမ်းလန်းသော တောအုပ်များ၊ ရောင်စုံပန်းခင်းများ ဖုံးလွှမ်းထား၏။



မြင့်မားလှသော တောင်ကြီးပေါ်မှ ကျဆင်းလာသည့်ရေတံခွန်တစ်ခုနှင့် တသွင်သွင်စီးဆင်းသွားသော စမ်းချောင်းလေးကိုလည်း တွေ့မြင်ရသည်။

ရှောင်ကျင်းသည် လုံးဝမျှော်လင့်မထားသော မြင်ကွင်းကိုတွေ့လိုက်ရသဖြင့် မှင်တက်မိသွားလေ၏။

ရင်သပ်ရှုမော အံ့ဩမဆုံးအောင် ဖြစ်သွားရလေသည်။

နန်းတွင်းသူ၏အရိပ်အယောင်ကိုကား မတွေ့ရတော့ပါ။

ရှောင်ကျင်းသည် အတန်ကြာ ငေးမောကြည့်နေပြီးမှ သတိဝင်လာပြီး ...

"ဘယ်ရောက်သွားပါလိမ့်"

ဟိုဟိုဒီဒီ ရှာဖွေကြည့်လိုက်မိလေ၏။

ဤတွင် ...

စမ်းချောင်းလေးနှင့် မလှမ်းမကမ်း တောအုပ်ရှေ့တွင် သစ်လုံးများဖြင့် ဆောက်လုပ်ထားသော အိမ်ကလေးတစ်လုံး ရှိနေသည်ကို တွေ့မြင်လိုက်ရလေ၏။

ရှောင်ကျင်း စိတ်ဝင်စားသွား၏။

ထိုအိမ်ကလေးဆီသို့ လှမ်းသွားလိုက်သ၏။

www.burmeseclassic.com

www.burmeseclassic.com



သစ်လုံးအိမ်ကလေးမှာ နေချင့်စဖွယ်ကောင်းလှပါသည်။

အိမ်ရှေ့တံစက်မြိတ်အောက်မှ သစ်သားတန်းပေါ်တွင် အလွန်တတ်သိနားလည်သော ကတ္တဝါတစ်ကောင် ရှိနေ၏။

ထိုကတ္တဝါသည် ရှောင်ကျင်းရောက်လာသည်ကို မြင်လျှင်...

"ဧည့်သည်လာပြီ ဧည့်သည်လာပြီ"

"မင်္ဂလာပါ"

ဟူ၍ ဆီးကြို နှုတ်ဆက်လာ၏။

ရှောင်ကျင်းပင် ကြောင်အမ်းအမ်းဖြစ်သွားပြီးမှ သဘောကျစွာ ရယ်မောလိုက်၏။

ထိုစဉ် အိမ်ထဲမှ အဘိုးအိုတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေ၏။

ထိုအဘိုးအိုသည် ဝတ်ဖြူစင်ကြယ်ဝတ်ထားပြီး၊ သူတော်စင် တစ်ပါးနှင့်တူလှသည်။

အလွန်တည်ကြည်ခန့်ညားသော ရုပ်သွင်လည်း ရှိလေ၏။

အဘိုးအိုသည် ကတ္တဝါကြီးကို ပွတ်သပ်ပေးလိုက်ပြီးမှ ရှောင်ကျင်းကို ကြည့်ကာ ...



"ဩော် ... ဧည့်သည် ရောက်လာတာကိုး"

ဟု ပြောလိုက်လေ၏။

အဘိုးအိုက ...

"မင်းရောက်လာမယ်ဆိုတာ ကျုပ်သိပါတယ်ကွယ်"

"ဗျာ"

"မင်းကို အိပ်မက်သူဇာက လမ်းပြပေးခဲ့တာ မဟုတ်လား"

"ကျွန် ... ကျွန်တော်"

ရှောင်ကျင်း မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေ၏။

အဘိုးအို ပြုံးလိုက်၏။

"ဒီနေရာကို လူစိမ်းတစ်ယောက် ရောက်လာဖို့ ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ မင်းကို အိပ်မက်သူဇာက လမ်းပြပေးလို့ ရောက်လာတယ်ဆိုတာ ကျုပ်သိပါတယ်"

ရှောင်ကျင်းက ...

"အိပ် အိပ်မက် သူဇာဆိုတာ"

အဘိုးအိုက ...

"မင်းကို လမ်းညွှန်ပေးခဲ့တဲ့ နန်းတွင်းသူလေးပေါ့"

"ဟာ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်း လွှတ်ခနဲအော်လိုက်လေ၏။

အဘိုးအိုက ...

"ကဲ ... အထဲကိုဝင်ပါဦး"

ဟု ဖိတ်ခေါ်လေ၏။

ရှောင်ကျင်းလည်း အံ့သြခြင်းကြီးစွာဖြင့် လိုက်သွားသည်။

အိမ်ထဲရောက်သွားလျှင် စားသောက်ဖွယ်ရာများ အဆင်သင့်ပြင်ထားသည်ကို တွေ့ရလေ၏။

ဧည့်သည်တစ်ယောက် ရောက်ရှိလာမည်ကို ကြိုတင်သိရှိနေပြီး ပြင်ဆင်ထားသည့် သဘောဖြစ်၏။

အဘိုးအိုက ...

"မင်းဗိုက်ဆာနေပြီ မဟုတ်လား၊ ဘာမှအားနာစရာမလိုဘူး၊ စားလိုက်ပါကွယ်"

ဟု ဧည့်ခံကျွေးမွေးလာလေ၏။

ရှောင်ကျင်းသည် အမှန်ပင် ဆာလောင်မွတ်သိပ်နေပြီ ဖြစ်ပါသည်။

ထို့ကြောင့် ဟန်မဆောင်နိုင်ဘဲ ...

"ကျေးဇူးပါပဲဗျာ"



ဟု ပြောကာ အားရပါးရစားသောက်လိုက်လေ၏။

အဘိုးအိုက သူ့အား ပြုံး၍ကြည့်နေ၏။

စားသောက်ဖွယ်ရာများမှာ လွန်စွာမှပင် အရသာရှိလှပေသည်။

ရှောင်ကျင်း တစ်ခဏအတွင်းမှာပင် ဗိုက်ပြည့်သွား၏။

ဝမ်းဗိုက်ကို လက်ဖြင့်ပွတ်ရင်း ...

"ကျေးဇူးပါပဲ ခင်ဗျာ"

ဟု ပြောလိုက်၏။

အဘိုးအိုက ...

"ကျုပ်ကို ကျေးဇူးတင်စရာမလိုပါဘူးကွယ်၊ အိပ်မက်သူဇာက ကျုပ်ကို ကြိုတင်သတိပေးခဲ့လို့ မင်းရောက်လာမယ်ဆိုတာ ကျုပ်သိနေပြီး စားစရာသောက်စရာ ပြင်ဆင်ပေးထားနိုင်တာပေါ့"

ရှောင်ကျင်းက ...

"ကျွန်တော်က အိပ်မက်သူဇာကို ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ သူ့ကို တွေ့ခွင့်ရရင် တွေ့ချင်ပါတယ်"

ဟု ပြောလိုက်၏။

အဘိုးအိုက ...

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မင်းတွေ့ချင်တယ်ဆိုရင် တွေ့ရမှာပါ၊ ဒါပေမဲ့ ခုတော့ မဟုတ်သေးဘူး၊ သူက မင်းကို တွေ့ခွင့်ပြုမှသာ တွေ့ရလိမ့်မယ်"

ရှောင်ကျင်းသည် ထူးခြားသူများနှင့် ကြုံတွေ့နေရပြီဟု နားလည်လိုက်လေ၏။

အရာရာကို သတိထားနိုင်မှဖြစ်မည်ဟု ဆင်ခြင်မိလိုက်လေသည်။

ထို့ကြောင့် စောဒကမတက်ဘဲ နေလိုက်၏။

အဘိုးအိုက ...

"မင်းဟာ အင်မတန် ကံထူးတဲ့ လူငယ်လေးတစ်ယောက်ပါပဲ၊ မြောက်ပိုင်းဒေသက တောင်ကိုးလုံးဒေသဟာ အလွန်အန္တရာယ်များတဲ့ အရပ်ဒေသတစ်ခု ဖြစ်နေပြီ ...၊

ဟိုး နယ်ခြားတစ်ဖက်ကနေ ဝင်ရောက်လာကြတဲ့ ဝေမျိုးနွယ်စုတွေကြောင့်ပဲ၊ ဒါပေမဲ့ သူတို့ဟာ အိပ်မက်သူဇာကိုတော့ ရင်မဆိုင်ဝံ့ကြပါဘူး၊ ဒါကြောင့်လည်း ခုချိန်ထိ မင်းရဲ့အသက်နဲ့ခန္ဓာကိုယ် တည်မြဲနေတာပေါ့"

ရှောင်ကျင်းက ...



"ဦးဟာ အိပ်မက်သူဇာနဲ့ ဘယ်လိုပတ်သက်နေတယ်ဆိုတာ ပြောပြပါလားဗျာ"

ဟု မေးလိုက်သည်။

အဘိုးအိုက ...

"ကျုပ်နာမည် ကောင်းလွေလို့ ခေါ်ပါတယ်၊ ကျုပ်ဟာ အိပ်မက်သူဇာရဲ့ ကျေးကျွန်ပါ"

ဟု ပြောလာလေသည်။

ရှောင်ကျင်းပို၍ စိတ်ဝင်စားလာလေတော့၏။

အဘိုးအို (ဝါ) ကောင်းလွေက ...

"သည်တောင်ကိုးလုံးဒေသကို တစ်ချိန်က မြို့စားကြီးတစ်ယောက် ပိုင်ဆိုင်ခဲ့တာပေါ့၊ အဲဒီအချိန်ကဆိုရင် တောင်ပေါ်ဒေသဟာ အေးချမ်းသာယာတယ် ...၊

အနယ်နယ်အရပ်ရပ်က ကုန်သည်ပွဲစားတွေ ရောက်လာပြီး ကုန်ကူးသန်းရောင်းဝယ်ကြလေတယ်၊ အင်မတန် စည်ကားခဲ့တာပေါ့"

အတိတ်မှ ဖြစ်ရပ်များကို သတိရလာဟန်ဖြင့် ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းက စိတ်ဝင်စားစွာ နားထောင်နေ၏။

ကောင်းလွှေက စကားလမ်းကြောင်း ပြောင်းလိုက်၏။

"အိပ်မက်သူဇာက ကျုပ်ဆီကို ရောက်လာအောင် မင်းကို လမ်းပြပေးခဲ့တာ အကြောင်းရှိလို့ဆိုတာ ကျုပ်သိပါတယ် ...၊

မကြာခင် အိပ်မက်သူဇာနဲ့ပတ်သက်ပြီး မင်းသိချင်တာ တွေကို ပြောပြပါ့မယ်၊ ခုတော့ မင်းလည်း ပင်ပန်းလာရောပေါ့၊ အေးအေးဆေးဆေး အနားယူလိုက်ဦးပေါ့"

"ကျွန်တော်"

"လာပါကွယ်"

အဘိုးအိုကောင်းလွှေသည် ရှောင်ကျင်းအတွက် ကြိုတင် ပြင်ဆင်ပေးထားသော အတွင်းဘက်အခန်းတစ်ခုသို့ ခေါ်ဆောင် သွားလေတော့သည်။

❖ ❖ ❖



## အခန်း (၅)

အေးစိမ့်သောလေများ တဟူးဟူးမြည်ကာ တိုက်ခတ်နေ သည်။

နှင်းပွင့်များ တဖွဲဖွဲကျဆင်းနေ၏။

ကျောက်တုံးကျောက်ခဲကြီးများအလယ်တွင် နှင်းဖုံးနေ သောမြေကွက်လပ်တစ်ခု ရှိနေ၏။

ထိုမြေကွက်လပ်တွင် သစ်လုံးတိုင်နှစ်တိုင် စိုက်ထူထားပြီး ထိုတိုင်များတွင် လူနှစ်ယောက်ကို ကြိုးများဖြင့်တုပ်နှောင်ထားလေ သည်။

ကြိုးတုပ်ဖမ်းဆီးခြင်းခံနေရသူနှစ်ယောက်မှာ စန်းရယ်နှင့် ဝမ်းတုံတို့ ဖြစ်ကြလေ၏။

သူတို့အား ဝေမျိုးနွယ်စုဝင်များက ဖမ်းဆီးခေါ်ဆောင်လာ ကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စန်းရယ်နှင့် ဝမ်းတုံတို့မှာ သေရမည့်အချိန်ကို စောင့်မျှော်နေကြရလေတော့၏။

အခက်အခဲဒုက္ခနှင့် ကြုံတွေ့ရလေလေ စန်းရယ်သည် ဝမ်းတုံအပေါ် ဒေါသထွက်လာလေလေပင် ...

"ကဲ ဘယ်လိုလဲ ... မြောက်ပိုင်းဒေသကိုပြေးရင် အန္တရာယ်တွေက လွတ်မြောက်သွားမယ်၊ အေးအေးဆေးဆေး ဓာတ်မြှုပ်နေနိုင်မယ်ဆို ... ခုတော့ ဘယ်လိုလဲ"

စန်းရယ်က မကျေမနပ် ပြောလိုက်လေ၏။

ဝမ်းတုံက ...

"မင်းပါးစပ် ပိတ်ထားလိုက်စမ်းကွာ"

ဟု ငေါက်လိုက်၏။

စန်းရယ်က ...

"မပိတ်တော့ ဘာဖြစ်သလဲ၊ ခုနေ အနှောင်အဖွဲ့သာ မရှိရင် မင်းကို မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမပစ်လိုက်မယ်ဆိုတာ မှတ်ထား"

ဝမ်းတုံ နှာခေါင်းရှုံ့လိုက်၏။

"အေး ... ငါ့ရဲ့လက်နှစ်ဖက်သာ လွှပ်ရှားလို့ရရင် မင်းပါး



စပ်ပိတ်သွားအောင် လုပ်ပြလိုက်ချင်သေးတယ်"

သူတို့သည် အခက်အခဲအန္တရာယ်မှ မည်သို့ ရင်ဆိုင်ကျော်လွှားကြမည်ဆိုသည်ကို မစဉ်းစားဘဲ အချင်းချင်း စကားများနေကြလေတော့၏။

ထိုစဉ် ကျောက်တုံးကျောက်ခဲများကြားမှ လူတစ်စု ထွက်ပေါ်လာကြသည်ကို တွေ့မြင်လိုက်ရလေ၏။

ထိုလူစုမှာ ဝေမျိုးနွယ်စုများပင် ဖြစ်ကြ၏။

ဝမ်းတုံတို့အား ဖမ်းဆီးခေါ်ဆောင်လာပြီး နှင်းတောထဲ၌ ရက်စက်စွာ ပစ်ထားခဲ့ကြခြင်းဖြစ်လေ၏။

ယခု သူတို့ပြန်လည်ရောက်ရှိလာကြသည်မှာ အကြောင်းတစ်ခုခုရှိရမည်ဟု ဝမ်းတုံတို့ နားလည်လိုက်ကြ၏။

ဆက်၍ရုန်းမဖြစ်နိုင်တော့ဘဲ အခြေအနေစောင့်ကြည့်နေလိုက်ကြလေ၏။

ထိုလူများသည် ဝမ်းတုံတို့အနီးသို့ရောက်လျှင် ကြိုးများဖြည်ပေးလိုက်ကြ၏။

ထို့နောက် ဓားလှံများဖြင့် ချိန်ရွယ်ကာ ခေါ်ဆောင်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှေ့က ကောင်းကောင်းသွား"

"ထွက်ပြေးမယ်မကြံနဲ့ သေသွားမယ်"

ဝမ်းတုံတို့ ထွက်ပြေးဖို့ မကြိုးစားဝံ့ကြပါ။

ထိုလူများ ခေါ်ဆောင်ရာသို့ လိုက်ပါသွားကြရလေသည်။

ကျောက်တုံးကျောက်ခဲများကြားမှ တိုးဝင်သွားပြီးလျှင် လူသွားလမ်းကလေးတစ်ခုကို တွေ့ရ၏။

ထိုလူသွားလမ်းကလေးအတိုင်း ရှေ့ဆက်သွားကြရာ အလွန်မြင့်မားသော တောင်ကြီးတစ်လုံးရှေ့သို့ ရောက်ရှိသွားကြလေ၏။

တောင်ပေါ်တွင် ကြီးမားသောကျောက်ဂူကြီးတစ်ခု ရှိသည်။

"ဂူထဲဝင်သွား"

ဝမ်းတုံတို့အား ဖမ်းဆီးခေါ်ဆောင်လာကြသူများက ကျောက်ဂူထဲ ဝင်ခိုင်းသည်။

ထိုကျောက်ဂူကြီးအတွင်းသို့ ဝင်သွားကြပြီး ထွက်ပေါက်သို့ ရောက်သွားလျှင် အရှေ့ဘက်၌စုစုရုံးရုံးတည်ရှိနေသော လူနေအိမ်ခြေများကို တွေ့မြင်လိုက်ရလေသည်။



တောင်ပေါ်ဒေသမှ စည်ကားသောမြို့တစ်မြို့ကို တွေ့မြင်လိုက်ရခြင်း ဖြစ်ပေတော့သည်။

ဝမ်းတုံနှင့် စန်းရယ်တို့ အံ့သြသွားကြ၏။

"သွားစမ်း"

အစောင့်တစ်ယောက်က ဆောင့်တွန်းလိုက်ခြင်းကြောင့် —

'ဝုန်း'

စန်းရယ် မြေပေါ်ဟပ်ထိုးလဲကျသွားလေ၏။

စန်းရယ် ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ"

ဟု အော်ငေါက်ကာ မြေပေါ်မှ လူးလိမ့်ထလိုက်ပြီး သူ့အား ဆောင့်တွန်းလိုက်သူထံ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

အခြေအနေ ရှုတ်ရှုတ်သဲသဲဖြစ်သွားလေ၏။

စန်းရယ်အား ဖမ်းဆီးခေါ်ဆောင်ကြသူများက ဝိုင်းဝန်းတိုက်ခိုက်လိုက်ကြလေ၏။

စန်းရယ်မှာ ကြိုးတုပ်ခံထားရသည့်အပြင် အများနှင့် တစ်ယောက် ဖြစ်နေသည်မို့ မယှဉ်နိုင်ဘဲ မြေပေါ် လဲကျသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူများက စန်းရယ်ကို တရွတ်တိုက် ဆွဲခေါ်သွားကြသည်။

ဝမ်းတုံ့ သက်ပြင်းချလိုက်၏။

"မနေတတ် မထိုင်တတ်တဲ့ကောင် ... ကောင်းတယ်"

ဟု စိတ်ထဲမှ ရေရွတ်လိုက်လေ၏။

ကျန်လူများက ...

"ရှေ့ကသွားစမ်း"

ဟု အော်ငေါက်ကာ ဝမ်းတုံ့က အေးအေးဆေးဆေးပင် လှမ်းသွားလိုက်၏။

မကြာပါချေ ကျောက်တုံးကြီးများဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံကြီးတစ်ခုရှေ့သို့ ရောက်ရှိသွားလေတော့သည်။

❖



အဆောက်အအုံမှ ကြီးမားခန့်ညားလှ၏။

အဆောက်အအုံအတွင်း၌ ကျောက်ဖြင့် ထွင်းထုထားသော နဂါးရုပ်၊ ကျားရုပ်၊ ဘီလူးရုပ်များကို ဟိုတစ်ခု သည်တစ်ခု ချည်ထား၏။

ကြမ်းပြင်ကို ကျောက်ပြားခင်းထားပြီး နံရံပေါ်တွင်မီးတုတ်များ စိုက်ထူထွန်းညှိထား၏။

အဆောက်အအုံအတွင်း၌ အညိုရောင်ဝတ်ရုံရှည် လှမ်းခြုံထားသူများ သွားလာလှုပ်ရှားနေကြ၏။

ဝမ်းတုံ့သည် အခြေအနေအရပ်ရပ်ကို အကဲခတ်ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ...

"ဒီလူတွေဟာ ဘာသာတရားကင်းပြီး ယဇ်ပူဇော်မှုကို ဦးစားပေးတဲ့ ရှေးဟောင်းမျိုးနွယ်စုဝင်တွေပဲ ဖြစ်လိမ့်မယ်၊ ဒီအတိုင်းဆို ငါလည်း မလွယ်ဘူးထင်တယ်"

ဟု စိတ်ထဲမှ ညည်းတွားလိုက်မိ၏။

စန်းရယ်ကို ရှာဖွေ ကြည့်လိုက်သော်လည်း မတွေ့ရချေ။

သူ့အား ဖမ်းဆီးခေါ်ဆောင်လာကြသူများသည် ခန်းမဆောင်ကြီးအလယ်သို့ရောက်လျှင် သူ၏ခန္ဓာကိုယ်ပေါ်မှ ကြိုးများကို ဖြည်ပေးပြီး တစ်ယောက်တည်း ထားရစ်ခဲ့၍ နောက်ဆုတ်သွားကြလေ၏။

သို့သော် ကျောက်ခန်းမဆောင်ကြီးအတွင်း၌ လက်နက်ကိုယ်စီကိုင်ဆောင်ထားကြသူများ၊ အညိုရောင် ဝတ်ရုံရှည်ဝတ်ဆင်ထားကြသူများ အများအပြားရှိနေသဖြင့် ထွက်ပြေးလွတ်မြောက်နိုင်မည် မဟုတ်ချေ။

ဝမ်းတုံသည် ဘာကိုမှ အလေးတကြီးမလုပ်ဘဲ မလှုပ်မယှက်ရပ်ရင်း အခြေအနေ စောင့်ကြည့်နေလိုက်၏။

မကြာပါချေ။



'တူ'

ခရာသံတစ်ချက် ထွက်ပေါ်လာ၏။

ခန်းမဆောင်ထဲသို့ အနီရောင်ဝတ်ရုံ လွှမ်းခြုံထားသူ တစ်စု လှမ်းဝင်လာကြသည်ကို တွေ့ရ၏။

ထိုအနီရောင်ဝတ်ရုံ လွှမ်းခြုံထားသူများသည် အဖြူရောင်ဝတ်ရုံဝတ်ထားသည့် လူပုလေးတစ်ယောက်အား ဝိုင်းဖွဲ့ခြံရံလာကြခြင်းလည်း ဖြစ်၏။

ထိုအဖြူရောင် ဝတ်ရုံရှင်သည် ခေါင်းဆောင်ဖြစ်ရမည်ဟု ဝမ်းတုံ နားလည်လိုက်လေ၏။

ထိုလူကို အားလုံးက ဦးညွှတ်အရိုအသေပြုလိုက်ကြသည် မဟုတ်ပါလား။

ထိုလူသည် ခန်းမကျယ်ကြီး တစ်ဖက်၌ အသင့်ချထားသော အနက်ရောင် ထိုင်ခုံကြီးတစ်လုံးပေါ် တွင် ဝင်ထိုင်ချလိုက်၏။

အမှန်တော့ ထိုင်ခုံသည် ခြေတံရှည်ခုံတစ်လုံးဖြစ်၏။

အဖြူရောင်ဝတ်ရုံရှင်အား ဝဲယာတစ်ဖက်တစ်ချက်မှ ခြံရံထားသော အနီရောင်ဝတ်ရုံရှင် လူသန်ကြီးနှစ်ယောက်က အသာအယာ မ,ကာ ထိုင်ခုံပေါ် တင်ပေးလိုက်ခြင်းဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံပေါ် ရောက်သွားသောအခါ ... အဖြူရောင်ဝတ်ရုံရှင် လူပုလေးသည် အားလုံးထက် ခေါင်းတစ်လုံးသာသူ ဖြစ်သွားတော့၏။

ဝမ်းတုံသည် လူပုလေးကိုကြည့်ကာ ကြောက်ရွံ့စိတ်မရှိသည့်အပြင် ရယ်ချင်စိတ်ကို မနည်းထိန်းထားလိုက်ရလေသည်။

လူပုလေးသည် ထိုင်ခုံပေါ် ဟန်ကျပန်ကျ ထိုင်လိုက်ပြီးလျှင် ဝမ်းတုံအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး၍ ...

"မင်းဟာ ပြည်မက လာခဲ့တာ ...ဟုတ်လား"

ဟု မေးလိုက်လေ၏။

ဝမ်းတုံက ...

"ဟုတ်ပါတယ်ခင်ဗျာ ... ပြည်မက လာခဲ့တာပါ"

"ကောင်းပြီ ... မင်းဘာလာလုပ်တာလဲ ... ပြောစမ်း"

"ကျွန်တော် အလည်အပတ် ခရီးထွက်လာတာပါ"

လူပုလေး ခေါင်းခါယမ်းလိုက်၏။

"မင်း လိမ်ပြောတာပဲ၊ ကျုပ်တို့ဟာ နယ်ခြားကနေ မြောက်ပိုင်းတောင်တန်းဒေသကို ဝင်ရောက်လာခဲ့ကြတော့ ပြည်မက တပ်ဖွဲ့တွေဟာ ကျုပ်တို့ကို မောင်းထုတ်ဖို့ စီစဉ်နေတယ်လို့ သတင်း



ကြားရတယ်၊ မင်းဟာ ကျုပ်တို့ရဲ့အကြောင်းကို လာပြီးစုံစမ်းတာ မဟုတ်လား ... မှန်မှန်ပြောစမ်း"

ဝမ်းတုံက ရယ်မောလိုက်၏။

"ဟား ဟား ဟား"

သူ၏ ရယ်မောသံ ကျယ်လောင်စွာထွက်ပေါ်လာလေသည်။

လူပုလေး မျက်နှာထား တင်းမာသွား၏။

"မင်းက ဘာရယ်တာလဲ"

ဟု ငေါက်လိုက်လေ၏။

သူက ...

"သဘောကျလို့ပေါ့ဗျာ၊ ခင်ဗျားက ကျုပ်ကို အထင်မှားနေတာကိုး၊ တကယ်ကော ပြည်မမှာ ကျုပ်ကို ဘယ်သူကမှ လက်မခံကြတော့လို့ ထွက်ပြေးလာရင်း ဒီဒေသကို ရောက်လာတဲ့ လူတစ်ယောက်ဗျ"

လူပုလေးက ...

"မင်းကို လက်မခံရအောင် မင်းက ဘာတွေလုပ်ခဲ့လဲဟင်"

သူက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က လုယက်တိုက်ခိုက်မှုတွေ ကျူးလွန်ခဲ့လို့ပေါ့"

"မင်း တကယ်ပြောတာလား"

"ခင်ဗျားမယုံရင် စုံစမ်းကြည့်နိုင်ပါတယ်ဗျာ"

လူပုလေးသည် ဝမ်းတုံအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြန်၏။

ပြီးလျှင် ...

"မင်းဟာ လူဆိုးဓားပြတစ်ယောက်ဆိုတာ သေချာတယ်နော်"

"သေချာပါတယ်ဗျာ"

"ကောင်းပြီ ... မင်းကို လက်တွေ့စမ်းသပ်ကြည့်မယ်၊ မင်းမှာ တကယ်အရည်အချင်းရှိရင် မင်းကို ကျုပ်တို့လူအဖြစ် လက်ခံမယ်၊ အရည်အချင်းမရှိဘူးဆိုရင် မင်းသေရမယ်"

ဝမ်းတုံသည် မထူးဟု သဘောပေါက်ကာ ...

"ခင်ဗျားကြိုက်သလို စမ်းသပ်နိုင်ပါတယ်ဗျာ"

ဟု ပြောလိုက်၏။

လူပုလေးက လက်ဝှေ့ယမ်းပြလိုက်၏။

'တူ'



ခရာသံတစ်ချက် ထွက်ပေါ်လာသည်။

လူ့ဘီလူးကြီးတစ်ယောက်က ရှေ့သို့လှမ်းထွက်လာလေတော့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com



လူ့ဘီလူးကြီးကား ကြောက်မက်ဖွယ်ကောင်းအောင် ထွားကျိုင်းလှပေ၏။

သူ၏လက်ကောက်ဝတ်များတွင်လည်းကောင်း၊ ခြေကျင်းဝတ်များတွင်လည်းကောင်း ကြေးကွင်းများစွပ်ထားပြီး နားရွက်တစ်ဖက်၌ ကြေးနားကွင်းစွပ်ကာ ရှည်လျားသောဆံပင်များကို နောက်လှန်ဖြီးထား၏။

အပေါ်ပိုင်း အင်္ကျီမပါ ဗလာကျင်းလျက် ရှိသော သူ၏ခန္ဓာကိုယ်ပေါ်မှ ကြွက်သားများ ဖုထစ်ဖောင်းကြွနေလေသည်။

မီးရောင်အောက်တွင် ... ကြေးနီရောင်များ တဖိတ်ဖိတ်



တောက်ပနေ၏။

လူပုလေးက ...

"သူဟာ ငါတို့ ဝေမျိုးနွယ်ရဲ့ အတော်ဆုံး တိုက်ခိုက်ရေးသမား ဝေစွမ်းဖုံဖြစ်တယ်၊ မင်းက သူ့ကို အနိုင်ယူနိုင်ရင် အသက်ချမ်းသာရာရမယ်၊ ချီးမြှင့်မြှောက်စားခံရမယ်၊ သူ့ကို မယှဉ်နိုင်ရင် သေဖို့ပဲရှိတယ်"

ဟု ပြောလေ၏။

ဝမ်းတုံသည် ဝေစွမ်းဖုံဆိုသည့် လူ့ဘီလူးကြီးကိုကြည့်ကာ ပင့်သက်ရှိုက်လိုက်မိ၏။

"နည်းတဲ့ကောင်ကြီး မဟုတ်ဘူး"

ဟုလည်း ရေရွတ်လိုက်မိ၏။

သို့သော် ထိုလူများသည် အယူသည်းပြီး ခွန်အားဗလကို အားကိုးကြသူများသာ ဖြစ်သည်။

ဉာဏ်အမြော်အမြင် နည်းပါးသူများဖြစ်သည်ဟု တွေးကာ

"ကျုပ်က ရင်မဆိုင်ဝံ့စရာ အကြောင်းမရှိပါဘူး၊ ခင်ဗျားတို့ သေသေချာချာ ကြည့်ထားကြပါ၊ သူ့ကိုကျုပ်က အနိုင်ယူပြပါ့မယ်"

ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



လူပုလေး သဘောကျသွား၏။

"ကောင်းတယ် ... မင်းက ဝေစွမ်းဖုံကို နိုင်အောင်တိုက်ပေတော့၊ မင်းအနိုင်ရရင် ငါ့ရဲ့ ကိုယ်ရံတော်အဖြစ် မင်းကိုခန့်အပ်မယ်"

"စိတ်ချ ... ခင်ဗျားကတိ တည်ပါစေ"

ဝမ်းတုံက ဝေစွမ်းဖုံဆိုသော လူသန်ကြီးနှင့် ရင်ဆိုင်လိုက်လေ၏။

'တူး'

ခရာသံတစ်ချက် ထွက်ပေါ်လာ၏။

လူသန်ကြီးက ...

"ယား"

ဩသံပေးကာ သူ့ထံပြေးဝင် တိုက်ခိုက်လာလေတော့သည်။

❖



ဝေမျိုးနွယ်ဝင်များသည် အလွန်ကြမ်းတမ်းသော လက်ရုံးသမား မိစ္ဆာဒိဋ္ဌိများ ဖြစ်ကြ၏။

ဝမ်းတုံနှင့်ဝေစွမ်းဖုံတို့ တိုက်ပွဲစလိုက်သည်နှင့် အမျိုးမျိုးအော်ဟစ်ကာ အားပေးကြ၏။

ဝေစွမ်းဖုံဘက်မှ အားပေးသလို၊ ဝမ်းတုံဘက်မှလည်း အားပေးကြ၏။

မည်သူပင် အနိုင်ရပါစေ မမှုဘဲ တိုက်ပွဲကောင်းအောင်းကြည့်လိုကြသည့်သဘောဖြစ်၏။

ဝေစွမ်းဖုံသည် မိုးချုန်းသံပမာ ဩသံပေးကာ တရကြမ်း

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်လာ၏။

သူက အသာအယာပင် ရှောင်တိမ်းလိုက်လေ၏။

သူက သိုင်းပညာ တတ်မြောက်ထားသောသိုင်းသမားတစ်ယောက် ဖြစ်ပါ၏။

အများနှင့် တစ်ယောက်မို့ အရှုံးပေးခဲ့ရသော်လည်း တစ်ယောက်ချင်း ယှဉ်ပြိုင်ရသည်ကို မမှုချေ။

သူသည် ပေါ့ပါးစွာ ရှောင်တိမ်းပေးလိုက်ပြီးလျှင် ဝေစွမ်းဖုံ၏ကျောပြင်ကို တံတောင်ဆစ်ဖြင့် တွက်ချက်လိုက်လေသည်။

"အင့်"

ဝေစွမ်းဖုံ လွှတ်ခနဲ ညည်းတွားလိုက်၏။

သို့သော် ...

ကြံ့ခိုင်သန်စွမ်းသူ ဖြစ်ရကား ဝမ်းတုံ၏တိုက်ကွက်ကို မမှုပါချေ။

"ယား"

ဩသံပေးကာ ပြေးဝင်လာပြန်၏။

သူက ကြမ်းပြင်ပေါ် ခြေဆောင့်နင်း၍ ဝေစွမ်းဖုံအား ခြေထောက်ဖြင့် ကန်ကျောက်လိုက်၏။



'ဂုန်း'

ရင်ဘတ်တည့်တည့်ကို ခြေထောက်ကန်ချက်ထိသွားသဖြင့် ဝေစွမ်းဖုံ ကြမ်းပြင်ပေါ် ပစ်ကျသွားသည်။

သူက ချက်ချင်းပြေးလိုက်သွားပြီး လူးလိမ့်ထနေသော ဝေစွမ်းဖုံအား လက်သီးအစုံဖြင့် မိုးသီးမိုးပေါက်အလား ထိုးသွင်းပစ်လိုက်၏။

တခွပ်ခွပ်မြည်သံများ ထွက်ပေါ်လာ၏။

ဝေစွမ်းဖုံ ကြမ်းပြင်ပေါ် လိမ့်သွား၏။

သူ၏တိုက်ခိုက်မှုကို မရှုမလှခံနေရသော်လည်း လုံးဝ မမှုပါချေ။

ချက်ချင်း လူးလိမ့်ထလာပြီး သူ့အား လှချင်းဝင်လုံးလေ၏။

ဝမ်းတုံ အငိုက်မိသွားကာ ဝေစွမ်းဖုံ၏ သိုင်းဖက်ခြင်းကို ခံလိုက်ရ၏။

"ယား"

ဝေစွမ်းဖုံသည် ဝမ်းတုံ၏ခါးကို လက်နှစ်ဖက်ဖြင့်သိုင်းဖက်ရင်း ဖျစ်ညှစ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းတုံမှာ ခြေကားယား၊ လက်ကားယားဖြင့် အပေါ် မြောက်တက်သွား၏။

ဝေစွမ်းဖုံ၏လက်ချက်ဖြင့် ခါးကျိုးကာ အသက်ပျောက် ရတော့မလို ဖြစ်သွား၏။

သူသည် ထိတ်လန့်ကာ အတင်းရုန်းကန်လိုက်၏။

ပြူးကျယ်သောမျက်လုံးအစုံဖြင့် ထိုင်ခုံပေါ်မှ လူပုလေးကို လှမ်းကြည့်လိုက်မိ၏။

ထိုစဉ် ...

မမျှော်လင့်သောဖြစ်ရပ်တစ်ခုကို သူတွေ့မြင်လိုက်ရလေသည်။

လူပုလေးက လက်တစ်ဖက်ကို မသိမသာဖြင့် ယမ်းလိုက်ခြင်းဖြစ်၏။

ဤတွင် ...

အပ်ကလေးတစ်ချောင်းသည် တိတ်တဆိတ် ပစ်လွှင့်လာပြီး ဝေစွမ်းဖုံ၏ ယာဘက်နားရွက်နောက်နားသို့ စိုက်ဝင်သွားလေ၏။

"အား"



ဝေစွမ်းဖုံ စူးရှစွာ အော်လိုက်၏။

ဝမ်းတုံ ကြောင်အမ်းအမ်း ဖြစ်သွား၏။

သို့သော် ရရှိလာသော အခွင့်အရေးကို လက်လွှတ်မခံဘဲ ဝေစွမ်းဖုံ၏ နားထင်နှစ်ဖက်ကို လက်ဝါးဖြင့် အတင်းညှပ်ရိုက်ချပစ်လိုက်၏။

'ဖျောင်း'

ကျယ်လောင်သော မြည်သံကြီး ထွက်ပေါ်လာ၏။

'ဝုန်း'

ဝေစွမ်းဖုံသည် ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားတော့၏။

"ဟေး ဟေး"

လက်ခုပ်လက်ဝါးတီးသံ အော်ဟစ် ကြွေးကြော်သံများထွက်ပေါ်လာ၏။

အားလုံးက ဝမ်းတုံအား ချီးကျူးသြဘာ ပေးလိုက်ကြ၏။

'ဖျောင်း ဖျောင်း ဖျောင်း'

လူပုလေးကလည်း လက်ခုပ်လက်ဝါးတီးကာ သြဘာပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ ခုချိန်ကစပြီး ငါ့ရဲ့သက်တော်စောင့်ဖြစ်သွားပြီ" ဟု ကြေငြာလိုက်လေ၏။

❖ ❖ ❖



•

## အခန်း (၆)

စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများ အရက်များအလျှံအပယ် ရှိနေလေသည်။

လူပုလေးနှင့် ဝမ်းတုံတို့ မျက်နှာချင်းဆိုင် ထိုင်နေကြသည်။

ဝမ်းတုံ၏ခန္ဓာကိုယ်ပေါ်တွင် အနီရောင်ဝတ်ရုံ လွှမ်းခြုံထားပြီ ဖြစ်၏။

သူက လူပုလေး၏သက်တော်စောင့် ဖြစ်သွားပြီမဟုတ်ပါလား။

လူပုလေးသည် ဝေမျိုးနွယ်စုများ၏ ခေါင်းဆောင်ဖြစ်လေ၏။

ထို့ကြောင့် လူပုလေး၏သက်တော်စောင့်ဖြစ်သော ဝမ်းတုံသည်လည်း ဩဇာတိက္ကမ ရှိသူတစ်ယောက်ဘဝသို့ ချက်ချင်းရောက်ရှိသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



လှုပုလေးက ...

"ကဲ ... အားရပါးရသာစားပေ့"

ဟု လက်ဝှေ့ယမ်းကာ ပြောလိုက်၏။

"ကျေးဇူးပါပဲဗျာ"

ဝမ်းတုံက အရက်တစ်ခွက် အရင်သောက်လိုက်၏။

ပြီးမှ စားသောက်ဖွယ်ရာများကိုယူကာ စားသောက်လိုက်လေသည်။

အသားဟင်းလျာများကား အရသာရှိလှပေ၏။

ဝမ်းတုံသည် ရာဇဝတ်ဘေးမှ ရှောင်တိမ်းထွက်ပြေးလာခဲ့သူ ဖြစ်၏။

ထို့ကြောင့် ယခုရရှိလိုက်သော အနေအထားသည် သူ့အတွက် အကောင်းဆုံး ဖြစ်နေပေတော့၏။

လှုပုလေးက သူ့အား သီးသန့်အခန်းတစ်ခုသို့ ခေါ်ဆောင်ကာ ကျွေးမွေးပြုစုနေခြင်း ဖြစ်လေ၏။

အစောင့်များသည် အခန်းအပြင်ဘက်၌သာ ရှိနေကြသဖြင့် လွတ်လွတ်လပ်လပ် ရှိနေ၏။

လှုပုလေးက ဝမ်းတုံ အားရပါးရစားသောက်နေသည်ကို



ကြည့်ကာ ကျေနပ်သွားသည့်အလား ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

တစ်ဖန် ...

"ဘယ်လိုလဲ ... စားလို့ကောင်းရဲ့လား"

ဟု မေးလိုက်လေ၏။

ဝမ်းတုံက ...

"ကောင်းပါတယ်ဗျာ၊ မြောက်ဘက်တောင်တန်းဒေသကို ရောက်လာပြီးကတည်းက ဒီလို ကောင်းကောင်းမစားရတာအတော်ကိုကြာသွားပြီ"

လှုပုကလေးက ...

"မင်းသာ ငါ့စကားနားထောင်မယ်ဆိုရင် တစ်သက်လုံး နေချင်သလိုနေနိုင်မယ်၊ စားချင်ရာစားနိုင်မယ်၊ လက်ညှိုးညွှန်ရာ ရေဖြစ်ရမယ်၊ ကဲ ... ဘယ်လိုလဲ"

ဝမ်းတုံက ...

"စိတ်ချ ... ကျုပ်က ခင်ဗျားအပေါ် သစ္စာရှိရှိတာဝန်ထမ်းဆောင်သွားမှာပါ"

လှုပုလေးက ဝမ်းတုံအားစိုက်ကြည့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာကြောင့် ဝေစွမ်းဖုံကို အနိုင်ရခဲ့သလဲဆိုတာ မင်း သိတယ်မဟုတ်လား"

ဟု အသံနှိမ့်ကာ မေးလာလေ၏။

ဝမ်းတုံက ...

"ကျုပ်သိပါတယ်ဗျာ"

လူပုလေးတွင် အကြံအစည်တစ်ခုရှိနေကြောင်း ရိပ်မိထားလေ၏။

လူပုလေးမှာ အသက်ငါးဆယ်ကျော်ခန့် ရှိ၏။

သူ၏အသားအရေသည် ဖြူဖွေးနေပြီး ဝေမျိုးနွယ်စုများနှင့်မတူကြောင်း တွေ့ရ၏။

လူပုလေးက ...

"ငါက မင်းကို ဘာကြောင့် ကူညီခဲ့သလဲဆိုတာကော မင်း သိသလား"

ဟု မေးလာပြန်၏။

ဝမ်းတုံက ပြုံးလိုက်၏။

"ခင်ဗျားက ဝေစွမ်းဖုံထက်စာရင် ကျုပ်ကို ပိုပြီးသဘောကျလို့ ဖြစ်မှာပေါ့"



လူပုလေးက ...

"ငါက မင်းကို ဘာကြောင့် သဘောကျရသလဲဆိုတာကော"

ဝမ်းတုံ ပခုံးတွန့်လိုက်၏။

"ဒါတော့ ကျုပ်လည်းမသိပါဘူးဗျာ"

ဟု ပြောလိုက်လေ၏။

လူပုလေးက ...

"ငါက ဟန်တရုတ်လူမျိုး ဖြစ်နေလို့ပေါ့"

ဟု ပြောလေ၏။

မမျှော်လင့်ဘဲ ကြားလိုက်ရသောစကားကြောင့် ဝမ်းတုံ ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။

လူပုလေးကို မယုံကြည်နိုင်စွာ ကြည့်လိုက်မိလေ၏။

လူပုလေးက ပြုံးလိုက်၏။

"ကဲ ... မင်း သဘောပေါက်ပြီလား"

ဝမ်းတုံ ခေါင်းခါယမ်းလိုက်၏။

"ကျုပ် သဘောမပေါက်ဘူးဗျ။ ခင်ဗျားဟာ ဟန်တရုတ်လူမျိုးတစ်ယောက်ဖြစ်ပြီး ဘာကြောင့် ... ဝေမျိုးနွယ်စုတွေရဲ့ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ဖြစ်နေရတာလဲ”

လူပုလေးက ...

“အေး ... ငါ့အဖြစ်က အတော့်ကိုဆန်းတယ်၊ ငါက သမားတော်တစ်ယောက်ပါ၊ မြောက်ဘက်တောင်တန်းဒေသမှာ သဘာဝဆေးပင်တွေလာရှာတာ၊ ကောင်သုံးလုံးဒေသလည်း ရောက်ရော ရှေးဟောင်း ဝေမျိုးနွယ်စုတွေနဲ့ တွေ့ပြီး အဖမ်းခံရတယ်”

“သူတို့က ငါ့ကို အကျဉ်းချထားပြီး ကျေးကျွန်တစ်ယောက်လို ခိုင်းစေကြတယ်၊ အဖမ်းခံနေရတဲ့ အကျဉ်းသားတွေ နေမကောင်းဖြစ်တဲ့အခါ ထိခိုက်ဒဏ်ရာ ရတဲ့အခါ ငါက ဆေးကုပေးခဲ့တယ်”

“ဒါကြောင့် ငါဆေးပညာတတ်တာကို သူတို့ သိသွားကြတယ်၊ ဘယ်လောက်များ ရယ်စရာကောင်းလိုက်သလဲဆိုရင်၊ လူနာတွေကို ငါက ဆေးကုပေးလို့ ရောဂါပျောက်ကင်းတာကို သူတို့က ငါ့ရဲ့ တန်ခိုး အစွမ်းအစနဲ့ ရောဂါပျောက်ကင်းစေတယ်လို့ ထင်မှတ်သွားကြတာပဲ”

“ငါ့ကို တန်ခိုးရှင်တစ်ယောက်လို့ ထင်သွားကြတာပေါ့၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ သူတို့မျိုးနွယ်စုခေါင်းဆောင် မကျန်းမမာဖြစ်တာကို ငါက ဆေးကုပေးရတယ်”



“သူတို့ခေါင်းဆောင် ရောဂါပျောက်သွားတော့ ငါ့ကို အကျဉ်းသားဘဝက လွတ်ပြီး အဆောင်အယောင်တွေ ပေးတယ်၊ အားလုံးရှိသေလေးစားလာကြတယ်”

“အဲဒီလိုနဲ့ ခေါင်းဆောင်ကွယ်လွန်သွားတော့ ငါ့ကိုခေါင်းဆောင် တင်မြှောက်လိုက်ကြတာပဲ”

ဟု ရှည်လျားစွာ ရှင်းပြ၏။

ဝမ်းတုံမှာ လူပုလေးနှင့် တွေ့ရသဖြင့် ကံကောင်းလှသည်ဟု နားလည်လိုက်လေတော့၏။

လူပုလေးက ...

“အမှန်ပြောရရင် ခေါင်းဆောင်ကွယ်လွန်သွားတဲ့အခါ ခေါင်းဆောင်နေရာကို ဆက်ခံမယ့်လူ နှစ်ယောက်ရှိတယ်”

“သူတို့ဟာ ဝေစမ်းဖုံနဲ့ ဝေထင်းအိမ်ဆိုတဲ့ ညီအစ်ကို နှစ်ယောက်ပဲ”

ဝမ်းတုံက ...

“ကျုပ်နဲ့ ရင်ဆိုင်ခဲ့တဲ့ လူဘီလူးကြီးလည်း ပါတာပေါ့”

လူပုလေးက ...

“ဟုတ်တယ် ... သူတို့က ကျုပ်ကို ဆေးဆရာတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



လို့ထင်ပြီး ကြောက်နေပေမယ့် ကျေနပ်လှတာမဟုတ်ဘူး"

"ဒါကြောင့် တစ်ချက်ခုတ်နှစ်ချက်ပြတ် ဆိုသလို မင်းကို ကယ်ရင်း ဝေစမ်းဖုံကို ရှင်းပစ်လိုက်တာပဲ"

ဝမ်းတုံက ...

"ကျုပ်ကို ကူညီတာ ခင်ဗျားမှာ အကြောင်းတစ်ခုခုရှိလို့ မဟုတ်လား"

လူပုလေးက ...

"မှန်လိုက်လေကွာ ... မင်းက ဒီလိုနေရာမျိုးမှာ တစ်သက်လုံး နေနိုင်ပါ့မလား"

ဝမ်းတုံ မျက်မှောင်ကုတ်သွား၏။

"ဘာဖြစ်လို့လဲ"

လူပုလေးက ...

"သည်နေရာဟာ လိုအပ်တာ အကုန်ရနိုင်တယ်၊ ဒါပေမဲ့ သည်နေရာဟာ လောကကြီးနဲ့ အဆက်အသွယ်ပြတ်နေတဲ့နေရာ ဖြစ်နေလို့ပဲ"

ဝမ်းတုံ သက်ပြင်းချလိုက်၏။

လိုလေသေးမရှိ ပြည့်စုံသည်ထားဦး၊ လူသူအရောက်



အပေါက် နည်းပါးလှသော တောင်တန်းဒေသ၌ တစ်သက်လုံးနေထိုင်သွားရမည်မှာ မတွေးဝံ့သော ကိစ္စဖြစ်လေ၏။

လူပုလေးက ...

"ကျုပ်ဟာ သည်နေရာက ထွက်သွားနိုင်မယ့် အခွင့်အရေးကို စောင့်မျှော်နေခဲ့တာကြာပြီ၊ ဒါပေမဲ့ ကျုပ်တစ်ယောက်တည်း မဖြစ်နိုင်ဘူး၊ ကျုပ်အတွက် အနည်းဆုံး အဖော်တစ်ယောက်တော့လိုမယ်"

"ဘာကြောင့်လဲဆိုရင် ဒီနေရာကို ကျုပ်ထွက်သွားတဲ့အခါ အဖိုးမဖြတ်နိုင်တဲ့ ပစ္စည်းတွေကိုပါ ယူသွားမှာမို့ပါ"

ဝမ်းတုံသည် လူပုလေးကို စိုက်ကြည့်ရင်း လူပုလေးနှင့် လက်တွဲသွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

သုံးရက် ...

ရှောင်ကျင်းသည် အဘိုးအို ကောင်းလွှေထံသို့ ရောက်ရှိလာခဲ့သည်မှာ သုံးရက်ရှိပြီဖြစ်၏။

ကောင်းလွှေက သူ့အား ကောင်းမွန်စွာ ပြုစုကျွေးမွေးသည်။

လိုလေသေးမရှိ ဆောင်ရွက်ပေးသည်။

ရှောင်ကျင်းအတွက် သာယာအေးချမ်းသောအချိန်။

ချန်အန်းမြို့မှ ထွက်ပြေးလာခဲ့ပြီးနောက် ပထမအကြိမ် အေးအေးချမ်းချမ်းနေခဲ့ရခြင်း ဖြစ်လေသည်။

သို့သော် သူက စိတ်မအေးနိုင်ပါ။

ကောင်းလွှေသည် မည်သို့သောလူစားဖြစ်ကြောင်း မသိရသေးသည့်အပြင် အိပ်မက်သူဇာဆိုသော မိန်းကလေးနှင့်ပတ်သက်



ပြီး ပဟေဠိသဖွယ် ဖြစ်နေခြင်းကြောင့်တည်း။

သူက မေးလေတိုင်း ကောင်းလွှေက အချိန်တန်လျှင် သိရမည်ဟုသာ ပြော၏။

သူသည် ကောင်းလွှေနှင့်အတူ မည်မျှကြာကြာ နေနိုင်ပါမည်နည်းဟု တွေးတော စဉ်းစားလာရ၏။

ဝမ်းတုံနှင့်စန်းရယ်တို့ အခြေအနေကိုလည်း သိလို၏။

ထို့ကြောင့် လေးရက်မြောက်သောနေ့တွင် ကောင်းလွှေအား ခွင့်တောင်းလိုက်လေတော့၏။

သူက ကောင်းလွှေကို ဦးညွှတ်ရင်း ...

"ကျွန်တော့်ကို ကောင်းကောင်းမွန်မွန် ကျွေးမွေးစောင့်ရှောက်တဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ ...၊

ကျွန်တော် သည်အရပ်ဒေသကို လာတုန်းက အဖော်နှစ်ယောက်ပါလာပါတယ်၊ လမ်းမှာ လူဆိုးတွေရဲ့နှောင့်ယှက်တာကို ခံရပြီး လူချင်းကွဲသွားခဲ့ပါတယ် ...၊

ဒါကြောင့် သူတို့ကို လိုက်ရှာချင်ပါသေးတယ်၊ ကျွန်တော့်ကို သွားခွင့်ပြုပါခင်ဗျာ"

ဟု ခွင့်တောင်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလွှေ သက်ပြင်းချလိုက်၏။

"မင်း ဒီလိုခွင့်တောင်းလာလိမ့်မယ်လို့ သခင်မက ကြိုတင်ပြောပြထားပြီးပါပြီကွယ်၊ ကျုပ်က ခွင့်ပြုချင်ပါတယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်သလဲ ခင်ဗျာ"

"မင်းသွားလို့ မဖြစ်သေးဘူးကွဲ့"

ရှောင်ကျင်း မျက်မှောင်ကုတ်သွား၏။

ကောင်းလွှေက ...

"ရှင်းရှင်းပြောရရင်တော့ ကျုပ်တို့မှာ အကူအညီလိုအပ်နေပါတယ်၊ ကျုပ်တို့ကိုကူညီနိုင်တဲ့လူဟာ မင်းတစ်ယောက်ပဲ ရှိတယ်လို့ ယုံကြည်ထားကြပါတယ်ကွယ်"

ရှောင်ကျင်း အံ့ဩသွား၏။

"ကျွန်တော်က ဦးကို ကူညီနိုင်မယ် ... ဟုတ်လား"

"ဟုတ်ပါတယ်ကွယ်"

ရှောင်ကျင်း ခေါင်းခါယမ်းလိုက်၏။

"မဖြစ်နိုင်ပါဘူးခင်ဗျာ ... ကျွန်တော်ကိုယ်တိုင်တောင် ဒုက္ခရောက်နေသူတစ်ယောက်ပါ၊ ဦးတို့ကို ကူညီနိုင်မယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး"



ကောင်းလွှေက ...

"မင်းက ကိုယ့်ကိုယ်ကိုယ် လျှော့တွက်တာကိုး၊ ကျုပ်တို့ကို မင်းကူညီနိုင်မှာပါ"

ရှောင်ကျင်း သက်ပြင်းချလိုက်၏။

"ကောင်းပါပြီ ... ကျွန်တော် ဘယ်လိုကူညီရမလဲဆိုတာ ပြောပါခင်ဗျာ"

ကောင်းလွှေက အနည်းငယ်စဉ်းစားလိုက်ပြီး ...

"ကဲ ... ကျုပ်နဲ့လိုက်ခဲ့ပါ"

ဟု ပြောကာ လမ်းပြခေါ်ဆောင်သွားလေ၏။

ရှောင်ကျင်းလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ကောင်းလွှေနောက်သို့ လိုက်ပါသွားတော့၏။

❖

www.burmeseclassic.com

www.burmeseclassic.com



ရေတံခွန်ကြီး စီးကျနေသောတောင်မှ အလွန်မြင့်မားသော တောင်တစ်လုံးဖြစ်၏။

ယခု ကောင်းလေးနှင့်ရှောင်ကျင်းတို့သည် ထိုတောင်ညိုကြီးပေါ်သို့ တရွေ့ရွေ့တက်သွားနေကြ၏။

ပတ်ဝန်းကျင်တွင် စိမ်းလန်းသော သစ်ပင်များ ဖုံးလွှမ်းနေသည်။

လှပသောရောင်စုံပန်းများလည်း ဖူးပွင့်နေ၏။

ကျေးငှက်သာရကာလေးများကလည်း ဘာသာဘာဝ တေးသီကြွေးနေကြ၏။



ရေတံခွန်ကြီး၏ တဝေါဝေါစီးကျသံမှာလည်း တေးဂီတသံအလား။

သူသည် သဘာဝအလှများကို ငေးမောကြည့်ရှုရင်း တောင်ပေါ်သို့ တက်လာခဲ့ရာ မောရမှန်း ပန်းရမှန်းတောင် မသိတော့ချေ။

သို့ဖြင့် အချိန်ကြာလာသည်နှင့်အမျှ တောင်ပေါ်သို့ ရောက်မှန်းမသိ ရောက်ရှိလာလေ၏။

အေးမြသောတောင်ပေါ်လေများ တိုက်ခတ်လာ၏။

သစ်ပင်ချုံနွယ်များမှာ တစ်စထက်တစ်စ ကျဲပါးသွားသည်။

ကျောက်တုံးကျောက်ခဲများက ဟိုနားတစ်စု ဒီနားတစ်စု နေရာယူလာ၏။

သူက အကျီရင်ဘတ်ကို ဆွဲဖွေကာ ကောင်းလေးနောက်သို့ လိုက်သွား၏။

နှစ်ယောက်သား တောင်ထိပ်ပေါ်သို့ ရောက်မှန်းမသိ ရောက်သွားကြ၏။

တောင်ထိပ်ပေါ်သို့ ခြေချလိုက်မိသည်နှင့် ပျက်စီးပုံယွင်းနေသော အဆောက်အအုံကြီးတစ်ခုအား တွေ့မြင်လိုက်ရလေ၏။

သူက အံ့သြသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အဆောက်အအုံပျက်ကြီး တစ်ခုပါလား၊ တောင်ထိပ်ပေါ်မှာ တွေ့ရတာ ထူးဆန်းလိုက်တာ"

ဟု လွှတ်ခနဲ ရေရွတ်လိုက်၏။

ကောင်းလွှေက ...

"ဒါဟာ မြောက်ပိုင်းမြို့စားကြီးစံအိမ်ပေါ့၊ အရင်ကတခမ်းတနား ရှိခဲ့ပေမယ့် ခုတော့ ပျက်စီးယိုယွင်းသွားပါပြီကွယ်၊ အတော့်ကို သံဝေဂရစရာကောင်းတာပဲ"

ဟု ပြောလာလေသည်။

သူမျက်မှောင်ကုတ်သွားကာ ...

"ဦးက မြောက်ပိုင်းမြို့စားကြီးနဲ့ ပတ်သက်ခဲ့ဖူးတယ် မဟုတ်လား"

ဟု မေးလိုက်လေ၏။

ကောင်းလွှေက ...

"မှန်ပါတယ်ကွယ် ... ကျုပ်ဟာ မြောက်ပိုင်းမြို့စားရဲ့ ကျေးကျွန်တစ်ယောက် ဆိုပါတော့"

"ဒါဖြင့် အိပ်မက်သူဇာကကော မြောက်ပိုင်းမြို့စားနဲ့ ဘယ်လိုများ ပတ်သက်နေသလဲ"



"မကြာခင် မင်းသိရပါလိမ့်မယ်ကွယ်"

ကောင်းလွှေသည် အဆောက်အအုံပျက်တွင်းသို့ ဝင်သွားလေ၏။

ရောင်ကျင်းလည်း ခပ်သွက်သွက်လိုက်သွား၏။

အဆောက်အအုံမှာ တစ်ချိန်က လှန်စွာမှပင် ကြီးကျယ်ခန့်ညားခဲ့ပုံရသော်လည်း ယခုအချိန်တွင် ... ပျက်စီးယိုယွင်းနေပြီဖြစ်လေ၏။

ခေါင်မိုးများ ပေါက်ပြဲနေ၏။

နံရံများ ပြိုကျနေ၏။

မြက်ပင် ချုံနွယ်များ ပိတ်ဖုံးနေ၏။

နှစ်ပေါင်းများစွာ ပြုပြင်ထိန်းသိမ်းခြင်း မပြုဘဲ စွန့်ပစ်ထားကြောင်း ထင်ရှားလေ၏။

သူတို့သည် ပျက်စီးယိုယွင်းနေသော အဆောင်များ၊ အခန်းများကို ဖြတ်ကျော်လာခဲ့ကြ၏။

ထို့နောက် ကျောက်ဖြူများဖြင့် ဆောက်လုပ်ထားသော အဆောင်တစ်ခုသို့ ရောက်လာကြလေ၏။

ထိုအဆောင်သည် အခြားအဆောင်များနှင့်မတူဘဲ ပျက်စီး

www.burmeseclassic.com

www.burmeseclassic.com



ယိုယွင်းခြင်း အလျဉ်းမရှိ။

ညစ်ပတ်ပေကျံ ရှုပ်ပွနေခြင်းမျိုးလည်းမရှိဘဲ သန့်ရှင်းသပ်ရပ်လျက် ရှိပေ၏။

ရှောင်ကျင်း အတော်ပင်အံ့သြသွား၏။

ကောင်းလွှက ထိုအဆောင်ထဲသို့ ရောက်သွားသည်နှင့် ရှောင်ကျင်း ခြေလှမ်းတုံ့ခနဲ ရပ်သွား၏။

မျက်လုံးပြူးကျယ်သွားသလို ပါးစပ်အဟောင်းသား ဖြစ်သွားရ၏။

အကြောင်းကား အဆောင်အတွင်း၌ သေဆုံးသွားသူများအား မြှုပ်နှံထားသော အုတ်ဂူများရှိနေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေ၏။

ကောင်းလွှက ခြေလှမ်းရပ်လိုက်၏။

ရှောင်ကျင်းဘက်သို့ လှည့်လိုက်ပြီး ...

"ဒါဟာ မြောက်ပိုင်းမြို့စားတို့မိသားစုရဲ့ သုသာန်ပါပဲ"

ဟု ပြောလေ၏။

ရှောင်ကျင်းက ...

"ကျွန်တော့်ကို ဒီနေရာရောက်အောင် ခေါ်လာတာက"



ကောင်းလွှက ...

"မင်းက အိပ်မက်သူဇာအကြောင်း သိချင်နေတယ် မဟုတ်လား။ ပြီးတော့ မင်းဆီက ဘယ်လိုအကူအညီတောင်းမလဲ ဆိုတာလည်း သိချင်နေတယ်မဟုတ်လား။ ဒါကြောင့် ကျုပ်က ဒီနေရာကို ခေါ်လာရတာပါ"

ရှောင်ကျင်း သက်ပြင်းချလိုက်၏။

ကောင်းလွှက ...

"မြောက်ပိုင်းမြို့စားရဲ့ မိသားစုဝင်အားလုံး ဒီမှာမြှုပ်နှံထားပါတယ်"

ရှောင်ကျင်းက ...

"အိပ်မက်သူဇာကကော"

"ရှိပါတယ်"

ကောင်းလွှက ခေါ်သွား၏။

ရှောင်ကျင်းက လိုက်သွားသည်။

အုတ်ဂူများကြားမှဖြတ်ကာ အရှေ့ဘက်သို့လျှောက်သွားရာ အခန်းနံရံအနီးတွင် ထူးခြားသော အုတ်ဂူတစ်လုံးရှိနေသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလေ့ကု ထိုအုတ်ဂူအနီးတွင် ရပ်တန့်လိုက်၏။

ရှောင်ကျင်းလည်း မြေလှမ်းရပ်လိုက်သည်။

ကောင်းလေ့ကု ...

"မင်းတွေ့ချင်တဲ့ အိပ်မက်သူစာက ဒီမှာပါ"

ဟု ပြောလိုက်သည်။

ရှောင်ကျင်းက အုတ်ဂူကိုငုံ့ကြည့်လိုက်၏။

အုတ်ဂူမှာ မှန်အလုံပိတ် အခေါင်းတစ်လုံးကို ထည့်သွင်းမြှုပ်နှံထားခြင်းဖြစ်ပါ၏။

သို့သော် မှန်အခေါင်းအပေါ်ပိုင်းကို အင်္ဂတေကိုင်ထားခြင်းမရှိသဖြင့် မှန်အခေါင်းနှင့် အတွင်းဘက်မှ ရုပ်အလောင်းကို အတိုင်းသား တွေ့မြင်နေရ၏။

အုတ်ဂူမှာ ဟောင်းနွမ်းနေပြီဖြစ်၏။

အလောင်းမြှုပ်နှံထားသည်မှာ နှစ်ပေါင်း အတော်ကြာပြီဖြစ်ကြောင်း ထင်ရှားလေသည်။

မှန်အခေါင်းထဲမှ ရုပ်အလောင်းကား ပျက်စီးယိုယွင်းခြင်းမရှိ ပကတိအကောင်းအတိုင်း ရှိနေသည်ကို တွေ့ရလေသည်။

အလွန်လှပချောမောသော အမျိုးသမီးတစ်ယောက်၏



အလောင်းဖြစ်သည်။

ရွှေချည်ထိုးအင်္ကျီများ ဝတ်ဆင်ထားသည်။

အလောင်းပေါ်တွင် အဖိုးတန် ကျောက်သံပတ္တမြားများ စီခြယ်ထားသည်။

ရှောင်ကျင်းသည် ထိုအမျိုးသမီး၏မျက်နှာကို သေသေချာချာ တွေ့မြင်လိုက်သည်နှင့် ...

"ဟာ"

အထိတ်တလန့်အော်ကာ နောက်ဆုတ်လိုက်လေသည်။

အကြောင်းမှာ ထိုအမျိုးသမီး အလောင်းသည် သူ့အိပ်မက်မက်သလိုဖြစ်ခဲ့သော၊ သူ့အား အန္တရာယ်ရှိကြောင်း သတိပေးခဲ့သော၊ သူ့အား ရန်သူများလက်မှ ကယ်တင်ခဲ့သော အမျိုးသမီး ဖြစ်နေသည်တကား။

ကောင်းလေ့ကု ...

"မင်းတွေ့ချင်တဲ့ အိပ်မက်သူစာကို တွေ့ရပြီ မဟုတ်လား ကွယ်"

ဟု ပြောလာ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ဝေမျိုးနွယ်စုဝင် လူကြမ်းကြီးများသည် မြောက်ပိုင်းတောင်တန်းဒေသမှ ကျေးရွာများကို တိုက်ခိုက်လုယက်ကြသည်။

ရွှေငွေပစ္စည်းများသာမက အိမ်မွေးကြက်၊ ဝက်၊ ကျွဲ၊ နွားများပါမကျန် လုယက်ကြ၏။

ထို့ပြင်မကသေး ရွာသူရွာသားများကို ကျေးကျွန်အဖြစ် ဖမ်းဆီးကြ၏။

မြောက်ပိုင်း တောင်တန်းဒေသတွင် ထင်သလိုအကြမ်းဖက်သောင်းကျန်းကြ၏။

ဝေလူကြမ်းကြီးများ၏ သတင်းဆိုးသည် နေပြည်တော်သို့တိုင် ရောက်ရှိသွား၏။

ထိုအခါ ...

ဘုရင်မင်းမြတ်သည် အကြမ်းဖက်မှုများကို နှိမ်နင်းရန်



စစ်သူကြီးတစ်ယောက်အား တာဝန်ပေးလိုက်၏။

တာဝန်ခံ စစ်သူကြီးသည်လည်း ဝေလူကြမ်းကြီးများအား ချီတက် တိုက်ခိုက်ရန် ပြင်ဆင်ရတော့၏။

❖

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းတုံသည် အနီးတွင်ရှိနေသည့် မိန်းမချောလေးနှစ်ယောက်အား ပြုံး၍ကြည့်နေ၏။

ထိုမိန်းကလေးများသည် အဓမ္မ ဖမ်းဆီးခေါ်ဆောင်လာခြင်း ခံရသည့် တောသူလေးများဖြစ်၏။

သူက အရက်တစ်ခွက်သောက်လိုက်ပြီး ...

"မင်းတို့သာ လိမ္မာကြမယ်ဆိုရင် ငါကလည်း မင်းတို့ကို ကောင်းကောင်းမွန်မွန်ထားမယ်ဆိုတာ မှတ်ထားပါ"

ဟု ပြောလိုက်၏။

ယခုအချိန်တွင် သူသည် လူပုလေး၏ အရှိန်အဝါဖြင့် ဝေလူ



ကြမ်းကြီးများ၏ နယ်မြေတွင် လူတွင်ကျယ်ဖြစ်နေ၏။

ရိုင်းစိုင်းခက်ထန်သော ဝေလူကြမ်းကြီးများသည်ပင် သူ၏ အမိန့်ကို နာခံကြရ၏။

ဝမ်းတုံကား အသစ်ရောက်လာသော အကျဉ်းသူလေးနှစ်ယောက်နှင့် အချိန်ကုန်ရန် စိုင်းပြင်းနေစဉ် အစောင့်တစ်ယောက် ရောက်ရှိလာပြီး ...

"ကိုယ်ရံတော်ကြီးခင်ဗျား ... ခေါင်းဆောင်ကြီးက ခေါ်ခိုင်းလိုက်ပါတယ်"

ဟု သတင်းပို့လာ၏။

သူသည် ဘာမှ မတတ်နိုင်တော့ဘဲ ချက်ချင်းလိုက်သွားရသည်။

လူပုလေးက သူ့အား စောင့်နေ၏။

သူ ရောက်လာလျှင် ...

"မနေ့က ဖမ်းဆီးထားတဲ့ ရွာသားတွေကိုသွားပြီး စစ်ဆေးကြည့်ရအောင်၊ ခုတစ်လော သတင်းတွေ ထူးနေတယ်၊ နေပြည်တော်ကတပ်ဖွဲ့တွေ မြောက်ပိုင်းကို ချီတက်လာနေပြီလို့ ကြားရတယ်"

သူက ပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ကောင်းတာပဲ ... ကျုပ်တို့ ဒီက ထွက်ပြေးဖို့ အခွင့်အရေး ရတာပေါ့ဗျာ"

လူပုလေးက ...

"တိုးတိုးပြော ... တို့လုပ်စရာရှိတာတွေ ကြိုတင်လုပ်ထားမှ ဖြစ်မယ်၊ ကဲ လာ ... သွားကြစို့"

"ကောင်းပါပြီဗျာ"

နှစ်ယောက်သား ဖမ်းဆီးခေါ်လာသည့် ရွာသားများကို သွားရောက်စစ်ဆေးလိုက်ကြ၏။

ဟိုတစ်စ သည်တစ်စ ရှိသော သတင်းများကို ဆက်စပ်ကြည့်လိုက်သောအခါ ဝေလူကြမ်းကြီးများအား နှိမ်နင်းရန် နေပြည်တော်မှတပ်ဖွဲ့များ ချီတက်လာနေပြီဆိုသောသတင်းမှာ မှန်ကန်နေကြောင်း သိလာရ၏။

မကြာမီ နေပြည်တော်မှတပ်ဖွဲ့များ ရောက်ရှိလာကြလိမ့်မည် ဖြစ်သည်။

ဝေလူကြမ်းကြီးများကို ပြင်းပြင်းထန်ထန် နှိမ်နင်းကြတော့မည်ဖြစ်၏။

ဤနေရာတွင် ဆက်လက်နေထိုင်ပါက ဒုက္ခရောက်ဖို့သာ



ရှိတော့ကြောင်း သူနားလည်လာ၏။

နှစ်ယောက်သား အကျဉ်းသားများကို စစ်ဆေးပြီး ပြန်လာခဲ့ကြရာ တစ်နေရာသို့အရောက်တွင် လူပုလေးက ...

"ဝမ်းတို ... မင်းနဲ့အတူပါလာတဲ့ မင်းရဲ့သူငယ်ချင်းကိုရော သတိမရဘူးလား"

ဟု မေးလာ၏။

ထိုအခါမှပင် သူသည် စန်းရယ်ကိုလည်းကောင်း၊ ရှောင်ကျင်းကိုလည်းကောင်း သတိရလာ၏။

ရှောင်ကျင်းကား ဘယ်ရပ်ဘယ်ဝယ် ရောက်လေပြီမသိပါ။

စန်းရယ်မှာမူ သူနှင့် အတူတူ အဖမ်းခံခဲ့ရခြင်း ဖြစ်လေသည်။

ထို့ကြောင့် ...

"ဟုတ်သားပဲ ... ကျုပ်ရဲ့သူငယ်ချင်းတစ်ယောက်ကို ဒီမှာ ဖမ်းထားတယ် မဟုတ်လား"

ဟု ပြန်မေးလိုက်၏။

လူပုလေးက ...

"ဪ ... မင်း သတိရသေးတာကိုး ... ဟိုမှာလေ"

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာဆီသို့ ညွှန်ပြကာ ပြော၏။

ဝမ်းတို့ လှမ်းကြည့်လိုက်ရာ ကျောက်တုံးကျောက်ခဲကြီးများကို သယ်ပိုးနေသည့် အကျဉ်းသားများကို တွေ့ရသည်။

ထိုကျောက်တုံးကျောက်ခဲများသည် တောင်ပေါ်သို့တက်လာသော ရန်သူကို တိုက်ခိုက်ရန် ကျောက်မောင်းဆင်ရာတွင် အသုံးပြုရန်ဖြစ်၏။

အကျဉ်းသားတိုင်းကို သံခြေကျင်းခတ်ကာ သံကြိုးများဖြင့် ချည်နှောင်ထား၏။

သူတို့လှုပ်ရှားလိုက်လေတိုင်း တချွင်ချွင် မြည်သံများ ထွက်ပေါ်နေ၏။

ပင်ပန်းကြီးစွာ လုပ်ကိုင်ကြရသော်လည်း အစာရေစာ ဝဝလင်လင် မစားရခြင်း၊ ညှဉ်းပန်းနှိပ်စက်မှုခံရခြင်းကြောင့် အကျဉ်းသားတို့သည် လူရုပ်ပင် မပေါ်တော့ချေ။

ထိုအကျဉ်းသားများတွင် စန်းရယ်လည်း ပါဝင်နေသည်ကို တွေ့ရ၏။

စန်းရယ်၏ဆံပင်များ ဖုတ်သိုက် ဖြစ်နေ၏။

အရိုးပေါ် အရေတင် ပိန်ချုံးနေ၏။



မျက်လုံးများကလည်း ဝါကြင့်ကြင့်ဖြစ်နေ၏။

ဝမ်းတို့က ပြုံးလိုက်၏။

စန်းရယ်အနီးသို့ လှမ်းသွားပြီး ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်၏။

စန်းရယ်က ...

"ဝမ်းတို့ ... မင်း ခင်း"

မမျှော်လင့်ဘဲ ဝမ်းတို့ကို တွေ့လိုက်ရသဖြင့် ဝမ်းသာအားရ ဖြစ်သွားလေသည်။

ဝမ်းတို့က ...

"ဘာလဲ ... မင်းအံ့သြနေတာလား"

စန်းရယ်က ...

"ဟုတ်တယ် ... မင်း ဘာမှ မဖြစ်ဘူးနော်"

"ဘာဖြစ်ရမလဲကွာ ... ငါက ကောင်းကောင်းနေ ကောင်းကောင်းစားနေရတယ်လေ၊ ဘာလဲ မင်းမဲ့နေလို့ဘူးလား"

"ငါ"

စန်းရယ်သည် ဝမ်းတို့ကို အသနားခံသော အကြည့်ဖြင့် ကြည့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းတုံ ... မင်း ငါ့ကို ကူညီပါဦးကွာ"

ဟု တောင်းပန်လိုက်လေ၏။

"ဟား ဟား ဟား"

"မင်းပဲ ငါ့ကြောင့် ဒုက္ခရောက်ရတယ်ဆို၊ မင်းသာ ငါ့နောက်ကို လိုက်မယ်ဆိုရင် သည့်လို ဒုက္ခရောက်ပါ့မလားကွ"

စန်းရယ် မကျေမနပ်ဖြစ်သွားသော်လည်း ဘာမှမတတ်နိုင်သဖြင့် ...

"ငါ မှားပါတယ်ကွာ ... ငါ့ကို ကယ်ပါဦး"

ဟု ပြောလိုက်သည်။

ဝမ်းတုံက ...

"မင်းက လူမိုက်ပဲ၊ မင်းကို ငါကူညီလို့ ငါ့အတွက်ဘာအကျိုးရှိမှာလဲ၊ မင်းထိုက်နဲ့ မင်းကံနေပေတော့"

စကားဆုံးလျှင် ကျောခိုင်းထွက်လာခဲ့လေ၏။

စန်းရယ် ဒေါသထွက်သွား၏။

"ဝမ်းတုံ ... လူယုတ်မာ"

ဟု အော်ဟစ်ကာ ပခုံးပေါ် ထမ်းထားသော ကျောက်တုံးဖြင့် ပစ်ပေါက်ရန် မှာန်ပြင်လိုက်၏။



သို့သော် ခွန်အားမရှိသဖြင့် လိုရာသို့ ရောက်အောင် ပစ်ပေါက်နိုင်ခြင်း မရှိပေ။

'ဝုန်း'

ကျောက်တုံးသည် ဝမ်းတုံကို မထိဘဲ မြေပေါ်လိမ့်သွားလေသည်။

ဝမ်းတုံ ခြေလှမ်းရပ်လိုက်၏။

စန်းရယ်ကို လှည့်ကြည့်လိုက်ပြီး ...

"သြော် ... မင်းက ငါ့ကိုတိုက်ခိုက်ဖို့ ကြိုးစားတယ်ပေါ့ဟုတ် လား"

ဟု ငေါက်လိုက်လေ၏။

စန်းရယ်က အံကြိတ်ကာ ...

"မင်းကို သတ်ပစ်ရမယ်ကွ"

ဝမ်းတုံက ...

"ကောင်းပြီလေ ... ငါ့အကြောင်းသိအောင် ပြရသေးတာပေါ့၊ ကဲ ... အစောင့်တွေ လာကြစမ်းဟေ့"

ဟု လှမ်းခေါ်လိုက်၏။

မလှမ်းမကမ်း၌ရှိသော အစောင့်များက ချက်ချင်းပြေးလာ

www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။

"အမိန့်ရှိပါ ကိုယ်ရံတော်လေး"

သူ့ကို ဦးညွှတ်လာကြ၏။

သူက ...

"ဒီအကျဉ်းသားက ကျုပ်ကို အန္တရာယ်ပြုဖို့ ကြံစည်နေတာ မြင်တယ်မဟုတ်လား။ သူ့ကို မှတ်လောက်သား လောက်အောင် ဆုံးမလိုက်ကြစမ်း"

"ကောင်းပါပြီ ကိုယ်ရံတော်လေး"

အစောင့်တို့သည် ချက်ချင်းပင် စန်းရယ်အား ရိုက်နှက်နှိပ်စက်ကြလေတော့၏။

'ဖုန်း'

'ခွပ်'

"အမလေးဗျ"

သူ့ရှေ့ရှည့်သည့် အသံများနှင့်အတူ စန်းရယ်မြေပေါ်တွင် ခွေခွေကလေး ဖြစ်သွား၏။

သူ၏ တစ်ကိုယ်လုံး သွေးခြင်းခြင်း နီမြန်းသွား၏။

ထိုအခါ ဝမ်းတုံက ...



"သူ့ကို ခေါ်သွားပြီး အကျဉ်းခန်းထဲ ထည့်ထားလိုက်၊ တစ်နေ့ကို တစ်ကြိမ် ရိုက်နှက်ဆုံးမရမယ်"

ဟု အမိန့်ပေးလိုက်၏။

အစောင့်များက ဦးညွှတ်ပြီး စန်းရယ်အား ဆွဲခေါ်သွားကြလေ၏။

စန်းရယ်မှာ ဝမ်းတုံကို ကျိန်ဆဲခြင်းပင် မပြုနိုင်ဘဲ လိုက်ပါသွားရလေ၏။

❖

www.burmeseclassic.com

www.burmeseclassic.com



လူပုလေး ...။

ထိုလူသည် ဆေးပညာသာမက သိုင်းပညာပါ တတ်မြောက်ထားသူဖြစ်ရာ သတိထားရမည်ဟု ဝမ်းတုံက အမြဲဆင်ခြင်ထားလေသည်။

ထိုလူက သူနှင့် မျက်နှာချင်းဆိုင်ထိုင်ကာ အရက်တစ်ခွက်ငုံ့သောက်လိုက်ပြီးမှ ...

"နေပြည်တော်က တပ်ဖွဲ့တွေတော့ မြောက်ပိုင်းဒေသကို ချီတက်လာနေကြပြီ၊ ဒီတော့ မင်း ဘယ်လိုသဘောရသလဲ"

ဟု မေးလာလေသည်။



သူက ...

"နေပြည်တော်က တပ်ဖွဲ့တွေ ရောက်လာရင် ကျုပ်တို့အားလုံး ချေမှုန်းခံရမှာ၊ ဒါကြောင့် အချိန်ရှိတုန်း ရှောင်တိမ်းသွားနိုင်ရင် အကောင်းဆုံးပေါ့ဗျာ"

ထိုလူက ...

"ဟုတ်တယ် ... ကျုပ်လည်း ဒီလိုပဲ သဘောရတယ်၊ ဒါကြောင့် ကျုပ်က မင်းကို ဘာကြောင့်ကူညီထားခဲ့ရတယ်ဆိုတာ ပြောပြမယ်"

ဝမ်းတုံက ...

"ပြောပါဗျာ ... ရှင်းရှင်းလင်းလင်းသိရတော့ ကောင်းတာပေါ့"

လူပုလေးက ...

"မြောက်ပိုင်းမြို့စားရဲ့သချိုင်းဂူကြောင့် မင်းကို ကျုပ်ကူညီခဲ့တာပဲ"

ဟု ပြောလာလေသည်။

ဝမ်းတုံ မျက်မှောင်ကုတ်သွားသည်။

"မြောက်ပိုင်းမြို့စားရဲ့ သချိုင်းဂူ ... ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒီဒေသကို ဝေလူကြမ်းကြီးတွေ ရောက်မလာခင်က အုပ်ချုပ်ခဲ့တဲ့ မြောက်ပိုင်းမြို့စားဆိုတာ ရှိခဲ့တယ်၊ သူ့ရဲ့လက်ထက်မှာ အတော့်ကို စည်ပင်ဖွံ့ဖြိုးခဲ့တာပေါ့"

ဝမ်းတုံက စိတ်ဝင်စားစွာ နားထောင်နေလိုက်လေ၏။

လူပုလေးက ဆက်ပြော၏။

"ကျုပ်က မြောက်ပိုင်းဒေသကို လာခဲ့တဲ့ အဓိကရည်ရွယ်ချက်ဟာ ပရဆေးပင်တွေရှာဖို့ထက် မြောက်ပိုင်းမြို့စားရဲ့ ရတနာသိုက်ကိုရှာဖို့ပဲ"

"ရတနာသိုက်"

"ဟုတ်တယ်"

ဝမ်းတုံ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေ၏။

သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာသည်။

လောဘကြောင့် အရောင်လက်လာခြင်း ဖြစ်ပေတော့သည်။

လူပုလေးက ...

"ဟောဒီ မြောက်ပိုင်းတောင်တန်းဒေသမှာ လွန်ခဲ့တဲ့နှစ်



ပေါင်းနှစ်ဆယ်ကျော်လောက်က စည်ကားသိုက်မြိုက်ခဲ့ပေမယ့် မမျှော်လင့်ဘဲ ကပ်ရောဂါဆိုးတစ်ခု ကျရောက်ခဲ့ပြီး လူအတော်များများ သေဆုံးသွားကြတယ် ...၊

တချို့လည်း ဘေးအန္တရာယ်ကင်းလွတ်ရာကို ထွက်ပြေးတိမ်းရှောင်သွားကြတယ်၊ နောက်ဆုံး မြောက်ပိုင်းမြို့စားတို့ မိသားစုပဲ ကျန်ရစ်ခဲ့တယ် ...၊

သူတို့လည်း နောက်ဆုံးအချိန်မှာ ကပ်ရောဂါဆိုးကြောင့် သေဆုံးသွားကြတယ် ...၊

သူတို့မကွယ်လွန်မီမှာ ရှိသမျှ အဖိုးတန်ရွှေငွေရတနာတွေကို စုဆောင်းသိမ်းဆည်းပြီး မြောက်ပိုင်းမြို့စားရဲ့ သမီးတော်လေးရဲ့ အုတ်ဂူထဲမှာ ထည့်သွင်းမြှုပ်နှံ သင်္ဂြိုဟ်ခဲ့ကြတယ်"

ဝမ်းတုံက ...

"ဒီအကြောင်းတွေကို ခင်ဗျားက ဘယ်လိုလုပ်ပြီး သိနေတာလဲ"

ဟု မေးလိုက်လေ၏။

လူပုလေးက ...

"အင်း ... ကျုပ်က ကံကောင်းခဲ့တာပဲ၊ မမျှော်လင့်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



မြောက်ပိုင်းတောင်တန်းက ထွက်ပြေးလာတဲ့ လူတစ်ယောက်နဲ့ တွေ့ဆုံခဲ့ရတယ်လေ၊ သူဟာ မြောက်ပိုင်းမြို့စားရဲ့ စံအိမ်မှာ အမှုထမ်းဖူးတဲ့လူပဲ၊ ဒါကြောင့် မြောက်ပိုင်းမြို့စားရဲ့ ရတနာတွေအကြောင်း သိခဲ့ရတာပဲ"

ဝမ်းတုံက ...

"ခင်ဗျားက အဲဒီရတနာပစ္စည်းတွေကို ရယူမယ်ဆိုပါတော့"

လူပုလေးက ...

"ဒါပေါ့ကွာ ... ကျုပ်က ရတနာတွေကိုလိုချင်လို့ ဒီနေရာကို အရောက်လာပြီး အနစ်နာခံနေရတာပေါ့"

ဝမ်းတုံက ...

"ရတနာတွေ ဘယ်မှာရှိတယ်ဆိုတာ ခင်ဗျားသိသလား"

"သိတယ်"

"ဒါဖြင့် ဘာကြောင့် သွားမယူသေးတာလဲ"

"ကျုပ်"

လူပုလေး မျက်နှာပျက်သွားပြီး ...

"ကျုပ် သွားယူလို့မဖြစ်ဘူး၊ ဒါကြောင့် မင်းကိုအကူအညီတောင်းမလို့ စိတ်ကူးခဲ့တာပေါ့"



ဟု ပြောလေ၏။

လူပုလေးတွင် လျှို့ဝှက်ချက်တစ်ခုခုရှိရမည်ဟု ဝမ်းတုံ ဆင်ခြင်လိုက်လေ၏။

ထို့ကြောင့် ...

"ကောင်းပြီ၊ ရတနာတွေရှိတဲ့နေရာကိုသာ ပြောပါ၊ ကျုပ်က ရအောင်သွားယူပေးပါ့မယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ... ဘာဖြစ်သလဲ"

"ဘာဖြစ်သလဲဆိုတော့ ရတနာတွေရှိတဲ့နေရာကို သိပါလျက်နဲ့ ခင်ဗျားကိုယ်တိုင် ဘာကြောင့် သွားမယူတာလဲ၊ ကျုပ်ကို အမှန်အတိုင်းပြောပြရမယ်"

သူက ...

"ကျုပ်က"

ဝမ်းတုံက ကြားဖြတ်ပြောလိုက်လေ၏။

"ကျုပ်ကို အမှန်အတိုင်းမပြောရင် ကျုပ်က ခင်ဗျားကိုကူညီနိုင်မှာမဟုတ်ဘူး"

ဟူ၍ အကျပ်ကိုင်လိုက်လေ၏။

သူက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကိုမကူညီရင် မင်းလည်း သက်ဆိုးရှည်ဖို့ မလွယ်ဘူး"

ဟု ခြိမ်းခြောက်လိုက်လေ၏။

"ဟား ဟား ဟား"

ဝမ်းတုံက ဟားတိုက်ရယ်မောလိုက်၏။

"ခင်ဗျားကို ကူညီနိုင်မယ့်လူ ကျုပ်တစ်ယောက်တည်းပဲရှိတယ်ဆိုတာလဲ မမေ့ပါနဲ့ဗျာ"

သူက သက်ပြင်းချလိုက်၏။

"မင်းနဲ့ကျုပ် စိတ်ဝမ်းကွဲနေလို့ကတော့ ဘယ်တော့မှ အောင်မြင်မှာမဟုတ်ဘူး၊ ဒါကြောင့် ... တို့အတူတူ လက်တွဲဆောင်ရွက်ကြတာပေါ့၊ ဒါမှ ... နှစ်ယောက်စလုံး အကျိုးကျေးဇူးခံစားရမှာပဲ"

ဝမ်းတုံက ...

"ခင်ဗျား ဒီလိုနားလည်မှုရှိရင်တော့ ကျေးဇူးတင်ရမှာပေါ့ဗျာ၊ ကျုပ်ကို ပွင့်ပွင့်လင်းလင်း ပြောပြဖို့တော့လိုလိမ့်မယ်"

လူပုလေး သက်ပြင်းချလိုက်၏။

"ကျုပ် ပြောပြရင် ... မင်းကြောက်လန့်သွားမှာ စိုးရိမ်လို့ပါ"



"ကျုပ်က ကြောက်လန့်သွားလိမ့်မယ် ... ဟုတ်လား"

"ဟုတ်တယ် ... ကျုပ်တွေ့ခဲ့တဲ့ တစ်ခါမှ မကြုံဖူးတဲ့အဖြစ်နဲ့ ကြုံလိုက်ရတာကြောင့် ရတနာတွေ ဘယ်မှာရှိတယ်ဆိုတာ သိပေမယ့် သွားမယူရဲအောင် ဖြစ်နေရတာပေါ့"

ဝမ်းတုံ နားမလည်နိုင်အောင် ဖြစ်သွားပြီး ...

"ခင်ဗျား ရှင်းပြရင်ကောင်းမယ်"

ဟု ပြောလိုက်၏။

လူပုလေးက ...

"စိတ်ချ ... ကျုပ်ပြောပြပါ့မယ်၊ အဖြစ်က ဒီလိုပါ"

ဟု အစချီကာ မြောက်ပိုင်းမြို့စား၏ ရတနာများနှင့်ပတ်သက်ပြီး ရှင်းပြလိုက်တော့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com



တိမ်ဖြူကင်းစင်သော ညတစ်ညဖြစ်ပါ၏။

ယနေ့ညတွင် ဝေလူကြမ်းကြီးများသည် အင်အား တောင့်တင်းသော ကျေးရွာတစ်ရွာကို အနိုင်တိုက်ခိုက်၍ လုယက်လာနိုင်ခဲ့ကြသဖြင့် ဝမ်းသာပျော်ရွှင်နေကြပြီး အောင်ပွဲခံကာ သောက်စားမူးယစ်လျက် ရှိကြ၏။

ဝေလူကြမ်းကြီးများ စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်နေကြချိန်တွင် လူပုလေးက အခွင့်ကောင်းယူ၍ ထွက်လာခဲ့သည်။

ယနေ့လို ညမျိုးကို သူက စောင့်ဆိုင်းနေခဲ့သည်မှာ ကြာပြီဖြစ်၏။



သူသည် ဆူဆူညံညံအသံများနှင့် ဝေးရာသို့ ရောက်လာလျှင် အဝေးသို့ငေး မျှော်ကြည့်လိုက်၏။

လရောင်အောက်တွင် မိုးထိမြင့်မားစွာ တည်ရှိနေသော သခင်မတောင်ကို ထီးထီးကြီး တွေ့မြင်နေရ၏။

ထိုသခင်မတောင်ပေါ်တွင် မြောက်ပိုင်းမြို့စား၏ ပျက်စီးယိုယွင်းနေသည့် စံအိမ်ရှိပါ၏။

မြို့စား စံအိမ်အတွင်း၌ အဖိုးမဖြတ်နိုင်သည့် ရတနာများရှိနေသည် မဟုတ်ပါလား။

သူသည် ရတနာပစ္စည်းများကို ယူဆောင်၍ ထွက်ပြေးတိမ်းရှောင်ရန် ဆုံးဖြတ်ထားပြီဖြစ်၏။

အခွင့်အရေးကို မိမိရရအသုံးချမည်ဖြစ်ရကား အချိန်မဆိုင်းဘဲ သခင်မတောင်ရှိရာသို့ ဦးတည်ကာ ကိုယ်ဖော့ပညာ အသုံးပြုပြီး ပြေးလွှားသွားလိုက်၏။

သူသည် အိုင်းပညာခေသူမဟုတ်ကြောင်း ထင်ရှားပေါ်လွင်လာ၏။

လရောင်အောက်တွင် သူ၏ခန္ဓာကိုယ်သည် ဖိုင်ခနဲ ရိပ်ခနဲ လှုပ်ရှားသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ...

ထမင်းတစ်အိုးကျက်ခန့် အချိန်မကြာမီ သခင်မ တောင်ထိပ်သို့ ရောက်ရှိသွား၏။

သခင်မတောင်ထိပ်တွင် မြို့စားစံအိမ်ပျက်ကြီးသည် လွမ်းဆွတ်ကြေကွဲဖွယ်ကောင်းအောင် တည်ရှိနေ၏။

သူသည် မြို့စားစံအိမ်ပျက်ကြီးကို မြင်လျှင် အားရပါးရပြုံးလိုက်၏။

"ငါ့အကြံ အောင်တော့မယ်"

ဟုလည်း တီးတိုးရေရွတ်လိုက်၏။

ထို့နောက် စံအိမ်ပျက်ထဲသို့ သတိကြီးစွာထား၍ ဝင်သွား၏။

ဝေလူကြမ်းကြီးများသည် တိုက်ခိုက်လုယက်ဖို့ ဝန်မလေးကြသူများ ဖြစ်၏။

သို့သော် သခင်မ တောင်ဘက်သို့ တစ်ဦးတစ်ယောက်မျှ ခြေဦးမလှည့်ကြချေ။

လှပုလေးက မသိမသာ စုံစမ်းကြည့်သော်လည်း အကြောင်း မထူးခဲ့ချေ။



သခင်မတောင်ဟူသော အမည်ကြားသည်နှင့် ဝေလူကြမ်းကြီးများ ထိတ်လန့်သွားကြပြီး ဘာမှမပြောကြတော့ချေ။

သခင်မတောင်ပေါ်တွင် ထိတ်လန့်စရာအကြောင်း တစ်ခုခုရှိနေလိမ့်မည်ဟု လှပုလေးနားလည်ထားလေ၏။

ထို့ကြောင့် အစစအရာရာ သတိဝီရိယထား၍ မြို့စားစံအိမ်ပျက်ကြီးထဲသို့ ဝင်လာခဲ့ရ၏။

စံအိမ်ခေါင်မိုး အပေါက်အပြဲများမှာ လရောင်တိုးဝင်နေပါ၏။

လရောင်ဖြင့် စံအိမ်ပျက်ကြီးအတွင်း၌ လင်းလင်းကျင်းကျင်း ဖြစ်နေ၏။

သူသည် ကြားသိခဲ့ရသည့်သတင်းများအတိုင်း စံအိမ်ပျက်ကြီးအတွင်းရှိ ကျောက်ဖြူအဆောင်ကြီးကို လိုက်လံရှာဖွေ၏။

ထိုကျောက်ဆောင်အတွင်း၌ မြို့စားကြီးတို့ မိသားစု၏ ရုပ်အလောင်းများ ဂူသွင်းမြှုပ်နှံထား၏။

ထိုသို့ မြှုပ်နှံထားသည့် အုတ်ဂူများတွင် မှန်ခေါင်းသွင်းထားသော အုတ်ဂူတစ်ခုသည် ထူးခြားမှုရှိနေ၏။

ထိုအုတ်ဂူအတွင်း၌ အဖိုးတန်ဆုံး ကျောက်မျက်ရတနာများ

www.burmeseclassic.com

www.burmeseclassic.com



ထည့်သွင်းထား၏။

ထိုအဖိုးတန်ကျောက်မျက်ရတနာများကိုသာ ရရှိမည်ဆိုပါလျှင် တစ်သက်မဆိုထားနှင့် ဆယ်သက်စားမကုန်အောင် ရှိမည်မဟုတ်ပါလား။

လူပုလေးက စံအိမ်ပျက်ကြီးအတွင်းသို့ ဝင်၍ ဟိုဟိုသည်သည် ရှာဖွေကြည့်သည်။

မကြာပါချေ။

ကျောက်ဖြူများဖြင့် ဆောက်လုပ်ထားသောအဆောင်ကြီးကို တွေ့မြင်သွား၏။

ထိုအဆောင်ကြီးမှာ ပျက်စီးယိုယွင်းခြင်းမရှိဘဲ အကောင်းပကတိရှိနေသည်မှာ အံ့သြစရာ ကောင်းလှတော့သည်။

မြောက်ပိုင်းမြို့စားကြီး၏စံအိမ် ပျက်စီးသွားခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပြီ မဟုတ်ပါလား။

သူကြားသိခဲ့သမျှ သတင်းများအတိုင်း မြောက်ပိုင်းမြို့စား၏စံအိမ်ပျက်ကြီးနှင့် ကျောက်ဖြူအဆောင်ကြီးကို တွေ့နေရပြီ ဖြစ်၏။

"ဟေး"



လူပုလေး ဝမ်းသာအားရ အော်လိုက်၏။

သူ၏စိတ်ကူးယဉ်အိပ်မက်သည် လက်တွေ့အကောင်အထည်ပေါ်လာပြီ မဟုတ်ပါလား။

ထိုလူသည် ကျောက်ဖြူအဆောင်အတွင်းသို့ ပြေးဝင်သွားရန် ဟန်ပြင်လိုက်လေ၏။

ထိုလူ ခြေလှမ်းတုံ့ခနဲ ရပ်သွား၏။

ပတ်ဝန်းကျင်ကို သတိပြု အကဲခတ်ကြည့်လိုက်၏။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

ထူးခြားမှု တစ်စုံတစ်ရာ မတွေ့ရချေ။

ထိုလူက နှာခေါင်းတရှုပ်ရှုပ်ဖြင့် အနံ့ခံလိုက်၏။

အမွှေးနံ့သည် တစ်စထက်တစ်စ ပြင်းထန်လာ၏။

ထိုအမွှေးနံ့သည် မည်သို့သော အမွှေးနံ့ဖြစ်သည်ကို ထိုလူ ဝေခွဲမရနိုင်တော့ချေ။

သို့သော် လေတစ်ချက်ဝှေ့ယမ်းတိုက်ခတ်လာသောအခါ အမွှေးနံ့များ ပျောက်ကွယ်သွားလေ၏။

ထိုလူ ခေါင်းခါယမ်းလိုက်၏။

"ဒီပတ်ဝန်းကျင်မှ အနံ့ပြင်းတဲ့ ပန်းပင်တစ်မျိုးမျိုး ရှိနေလို့ပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်”

ဟု တွေးကာ ကျောက်ဖြူအဆောင်အတွင်းသို့ ဆက်၍သွား၏။

အဆောင်ထဲသို့ရောက်သွားလျှင် အစီအရီရှိနေသော အုတ်ဂူများကို တွေ့လိုက်ရလေ၏။

ထိုလူသည် မှန်ခေါင်းသွင်းကာ မြှုပ်နှံထားသည့် အုတ်ဂူကို ရှာဖွေလိုက်၏။

ထိုအချိန်မှာပင် ...

“ဟင့် ဟင့်”

ငိုရှိုက်သံသဲ့သဲ့ လေနှင့်အတူ လွင့်မျောလာသည်ကို ကြားလိုက်ရလေ၏။

“ဟင်”

ထိုလူရင်ထိတ်သွား၏။

ကပျာကယာ နောက်လှည့်ကြည့်လိုက်၏။

ဝန်းကျင်တွင် လူသူကင်းရှင်းနေပါသည်။

ငိုရှိုက်သံသည် မည်သည့်နေရာမှ ထွက်ပေါ်လာပါသနည်း။



မည်သူက ငိုကြွေးနေပါသနည်း။

ထိုလူက ...

“ဘယ်သူလဲ”

ဟု မေးလိုက်လေ၏။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေ၏။

သို့သော် တုံ့ပြန်သံ မကြားရချေ။

ထိုလူ ဒေါပွသွား၏။

“ဘယ်သူလဲ ... ထွက်လာလို့ပြောနေတာ မကြားဘူးလား သေချင်ပြီထင်တယ်”

ဟု အော်ငေါက်လိုက်၏။

လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်တိုက်ခိုက်ရန်လည်း အသင့်ပြင်ထားလိုက်လေ၏။

ငိုရှိုက်သံကား ပျောက်ကွယ်သွားပြီဖြစ်၏။

နောက်ထပ် မကြားရတော့ချေ။

ထိုလူ အံ့ဩသွား၏။

သခင်မလေးနှင့်ပတ်သက်နေ၍ ဝေလူကြမ်းကြီးများထံမှ အဆုံးစွန်ဆုံး ကြားသိခဲ့ရသည်မှာ မကောင်းဆိုးဝါးဝိညာဉ်များက

www.burmeseclassic.com

www.burmeseclassic.com



ခြောက်လှန့်သည်ဆိုခြင်း ဖြစ်လေ၏။

ထိုလူက ...

"ငါဟာ ဝေလူကြမ်းကြီးတွေပြောသလို မကောင်းဆိုးဝါးနဲ့များ တွေ့နေရတာလား"

ဟု ရေရွတ်လိုက်မိလေ၏။

ကျောက်ဖြူအဆောင်ကြီးသည် မြို့စားကြီး၏ မိသားစုအား မြုပ်နှံသင်္ဂြိုဟ်ထားသောသင်္ချိုင်းဂူကြီးတစ်ခုကဲ့သို့ ဖြစ်နေပါသည်။

ထိုလူ အံကြိတ်လိုက်၏။

"ငါက မကောင်းဆိုးဝါးကို ကြောက်နေမယ်များ မှတ်နေသလား"

ဟု ကြုံးဝါးလိုက်၏။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

မရှေးမနှောင်းမှာပင် ...

"ခစ်"

ချိုလွင်သော ရယ်သံတစ်ချက် ထွက်ပေါ်လာလေ၏။

ထိုလူ ခေါင်းနားပန်းကြီးသွား၏။



"ဘယ်သူလဲ ... ထွက်ခဲ့စမ်း"

ဟု အော်ပြောလိုက်၏။

မည်သို့ဆိုစေ ရယ်သံရှည်ကိုလည်းကောင်း၊ ငိုသံရှည်ကိုလည်းကောင်း၊ အမွှေးနံ့ပိုင်ရှင်ကိုလည်းကောင်း အရိပ်အယောင်မျှပင် မတွေ့ရချေ။

ထိုလူ ဒေါပွလာလေ၏။

အဆောင်အတွင်း၌တွေ့ရသော လူ့အသုံးအဆောင်ပစ္စည်းအဟောင်းအမြင်းများကို ကန်ကျောက်ပစ်လိုက်လေသည်။

'ဝုန်း ဂလုံး'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာ၏။

ဖုန်မှုန့်များ တထောင်းထောင်းထသွား၏။

ထိုလူက စိတ်ရှိလက်ရှိ ကန်ကျောက်လိုက်ပြီးမှ ...

"သတ္တိရှိရင် ထွက်ခဲ့စမ်း"

ဟု အော်ပြောလိုက်လေ၏။

အသံဗလံဟူသရွေ့ကား တိတ်ဆိတ်ကွယ်ပျောက်သွားပြီဖြစ်၏။

ထိုလူသည် တိုက်ခိုက်ရန် အသင့်ပြင်ရင်း ရန်သူထွက်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



လာမည့်အချိန်ကို စောင့်နေလိုက်၏။

ရန်သူကား ထွက်ပေါ်လာခြင်း မရှိပါချေ။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်ကာ အန္တရာယ်အရိပ်အယောင်ဟူ၍ မတွေ့ရချေ။

ထိုသူ သက်ပြင်းချလိုက်၏။

"ငါ စိတ်ထင်လို့ပဲဖြစ်မှာပါ"

ဟု ကိုယ့်ကိုယ်ကိုယ် အားပေးလိုက်ပြီး အုတ်ဂူများကို လိုက်လံစစ်ဆေးကြည့်လိုက်မိလေ၏။

မကြာပါချေ ...

မှန်ခေါင်းသွင်းထားသောအုတ်ဂူကို ရှာဖွေတွေ့ရှိသွားလေတော့၏။

"ဟား ဟား ဟား"

လူပုလေး သဘောကျစွာ ရယ်မောလိုက်၏။

ယခု သူရှာဖွေနေသည့် မြို့စားကြီး၏ ရတနာသိုက်ကို ဆိုက်မြိုက်စွာ တွေ့လိုက်ရပြီဖြစ်၏။

"ငါ့လက်ထဲက ဘယ်ပြေးမလဲ"

ဟု ကြုံးဝါးလိုက်၏။



မှန်ခေါင်းအတွင်းသို့ သေသေချာချာ ကြည့်လိုက်လေသည်။

မှန်ခေါင်းထဲ၌ ရွှေချည်ထိုးအဝတ်အစားများဖြင့် အလွန်လှပချောမောသည့် အမျိုးသမီးတစ်ယောက် လဲလျောင်းနေသည်ကို တွေ့ရ၏။

ထိုအမျိုးသမီးမှာ မြို့စားကြီး၏ သမီးတော်လေးဖြစ်လေသည်။

နတ်မိမယ်ပမာ ချောမောလှပသူလည်း ဖြစ်၏။

သူမ၏ခန္ဓာကိုယ်ပေါ်ရှိ အဖိုးတန်ကျောက်မျက်ရတနာများ စီခြယ်ထားရာ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေ၏။

လောဘကြီးလှသော လူပုလေးပင်လျှင် ငေးမောသွားရလေ၏။

လုံးဝမမျှော်လင့်မထားသောမြင်ကွင်းကို တွေ့မြင်လိုက်ရခြင်း ဖြစ်၏။

မှန်ခေါင်းကို ထုခွဲကာ ကျောက်မျက်ရတနာများ ယူရမည်ကိုပင် မလုပ်ရက်သလို ဖြစ်သွား၏။

မြို့စားသမီးတော်၏ အလောင်းကို အတန်ကြာ ငေးကြည့်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



မြို့စားသမီးတော် သေဆုံးသွားခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ ဖြစ်၏။

ယခုတိုင် ...

မပုပ်သိုးသေးဘဲ အကောင်းပကတိ ရှိနေသည်မှာ ထူးခြားသည့် ဆေးပညာအတတ်ဖြင့် စီရင်ထားခြင်းဖြစ်ကြောင်း ထင်ရှား၏။

အကယ်၍ ... မှန်ခေါင်းကို ထုခွဲလိုက်လျှင် မှန်ခေါင်းထဲသို့ ပြင်ပလေများ ဝင်ရောက်၍ ချက်ချင်း ပုပ်သိုးပျက်စီးသွားလိမ့်မည် ဖြစ်၏။

လူပုလေးသည် အတန်ကြာ ငေးမောကြည့်ပြီးမှ ...

"ကျုပ်က ကျောက်မျက်ရတနာတွေကို လိုချင်လို့ ပင်ပန်းဒုက္ခခံခဲ့ရတယ်၊ ဒါကြောင့် ခင်ဗျားရဲ့ ရုပ်အလောင်း ပုပ်သိုးပျက်စီးသွားအောင် လုပ်ရမှာ စိတ်မကောင်းပါဘူးဗျာ၊ ကျုပ် မလုပ်ရင် မဖြစ်လို့ပါ"

ဟု ပြော၍ မှန်ခေါင်းကို ရိုက်ခွဲရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ...

"ဟင့် ဟင့်"



ငိုကြွေးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင့်"

သူ ထိတ်လန့်သွား၏။

ကပျာကယာ နောက်လှည့်ကြည့်မိ၏။

ထိုအခါ အုတ်ဂူတစ်လုံးပေါ်၌ ထိုင်ကာ ငိုကြွေးနေသည့် အမျိုးသမီးငယ်တစ်ယောက်အား တွေ့မြင်လိုက်ရ၏။

❖

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက တရှုပ်ရှုပ်ငိုကြွေးနေ၏။

သူမသည် ရွှေချည်ထိုးအဝတ်အစားများ ဝတ်ဆင်ထားပြီး ရှည်လျားသည့်ဆံပင်များကို ဖားလျားချထားလေသည်။

သူမထံမှ မွှေးကြိုင်သင်းပျံ့သော ရနံ့တစ်မျိုး ထွက်ပေါ်နေ၏။

လူပုလေး ရင်ထိတ်သွား၏။

"မင်း မင်းဘာယ်သူလဲ"

ဟု မေးလိုက်၏။

အမျိုးသမီးသည် လူပုလေးဘက်သို့ လှည့်လာ၏။



ပေါက်ပြဲနေသည့် ခေါင်မိုးအပေါက်မှ ထိုးကျလာသော အလင်းရောင်သည် သူမ၏ ခန္ဓာကိုယ်ပေါ်သို့ တည့်တည့်မတ်မတ် ကျရောက်နေ၏။

လရောင်အောက်တွင် အမျိုးသမီး၏ မျက်နှာကို အတိုင်းသားတွေ့မြင်ရ၏။

သူသည် အမျိုးသမီးကိုကြည့်ရင်း မျက်လုံးပြူးသွားသည်။

အကြောင်းကား အုတ်ဂူပေါ်၌ ထိုင်နေသောအမျိုးသမီးသည် မှန်ခေါင်းထဲ၌ ရှိနေသည့် မြို့စားသမီးတော်နှင့် တစ်ပုံစံတည်း ရှိနေခြင်းကြောင့်ဖြစ်၏။

လူပုလေးသည် အုတ်ဂူပေါ်မှ အမျိုးသမီးကိုလည်းကောင်း၊ မှန်ခေါင်းထဲမှ မြို့စားသမီးတော်ကိုလည်းကောင်း တစ်လှည့်စီ ကြည့်လိုက်မိ၏။

နှစ်ယောက်စလုံးသည် ခွဲမရအောင် တူနေပါတော့သည်။

သူက ...

"မြို့ မြို့စားသမီးတော်"

ဟု ထစ်ထစ်ငေါ့ငေါ့ ရေရွတ်မိ၏။

အမျိုးသမီးက ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ရှင်၊ ကျွန်မရဲ့ အုတ်ဂူကို မဖျက်ဆီးဖို့ မေတ္တာရပ်ခံပါရစေရှင်"

ဟု ပြောလာ၏။

သူမ၏အသံသည် ချိုလွင်သာယာပြီး ဆွဲဆောင်မှု ရှိလှသည်။

လူပုလေးသည် မကောင်းဆိုးဝါး နာနာဘာဝများကို ယုံကြည်သူ မဟုတ်ပါချေ။

သို့သော် လက်တွေ့ ကြုံကြိုက်နေရသည့်အဖြစ်ကြောင့် မည်သို့ပြုလုပ်ရမှန်း မသိဖြစ်နေ၏။

အမျိုးသမီးက ...

"ရှင် ဒီနေရာက အေးအေးဆေးဆေး ပြန်သွားပါလားရှင်"

ဟု ပြောလာပြန်၏။

သူ သတိဝင်လာ၏။

အံတင်းတင်းကြိတ်ရင်း ...

"ကျုပ်က ကျောက်မျက်ရတနာတွေကိုယူဖို့ လာခဲ့တာ၊ ဘာကြောင့် ဒီအတိုင်း ပြန်သွားရမှာလဲ"

ဟု အော်ဟစ်လိုက်၏။



အမျိုးသမီးက ...

"ရှင် မြို့စားသမီးတော်ရဲ့ ပစ္စည်းကို မက်မောနေရင် ကျိန်စာသင့်လိမ့်မယ်ရှင့်"

"ဘာဗျ"

"မြို့စားကြီးဟာ မြို့စားသမီးတော်ကို ဂူသွင်းတဲ့အချိန်မှာ နှောင့်ယှက်ဖျက်ဆီးတဲ့လူ မှန်သမျှ ဘေးဆိုးအန္တရာယ်နဲ့ ကြုံတွေ့ရပါစေလို့ ကျိန်စာ တိုက်ခဲ့တယ်ရှင့်"

ထိုလူက ဟားတိုက်ရယ်မောလိုက်၏။

"ဟား ဟား ဟား"

သူ၏ရယ်မောသံ ကျယ်လောင်စွာထွက်ပေါ်လာ၏။

အမျိုးသမီးက ...

"ရှင် မယုံကြည်ဘူးဆိုရင် ဒုက္ခလှလှကြီးတွေ့လိမ့်မယ်ရှင့်"

ထိုလူက ...

"တွေ့ချင်တဲ့ ဒုက္ခတွေ့ပါစေဗျာ၊ ကျုပ်က မြို့စားကြီးရဲ့ ပစ္စည်းကို လိုချင်လွန်းလို့ ပြည်မကတောင် လာခဲ့ရတာ၊ မင်းသည်း မသေချင်ရင် နောက်ဆုတ်ပါ၊ ကျုပ်ကိုနှောင့်ယှက်ရင် မင်း သေသွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက ...

"ကျွန်မကို တစ်ခါသေပြီးခဲ့ပါပြီရှင်၊ ဒါကြောင့် သေတယ်ဆိုတာ ကျွန်မအတွက် မထူးတော့ပါဘူး"

"ဘာ"

"ကျွန်မဟာ ရှင့်ရဲ့ ရှေ့က မှန်ခေါင်းထဲမှာ ရှိနေခဲ့တာပဲ"

ထိုလူက ...

"မင်း မင်း"

အမျိုးသမီးက ...

"ကျွန်မဟာ မြို့စားသမီးတော်ပါပဲရှင်"

ထိုလူသည် ကြောက်ရွံ့စိတ်များ ဖြစ်ပေါ်လာလေ၏။

ထို့အပြင် ခံပြင်းဒေါသထွက်လာ၏။

"မင်း သေချင်ပြီထင်တယ်"

ပြောရင်း တိုက်ခိုက်ရန်ဟန်ပြင်လိုက်၏။

ထိုစဉ် မှန်ခေါင်းထဲမှ အလောင်းသည် လူပ်ရှားသက်ဝင်လာသည်ဟု ထင်လိုက်မိ၏။

"ဟင်"

ထိုလူ ကမျာကယာနောက်ဆုတ်လိုက်၏။



မှန်ခေါင်းထဲမှ မြို့စားကတော်သည် မျက်လုံးပွင့်လာပြီး သူ့အား ပြုံးပြလာသည်။

ထိုလူက နောက်သို့ ပြေးဆုတ်လိုက်ပြီး အုတ်ဂူပေါ်မှ အမျိုးသမီး (ဝါ) မြို့စားသမီးတော်ကို လှမ်းကြည့်လိုက်၏။

ထိုအခါ အုတ်ဂူပေါ်မှ မြို့စားသမီးတော်ကို မတွေ့ရတော့ပါ။

မှန်ခေါင်းထဲမှ မြို့စားသမီးတော်က ထထိုင်လာ၏။

ထိုလူ မနေနိုင်တော့ပါ။

"အား"

စူးရှစွာ အော်ဟစ်ကာ တစ်ဟုန်ထိုး ပြေးထွက်လာခဲ့လေတော့သည်။

ဝေလူကြမ်းကြီးများထံသို့ မည်သို့မည်ပုံ ပြန်လည် ရောက်ရှိလာခဲ့သည်ကိုပင် မသိနိုင်တော့ပါတကား။

❖

www.burmeseclassic.com

www.burmeseclassic.com



လူပုလေး အရက်တစ်ခွက် သောက်လိုက်လေသည်။

ကြုံတွေ့ခဲ့ရသောအဖြစ်အပျက်များကို ပြန်ပြောင်းပြောပြရသည်ကိုပင် စိုးရွံ့နေသည့်အသွင်ရှိ၏။

သူက စိတ်ဝင်စားစွာ နားထောင်နေ၏။

ထိုလူ စကားဆုံးသွားလျှင် ...

"ခင်ဗျားပြောတာ ယုံတမ်းစကားလိုဖြစ်နေပြီ"

ဟု ပြောလိုက်၏။

ထိုလူ ဒေါပွသွားလေ၏။

"ဘာပြောတယ်ကွ"



"ခင်ဗျားပြောတာ ကျုပ်မယုံဘူး"

"နေပါဦး ... မင်းက ဘာကိုမယုံတာလဲ"

"သရဲခြောက်တယ်ဆိုတာကို မယုံတာဗျ"

သူက ပြတ်ပြတ်သားသားပင် ပြောလိုက်၏။

ထိုလူက ...

"ကျုပ်ကိုယ်တိုင် ကြုံတွေ့ခဲ့ရတာ၊ မင်းကို လိမ်ပြောစရာ အကြောင်း မရှိဘူးကွ"

သူက ...

"ခင်ဗျား လိမ်ပြောတာမဟုတ်ဘူးဆိုရင် အထင်အမြင်လွဲမှားခဲ့တာပဲ ဖြစ်လိမ့်မယ်"

ထိုလူက ...

"မင်း ဘာကိုဆိုလိုတာလဲ"

သူက ...

"ခင်ဗျားက ဝေလူကြမ်းကြီးတွေဆီက ကြားရတဲ့သတင်းစကားတွေနဲ့ မြို့စားဂေဟာပျက်ကြီးကို ရောက်တော့ စိတ်ချောက်ချားပြီး ထင်ယောင်ထင်မှား ဖြစ်ခဲ့တာကော မဖြစ်နိုင်ဘူးလား"

ထိုလူ မဲ့ပြုံးပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လက်စသတ်တော့ ... ကျုပ်ကို သူရဲဘောကြောင်တဲ့ လူတစ်ယောက်လို့ ထင်နေတာပေါ့ ... ဟုတ်လား"

သူက ...

"သည်လိုဆိုလိုတာ မဟုတ်ပါဘူးဗျာ၊ အဲသည် အချိန်က ခင်ဗျားသာ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ခဲ့မယ်ဆိုရင် ကျောက်မျက်ရတနာတွေဟာ ခင်ဗျားရဲ့ လက်ထဲကို ရောက်နေလောက်ပြီပေါ့"

ထိုလူက ...

"ဘာပဲဖြစ်ဖြစ် ကျုပ်က ရအောင်ယူမှာပဲ"

ဟု ပြောလိုက်လေသည်။

သူက ...

"ဟုတ်တယ် ... ရအောင်ယူရမယ်"

ဟု ထောက်ခံလိုက်လေသည်။

လူပုလေးက ...

"မင်းက ကျုပ်ကို ကူညီမယ် မဟုတ်လား"

ဟု မေးလေသည်။

ဝမ်းတိုက ...

"ကျုပ် ဘယ်လိုကူညီရမှာလဲ"



"ကျုပ်က ကျောက်မျက်ရတနာတွေရှိတဲ့နေရာ မင်းကို ပြောပြမယ်၊ မင်းက သွားယူပေးရမယ်"

ထိုအခါ ...

ဝမ်းတိုက ...

"ခင်ဗျား မသွားရဲတဲ့နေရာကို ကျုပ်ကို လွှတ်မယ်ဆိုတဲ့ သဘောပေါ့ ... ဟုတ်လား"

လူပုလေးက ...

"မင်းက ကျုပ်ကို မကူညီနိုင်ဘူးဆိုရင် ... ကျုပ်ကလည်း မင်း ကို ဆက်ပြီး အကာအကွယ်ပေးထားဖို့ အကြောင်းမရှိတော့ဘူး"

ဟု ခပ်ပြတ်ပြတ်ပြောလေ၏။

ဝမ်းတိုက ...

"ဒါတော့ ခင်ဗျားသဘောပဲလေ၊ ကျုပ်လို လူစားမျိုးကို ခင်ဗျား နောက်ထပ် ရှာလို့တွေ့တော့မှာ မဟုတ်ဘူး"

လူပုလေး မကျေမနပ်ဖြစ်သွား၏။

"မင်း ... မင်း"

ဝမ်းတိုက တည်ကြည်သောမျက်နှာထားဖြင့် ...

www.burmeseclassic.com



"ကျုပ်ကို ခင်ဗျားရဲ့တပည့်တစ်ယောက်လို သဘောမထား ဘဲ မိတ်ဆွေတစ်ယောက်လို သဘောထားရင်ကောင်းမယ်"

"ဘာ"

"ကျောက်မျက်ရတနာတွေရအောင် ကျုပ်တို့ပူးပေါင်း ဆောင်ရွက်ကြမယ်၊ ပြီးရင် တစ်ယောက်တစ်ဝက် ညီတူညီမျှ ဝေယူ ကြတာပေါ့"

ထိုလူက ...

"မင်းက တော်တော်လောဘကြီးတာပဲ"

ဟု ပြောလေ၏။

"ဟား ဟား ဟား"

ဝမ်းတုံ ဟားတိုက်ရယ်မောလိုက်ပြီး ...

"ခင်ဗျားပစ္စည်းတွေမှ မဟုတ်တာ၊ ဘာကြောင့်ဒီလောက် တောင် နှမြောတွန့်တိုနေရတာလဲဗျာ"

"ကျုပ်က ဒီပစ္စည်းတွေကို ရယူနိုင်ဖို့ နှစ်ပေါင်းများစွာ အပင်ပန်းခံခဲ့ရတာ"

ဝမ်းတုံက ...

"ဘာပဲဖြစ်ဖြစ် ကျုပ်ကိုတစ်ဝက်ပေးမယ်ဆိုမှ ခင်ဗျားနဲ့ရှေ့



ဆက် လက်တွဲနိုင်မယ်"

ဟု ခပ်ပြတ်ပြတ်ပြောလိုက်လေ၏။

ထိုလူ မတတ်နိုင်တော့ပါချေ။

"ကောင်းပြီလေ၊ ကျောက်မျက်ရတနာတွေကိုရဖို့ အရေး ကြီးပါတယ်၊ တစ်ယောက်တစ်ဝက်ခွဲယူဖို့ကိုလည်း ကျုပ် သဘော တူပါတယ်"

ဟု ပြောလိုက်ရလေ၏။

❖

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဂူပေါက်မှာ သေးငယ်ပြီး ကျဉ်းမြောင်းလှ၏။

သဘာဝအလျောက် ဖြစ်ပေါ်နေသော ကျောက်ဂူငယ်ကလေးများ မဟုတ်ပါ။

လူသားတို့၏စွမ်းအားဖြင့် ကျောက်တောင်ကြီးကို ထွင်းထု ဖောက်လုပ်ထားသော ကျောက်ဂူငယ်များဖြစ်ကြသည်။

ထိုကျောက်ဂူငယ်များကို ဝေလူကြမ်းကြီးများ ဖမ်းဆီးထားသော အကျဉ်းသားများက ဖောက်လုပ်ခဲ့ကြရ၏။

ထိုကျောက်ဂူငယ်ကလေးများ၌ပင် အကျဉ်းသားများကို ပြန်လည် ချုပ်နှောင်ထားခဲ့ကြလေ၏။



ယခု သံတိုင်များ ကာရံထားသော ကျောက်ဂူငယ်တစ်လုံးတွင် စန်းရယ်အဖမ်းခံ နေရလေသည်။

●

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

'ဂျိမ်း'

ကျယ်လောင်သောအသံတစ်သံ ထွက်ပေါ်လာသေည်။

သံတိုင်တံခါး ပွင့်သွားပြီး ဝေလူကြမ်းကြီးနှစ်ယောက် လှမ်းဝင်လာကြလေသည်။

စန်းရယ်တစ်ကိုယ်လုံး ညစ်ပတ်ပေကျံနေ၏။

ကျောက်ဂူအတွင်း၌ အေးစိမ့်ကာ မကောင်းသော အနံ့အသက်များ တထောင်းထောင်း ထနေ၏။

စန်းရယ်သည် အရိုးပေါ်အရေတင် ပိန်ချုံးကာ မျက်တွင်းဟောက်ပက် ဖြစ်နေ၏။

လူရုပ်ပင် မပေါ်တော့ချေ။

သို့သော် ...

စန်းရယ် သေဆုံးသွားခြင်း မရှိသေးပါ။



တော်ရုံတန်ရုံလူဆိုလျှင် သေဆုံးသွားသည်မှာ ကြာပြီဖြစ်လေ၏။

စန်းရယ်က အဘယ်ကြောင့် မဝရေစာစားရခြင်း၊ အနှိပ်စက်ခံရခြင်းတို့နှင့် ကြုံတွေ့နေရသည့်တိုင် အသက်ရှင်နေရပါသနည်း။

သူ၏ရင်ထဲမှ မုန်းတီးစိတ်က တွန်းအားပေးထားခြင်းကြောင့် ခွန်အားများ ဖြစ်ပေါ်လာစေခြင်းကြောင့် ဖြစ်လေသည်။

"လာ ... လိုက်ခဲ့"

ဝေလူကြမ်းကြီး နှစ်ယောက်က စန်း ရယ်အား ချိုင်းတစ်ဖက်စီမှ ဆွဲမကာ ခေါ်သွားကြလေ၏။

စန်းရယ်မှာ လူကြမ်းကြီးများ လက်တွင်း၌ အရုပ်လေးတစ်ရုပ်ပမာ ပါသွားလေ၏။

ကျောက်ဂူအပြင်ဘက်သို့ ရောက်လျှင် လူ ကြမ်းကြီးများက စန်းရယ်အား သစ်ပင်တစ်ပင်တွင် ကြိုးများဖြင့် တုပ်၊ ခနောင်ထားလိုက်ကြလေသည်။

'ရွှမ်း'

လူကြမ်းကြီး တစ်ယောက်က ကျာပွတ်ရှည်ကြီးကို ဝှေ့ယမ်း

www.burmeseclassic.com

www.burmeseclassic.com



ကာ ချဉ်းကပ်လာ၏။

သူ့အား ဆွဲခေါ်လာသူနှစ်ယောက်က နောက်ဆုတ်လိုက်ကြ၏။

ယခု ဝမ်းတုံအမိန့်ပေးထားသည့်အတိုင်း စန်းရယ်ကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်၊ နှစ်ကြိမ်တိတိ နေ့စဉ်နှင့်အမျှ ရိုက်နှက်ဆုံးမရလိမ့်မည် မဟုတ်ပါလား။

ကျာပွတ်ကိုင် လူကြမ်းကြီးမှာ ဝမ်းတုံ၏လက်ချက်ကြောင့် သေဆုံးသွားခဲ့သည့် လူ့ဘီလူးကြီး ဝေစွမ်းဖုံ၏ အစ်ကို ဝေထင်းအိမ် ဖြစ်လေသည်။

ဝေထင်းအိမ်သည် ပြည်မမှလာသော ဝမ်းတုံကြောင့် အစ်ကိုဖြစ်သူ သေဆုံးခဲ့ရသည်ဖြစ်ရာ မကျေမနပ် ဖြစ်နေ၏။

ဝမ်းတုံကို မုန်းတီးလေလေ၊ ဝမ်းတုံနှင့်ပါလာသော စန်းရယ်ကို ဖိစီနှိပ်စက်ချင်လေလေဖြစ်သည်။

ဝေထင်းအိမ်သည် ကြိုးတုပ်ခံနေရသော စန်းရယ်၏မျက်နှာကို တံတွေးဖြင့် ထွေးချလိုက်ပြီး ...

"ခွေးကောင် ... သေဖို့သာပြင်ထား"

ဟု ‌ဒေါက်ကာ ကျာပွတ်ဖြင့် ရိုက်ချလိုက်၏။



'ရွမ်း'

ပြင်းထန်သော ကျာပွတ်ရိုက်ချက်သည် စန်းရယ်၏ ခန္ဓာကိုယ်ပေါ်သို့ ကျရောက်သွားလေ၏။

လူကြမ်းကြီးများက စန်းရယ်၏ စူးရှသော အော်ဟစ်သံကို နားစွင့်နေကြလေသည်။

စိတ်ကြမ်းကိုယ်ကြမ်း လူကြမ်းကြီးများ ဖြစ်ရကား ညည်းတွားအော်ဟစ်သံများသည် သူတို့အတွက် ဂီတသံပမာ ရှိနေပါတော့၏။

သို့သော် ကျာပွတ်ရိုက်ချက် တရွမ်းရွမ်းမြည်ကာ ထွက်ပေါ်လာသည်။

စန်းရယ်၏ညည်းတွားသံ ထွက်ပေါ်မလာချေ။

ဝေထင်းအိမ်က လှမ်းကြည့်လိုက်သောအခါ စန်းရယ်၏ အဝတ်အစားများ စုတ်ပြဲနေပြီး တစ်ကိုယ်လုံး သွေးခြင်းခြင်းနီရဲနေသည်ကို တွေ့ရလေ၏။

ဝေထင်းအိမ် မျက်မှောင်ကုတ်သွား၏။

ထပ်မရိုက်တော့ဘဲ အနီးသို့ ချဉ်းကပ်သွားကာ စန်းရယ်ကို စစ်ဆေးကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



စန်းရယ်ကား ခေါင်းငိုက်စိုက်ကျနေ၏။

ဝေထင်းအိမ်က စန်းရယ်၏ဆံပင်ကို ဆုပ်ကိုင်ကာ အနောက်သို့ ဆွဲလှန်ပြီး ခေါင်းမော့စေလိုက်၏။

ထိုအခါ စန်းရယ်က သူ့အားပြုံး၍ ကြည့်နေသည်ကို တွေ့ရလေသည်။

"ဟင်"

ဝေထင်းအိမ် အံ့ဩသွားလေသည်။

စန်းရယ်ကို မျက်လုံးပြူးကြည့်လိုက်ပြီး ...

"မင်း ဘာပြုံးနေတာလဲ ...သေချင်လို့လား"

ဟု ဝေါက်လိုက်လေသည်။

စန်းရယ်က ...

"ကျုပ်က ခင်ဗျားကို သနားလို့ ပြုံးတာပါ"

"ဘာ"

"ဩော် ... ခင်ဗျားက ကျုပ်ကို တစ်ချက်ရိုက်လိုက်တိုင်း ကိုယ့်ကိုယ်ကိုယ် နှစ်ချက်လောက်ပြန်ရိုက်လိုက်သလို ဖြစ်နေတာကို တွေးပြီး သဘောကျလို့ ပြုံးမိတာပါ"

ဝေထင်းအိမ်က ...



"မင်း သွေးရူးသွေးတန်းနဲ့ ဘာတွေလျှောက်ပြောနေတာလဲ"

ဟု ဝေါက်လိုက်သည်။

စန်းရယ်က ...

"မြွေပွေး ခါးပိုက်ပိုက်ထားတဲ့အဖြစ်ကို ခင်ဗျားတို့ ခုထိတောင် မသိသေးဘူးလား"

"ဘာကွ"

"ခင်ဗျားတို့က ဝမ်းတုံကို ဆရာတင်ထားကြတာ မြွေပွေး ခါးပိုက် ပိုက်ထားတာပေါ့"

ဝေထင်းအိမ်က မဲ့ပြုံးပြုံးလိုက်၏။

"လက်စသတ်တော့ မင်းက ဝမ်းတုံကို မုန်းနေတာကိုး"

စန်းရယ်က ...

"မုန်းနေတာ မဟုတ်ဘူး ... ကျုပ်က သတ်တောင်ပစ်ချင်တာဗျ"

ဝေထင်းအိမ်က ကျာပွတ်ကို သိမ်းဆည်းလိုက်၏။

သူကလည်း ဝမ်းတုံကို သတ်ပစ်ချင်လောက်အောင် မုန်းတီးနေသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



စန်းရယ်ကို စိုက်ကြည့်လိုက်ပြီး ...

"မင်းက သူ့ကို တကယ်ပဲ သတ်ပစ်ချင်နေတယ် ... ဟုတ်လား"

ဟု မေးလိုက်လေ၏။

စန်းရယ် ...

"ဘယ်လိုပြောလိုက်ပါလိမ့်ဗျာ ... ကျုပ်တို့ပြည်မကထွက်ပြေးလာတဲ့လူအချင်းချင်း သစ္စာဖောက်ပြီး ဒုက္ခရောက်အောင်လုပ်တာ ခင်ဗျားအမြင်ပဲ မဟုတ်လား ...၊

တစ်နေ့ကျရင် ခင်ဗျားတို့အပေါ် သစ္စာမဖောက်ဘူးလို့ ပြောနိုင်မလား"

ဝေထင်းအိမ် ခေါင်းညိတ်လိုက်၏။

"ဒါတော့ ဟုတ်တယ်"

စန်းရယ်က ...

"ဝမ်းတုံက အင်မတန် ကောက်ကျစ်စဉ်းလဲတယ်ဗျ၊ ကျုပ်တို့အချင်းချင်းတွေပေါ်မှာတောင် သစ္စာမရှိတာ၊ ခင်ဗျားတို့အပေါ် သစ္စာရှိလိမ့်မယ်လို့ မထင်နဲ့"

ဝေထင်းအိမ်က ...



"သူက သစ္စာရှိလိမ့်မယ်လို့ ကျုပ်လည်းမထင်ပါဘူး"

စန်းရယ်က ...

"ဒါဖြင့် ... ဘာကြောင့် သူ့ကို လက်ခံထားရတာလဲဗျ"

ဝေထင်းအိမ်က မကျေမနပ်ဖြင့် ...

"နတ်ဆရာ လူပုလေးကြောင့်ပေါ့ဗျာ"

"နတ်ဆရာ ... ဟုတ်လား"

"ဟုတ်တယ် ... လူပုလေးက သိပ်အစွမ်းထက်တာဗျ၊ နေမကောင်းတဲ့လူတွေကို ပျောက်အောင်ကုပေးနိုင်တယ်၊ မှော်အတတ်တတ်မြောက်ထားတယ်"

စန်းရယ်သည် အခြေအနေကို သဘောပေါက်သွားလေသည်။

ဝေလူကြမ်းကြီးများသည် အယိဉာဏ်နည်းပါးသော မိစ္ဆာဒိဋ္ဌိများဖြစ်ကြသည် မဟုတ်ပါလား။

လူပုလေးသည် အကြောင်းပြချက်တစ်ခုခုဖြင့် ဝေလူကြမ်းကြီးများကြောက်ရွံ့အောင် ပြုလုပ်ကာ ခေါင်းဆောင်နေရာ ယူထားခြင်းဖြစ်ကြောင်းလည်း ဆင်ခြင်လာမိလေသည်။

တို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်သာ ခွန်အား ပြန်ပြီးပြည့်ဝလာမယ်ဆိုရင် လူပုလေးကော ဝမ်းတုံကိုပါ ဆုံးမပြချင်သေးတယ်"

ဟု ပြောလိုက်၏။

ဝေထင်းအိမ် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေ၏။

"ခင်ဗျား တကယ်ပြောတာလား"

"ကျုပ် ဘာကြောင့် လိမ်ပြောရမှာလဲ"

ဝေထင်းအိမ်သည် စန်းရယ်ကို စိုက်ကြည့်လိုက်ပြီး ...

"မဖြစ်နိုင်ဘူး ... မင်းမှာ အစွမ်းအစရှိရင် ခုလို အဖမ်းခံရစရာ အကြောင်းမရှိဘူး"

စန်းရယ်က ...

"ဒါကတော့ ဝမ်းတုံက သစ္စာဖောက်လို့ပေါ့ဗျာ၊ သူက အသက်ချမ်းသာရာရသွားတဲ့အပြင် နေရာကောင်းရလိုက်တာပဲ၊ ကျုပ်ကိုလွှတ်ပြီး သူနဲ့အတူတူ ခေါ်ထားရင်ဖြစ်တာပဲ၊ ဒါဆိုရင် ကျုပ်ကို ဘယ်သူက နှိပ်စက်နိုင်တော့မှာလဲ"

ဝေထင်းအိမ်က ...

"ဒါလည်း ဟုတ်တာပဲ"

ဟု ပြောလေ၏။



စန်းရယ်က ...

"သူက ဘာကြောင့် ကျုပ်ကိုဒုက္ခပေးရလဲဆိုတာ ခင်ဗျား မသိသေးဘူးထင်တယ်"

"ဘာဖြစ်လို့လဲ"

"ကျုပ်က သူ့ထက်သာလို့၊ ကျုပ်ရှိနေရင် သူထင်သလို လုပ်လို့မရမှာကို စိုးရိမ်လို့ပေါ့ဗျာ"

ဝေထင်းအိမ်သည် စန်းရယ်ကို သဘောကျသွားလေတော့သည်။

စန်းရယ်က ...

"ခင်ဗျားတို့သာ ကျုပ်နဲ့ပူးပေါင်းမယ်ဆိုရင် သူတို့ကိုမှတ်လောက်သားလောက်ဖြစ်အောင် ကျုပ် ဆုံးမပြနိုင်ပါတယ်"

ဝေထင်းအိမ်က ...

"ကောင်းပြီ ... ကျုပ်က မင်းကိုကူညီမယ်၊ ဒါပေမဲ့ သူတို့သိသွားလို့ မဖြစ်သေးဘူး"

စန်းရယ် ဝမ်းသာသွားလေ၏။

သူက ဝေထင်းအိမ်ကို စည်းရုံးသိမ်းသွင်းနိုင်လိုက်ပြီ ထင်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ခုချိန်မှာ သူတို့သိသွားလို့ မဖြစ်သေးဘူး၊ အချိန်တန်မှ သူတို့ကိုဆုံးမရမယ်"

ဝေထင်းအိမ်က မလှမ်းမကမ်း၌ ရပ်နေသော လူကြမ်းကြီးနှစ်ယောက်အား လှမ်းကြည့်လိုက်ပြီး ...

"မင်းတို့နှစ်ယောက် လာဦး"

ဟု လှမ်းခေါ်လိုက်လေသည်။

ထိုအခါ ...

လူကြမ်းကြီးနှစ်ယောက်က ခပ်သွက်သွက်လှမ်းလာကြသည်။

အနီးသို့ရောက်လာလျှင် ဦးညွတ်ဂါဝရပြုကာ ...

"အမိန့်ရှိပါဆရာ"

ဟု ပြောလာကြလေ၏။

ဝေထင်းအိမ်က ...

"မင်းတို့နှစ်ယောက်က သူ့ကို ကောင်းကောင်းမွန်မွန်စောင့်ရှောက်ထားရလိမ့်မယ်၊ အစာရေစာ ဝဝလင်လင် ကျွေးပါ။ အဝတ်အစား အသစ်ပေးပါ၊ နွေးထွေးတဲ့အိပ်ရာ ပေးပါ၊ ကျယ်ကျယ်ဝန်းဝန်းရှိတဲ့ အခန်းကိုပို့ပေးပါ"



ဟု အမိန့်ပေးလိုက်လေ၏။

လူကြမ်းကြီးနှစ်ယောက်က ...

"အမိန့်အတိုင်းပါဆရာ"

ဟု ဦးညွတ်လိုက်ကြလေ၏။

ဝေထင်းအိမ်က စန်းရယ်ကို ပြုံးပြလိုက်၏။

"မိတ်ဆွေလေး ... မင်း ဘာမှမပူနဲ့တော့"

ဟု ပြောလိုက်၏။

စန်းရယ်က ...

"ကျေးဇူးပါပဲဗျာ၊ ကျုပ်က လူပုလေးနဲ့ ဝမ်းတုံ့ကိုဆုံးမပေးမယ်လို့ ကတိပေးပါတယ်"

ဟု ပြောလိုက်၏။

ဝေထင်းအိမ်က ...

"ကောင်းပြီလေ ... ကျုပ်ကလည်း ကျုပ်ညီအတွက် စွန့်စားရတော့မှာပေါ့၊ အောင်မြင်လာရင် ရန်သူကို လက်စားချေနိုင်မှာဖြစ်သလို တောင်ကိုးလုံးဒေသကိုလည်း လွှမ်းမိုးနိုင်လိမ့်မယ်၊ တကယ်လို့များ မအောင်မြင်ခဲ့ဘူးဆိုရင် ကျုပ်တို့နှစ်ယောက်စလုံး သေလိုက်ကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားလျှင် ...

"ဟား ဟား ဟား"

စန်းရယ်က ဟားတိုက်ရယ်မောလိုက်လေ၏။

အမှန်တော့ ယခုအခြေအနေအတိုင်းဆိုလျှင် သူက သေလူ တစ်ယောက် ဖြစ်နေပါသည်။

သူ့အတွက် ဘာမျှပိုပြီးထူးခြားလာလိမ့်မည် မဟုတ်ချေ။

ဝမ်းတုံတို့အား လုပ်ကြံဖို့ကြိုးစားရာတွင် မအောင်မြင်ခဲ့ပါ လျှင်လည်း သေဆုံးသွားရမည်ဖြစ်၏။

ထို့ကြောင့် ဘာမှအကြောင်း ထူးမည် မဟုတ်ပါချေ။ အကယ်၍ ဝမ်းတုံနှင့် လူပုလေးကို ရှင်းပစ်နိုင် မည်ဆိုပါလျှင် အမြတ်ထွက်လိမ့်မည် မဟုတ်ပါလား။ ထို့ကြောင့် ...

"စိတ်ချ ... ကျုပ်က သူတို့နှစ်ယောက်ကို ပြတ်ပြတ်သား သား သုတ်သင် ရှင်းလင်းပြပါ့မယ်ဗျာ"

ဟု ရင်ကော့ပြီး ပြောလိုက်၏။

❖



တစ်ရက် ...။

နှစ်ရက် ...။

သုံးရက် ...။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

စန်းရယ်သည် ဝေထင်းအိမ်၏အစီအစဉ်ဖြင့် ရိုက်နှက်နှိပ် စက်ခြင်း မခံရတော့ဘဲ ကောင်းမွန်စွာ နေထိုင်ရလေသည်။

အစားကောင်း အသောက်ကောင်းများ စားသောက်ရ သည်။

အေးဆေးစွာ အနားယူနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ...

ထူထူထောင်ထောင်ဖြစ်ကာ ကောင်းစွာ ကျန်းမာလလေ ၁၏။

ဝေထင်းအိမ်သည် တစ်နေ့တစ်ခေါက် လာရောက် တွေ့ဆုံလေ၏။

စန်းရယ် ထူထူထောင်ထောင် ဖြစ်လာသည်ကို တွေ့ရလျှင် ဝမ်းသာနေ၏။

သူ၏ ညီအတွက် ဝမ်းတုံအား လက်စားချေရာတွင် စန်းရယ်ကို အသုံးချရမည် မဟုတ်ပါလား။

ဝေထင်းအိမ်က ပြုံးပြလိုက်ပြီး ...

"ဘယ်လိုလဲ ... မင်း ကျန်းမာလာပြီ မဟုတ်လား"

ဟု မေးလာ၏။

စန်းရယ်က ...

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့ စောင့်မျှော်နေတဲ့ နေ့ရက်ကို ရောက်လာပြီထင်ပါရဲ့"

ဝေထင်းအိမ်က ...

"သိပ်တော့ မလွယ်သေးဘူးဗျ၊ ခုတစ်လော လူပုလေးနဲ့ ဝမ်းတုံတို့ နှစ်ယောက် တစ်စုံတစ်ခုကို ကျိတ်ပြီးတိုင်ပင် ဆွေးနွေးနေကြတယ်"



စန်းရယ်က ...

"ဘာကိစ္စလဲ"

"သခင်မတောင်က ရတနာသိုက်နဲ့ ပတ်သက်နေတယ်လေဗျ"

"ဟင်"

စန်းရယ် အံ့ဩသွား၏။

သူ လုံးဝမသိရသေးသောကိစ္စတစ်ခုကို သိလိုက်ရခြင်း ဖြစ်၏။

ထို့ကြောင့် ...

"ကျုပ်ကို ရှင်းပြစမ်းပါဦးဗျာ"

ဟု ပြောလိုက်၏။

ဝေထင်းအိမ်က ...

"ကျုပ်တို့ တောင်ကုံးယုံးဒေသကို အရင်က မြို့စားကြီးတစ်ယောက် အုပ်ချုပ်ခဲ့တာဗျ၊ အဲဒီအချိန်က အတော့်ကို ခြိုးကားခဲ့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



သခင်မတောင်နှင့်ပတ်သက်သည့် ကိစ္စများကို ပြောပြလိုက်၏။

စန်းရယ် ဝမ်းသာသွား၏။

မမျှော်လင့်ဘဲ ရှေးဟောင်း ရတနာသိုက်တစ်ခုအကြောင်း ကြားသိလိုက်ရသည် မဟုတ်ပါလား။

"သခင်မတောင်ပေါ်မှာ ရတနာသိုက် ရှိနေတာကိုသိလျက်နဲ့ ခင်ဗျားတို့ ဘာကြောင့် သွားမယူကြတာလဲ"

ဟု မေးလိုက်၏။

ဝေထင်းအိမ်က ...

"ဟာ ... သွားလို့မဖြစ်ဘူး၊ မကောင်းဆိုးဝါးရှိတယ်"

"မကောင်းဆိုးဝါး"

"ဟုတ်တယ် ... မြို့စားသမီးတော်က ဥစ္စာစောင့်ဖြစ်ပြီး တောင်ပေါ်မှာ စောင့်နေတာ၊ ရတနာသိုက်ကို လိုချင်လို့ သွားတဲ့လူတွေ အားလုံးဒုက္ခရောက်ခဲ့ကြတယ်ဗျ"

"ဟား ဟား ဟား"

စန်းရယ်က ရယ်မောလိုက်၏။

ဝေထင်းအိမ်က ...



"ဘာရယ်တာလဲဗျ"

"သဘောကျလို့ပေါ့"

"ဘာကို သဘောကျတာလဲ"

"ဩော် ... ခင်ဗျားတို့ဟာ လူကြမ်းကြီးတွေဖြစ်ပြီး ဥစ္စာစောင့်ကို ကြောက်နေရသလားဗျာ"

ဝေထင်းအိမ်က ...

"ဟာ ... မလုပ်နဲ့၊ ကျုပ်တို့ခေါင်းဆောင်ကြီးတောင်မှ ဥစ္စာစောင့်ရဲ့လက်ချက်ကြောင့် ဒုက္ခရောက်သွားခဲ့ရတာ၊ လူပုလေးက ဆေးကုပေးနိုင်ခဲ့လို့ပေါ့၊ ဒါပေမဲ့ မကြာပါဘူး ... ခေါင်းဆောင်ကြီး သေဆုံးသွားပြီး လူပုလေးက ခေါင်းဆောင်ဖြစ်လာတာ"

စန်းရယ် သက်ပြင်းချလိုက်၏။

သူက ရှင်းပြသော်လည်း ဝေထင်းအိမ်က နားလည်သဘောပေါက်မည်မဟုတ်ဟု ရိပ်မိ၏။

ထို့ကြောင့် ...

ဘာမှမပြောဘဲ နေလိုက်၏။

ဝေထင်းအိမ်က ...

"လူပုလေးကိုယ်တိုင် သခင်မတောင်ပေါ်က ရတနာသိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆို သွားပြီး ရှာဖူးတယ်၊ ဥစ္စာစောင့်နဲ့တွေ့လို့ အသက်လုပြီး ပြေးလာခဲ့ရတာ"

ဟု ပြော၏။

စန်းရယ်က ...

"နေစမ်းပါဦး ... ခင်ဗျားတို့ကကော ဥစ္စာစောင့်ကို တွေ့ဖူးကြလို့လား ... ပြောစမ်းပါဦး"

ဟု မေးလိုက်၏။

ဝေထင်းအိမ်က ...

"ကျုပ်က အသံကြားတာနဲ့ ဝေးဝေးရှောင်ခဲ့လို့ မတွေ့ခဲ့ဖူးပေါ့ဗျာ၊ ဒါပေမဲ့ တောင်ကိုးလုံးဒေသမှာ ခြေချင်းလိမ်အောင် သွားနေကြတဲ့ ကျုပ်လူတစ်ချို့တော့ တွေ့ခဲ့ကြဖူးတယ်"

"ဩော်"

"သခင်မတောင် အနားကိုရောက်သွားတာနဲ့ ဥစ္စာစောင့်က ဒုက္ခပေးတာပဲ၊ ဒါကြောင့် ခုဆိုရင် ဘယ်သူကမှ မသွားဝံ့ကြတော့ဘူးဗျ"

စန်းရယ်က ...

"ဝမ်းတုံနဲ့ လူပုလေးက ရတနာသိုက်ကို သွားရှာကြလိမ့်မယ် ဆိုပါတော့"

ဝေထင်းအိမ်က ...

"ဒါတော့ သေသေချာချာ မပြောတတ်ဘူး၊ သူတို့ တိုင်ပင်ဆွေးနွေးနေကြတာကိုပဲ သိရတာ"

စန်းရယ်က ပြုံးလိုက်၏။

"မပူနဲ့ ... ဝမ်းတုံက ဘာကိုမှ ကြောက်တဲ့လူမဟုတ်ဘူး၊ ရတနာသိုက်ကို တွေ့ရမယ်ဆိုရင် ဥစ္စာစောင့်မပြောနဲ့၊ ငရဲပြည်ကို တောင် သွားမှာဗျ"

ဝေထင်းအိမ်က ...

"ဟား ဟား ဟား"

စန်းရယ်က ရယ်မောလိုက်ပြန်၏။

ဝေထင်းအိမ်က ကျွံမြီးတိုသွားသည်။

"ကျုပ် တကယ်ပြောတာဗျ"

စန်းရယ်က ...

"ကျုပ်ကလည်း တကယ်ပြောတာပါဗျာ၊ ဝမ်းတုံက ရတနာသိုက်ကို ရအောင်ယူလိမ့်မယ်၊ ပြီးတော့ ကျုပ်ကလည်း ခင်ဗျားပြောတဲ့ ဥစ္စာစောင့်ကို မကြောက်ပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကျုပ်က ဝမ်းတုံ့ တို့ကိုဆုံးမမယ်၊ ဥစ္စာစောင့်ကို မောင်းထုတ်မယ်၊ ပြီးတော့ ရတနာသိုက်ကို ရအောင်ယူမယ်"

"မဖြစ်နိုင်တာဗျာ"

စန်းရယ်က လက်ကာပြလိုက်၏။

"စိတ်ချ ... ခင်ဗျားသာ ကျုပ်နောက်ကနေ အကူအညီပေးပါ၊ ဖြစ်အောင် ကျုပ်လုပ်ပြမယ်၊ လူပုလေးနဲ့ဝမ်းတုံ့ကို ဆုံးမနိုင်မယ့်အပြင် ရတနာသိုက်ကိုလည်း ရမယ်၊ တောင်ကိုးလုံးဒေသမှာ ခင်ဗျားဟာ ခေါင်းဆောင်ဖြစ်လာမယ်ဆိုရင် ခင်ဗျား မကျေနပ်ဘူးလား"

ဝေထင်းအိမ် ငြိမ်ကျသွားလေ၏။

စန်းရယ်က ...

"ကဲ ... ခင်ဗျား ဘယ်လိုသဘောရသလဲ"

ဟု မေးလိုက်၏။

ဝေထင်းအိမ်က သက်ပြင်းချလိုက်ပြီး ...

"အင်း ... မင်းက ပြောတဲ့အတိုင်းလုပ်နိုင်ရင် သိပ်ကောင်းမှာပဲ"



စန်းရယ်က ...

"ခင်ဗျားက စုရှိန်ထိတောင် ကျုပ်ကို မယုံကြည်သေးဘူးလား"

ဝေထင်းအိမ် သက်ပြင်းချလိုက်၏။

"ကျုပ် ယုံကြည်ပါတယ်ဗျာ"

စန်းရယ်က ...

"ဒါဖြင့် ကျုပ်တို့ အစီအစဉ်လုပ်ကြရအောင်"

ဝေထင်းအိမ်က ...

"ဘာလုပ်ရမှာလဲ"

စန်းရယ်က ...

"ကျုပ်ပြောမယ်"

သူ၏အစီအစဉ်ကိုပြောပြလိုက်လေ၏။

❖

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

မမျှော်လင့်သောစကား ကြားလိုက်ရခြင်းကြောင့် ဝမ်းတုံ အံ့သြသွားလေ၏။

ဝေထင်းအိမ်ကို မယုံကြည်နိုင်စွာကြည့်ရင်း ...

"ဘာပြောတယ် ... စန်းရယ်သေသွားပြီ ... ဟုတ်လား"

ဟု မေးလိုက်လေ၏။

ဝေထင်းအိမ်က မှင်သေသေဖြင့် ...

"ဟုတ်ပါတယ် ... သူက ကျုပ်လူတွေကို ဆဲရေးတိုင်းထွာပြီး ရန်မူဖို့ကြိုးစားတာကြောင့် ကျုပ်လူတွေက စိတ်မထိန်းနိုင်တော့



ဘဲ ဝိုင်းဝန်းရိုက်နှက်လိုက်ကြတာ ရုပ်ပျက်ဆင်းပျက် သေဆုံးသွားရတာပါပဲ"

ဝမ်းတုံက ...

"စန်းရယ်ဟာ ကျုပ်ရဲ့သူငယ်ချင်းဖြစ်ယောက် ဖြစ်တယ်၊ ဒါကြောင့် သူ့ကို သေအောင်ရိုက်နှက်တဲ့အတွက် အပြစ်ပေးရလိမ့်မယ်"

မမျှော်လင့်သောစကားကြားလိုက်ရသဖြင့် ဝေထင်းအိမ် ရင်ထိတ်သွားလေ၏။

စန်းရယ်သေဆုံးသွားပြီဆိုလျှင် ဝမ်းတုံ ကျေနပ်သွားမည်ဟု မျှော်လင့်ထားခဲ့၏။

စန်းရယ်ကလည်း ဒီအတိုင်းပင် ပြောခဲ့လေ၏။

ယခုတော့ ဝမ်းတုံက စန်းရယ် သေဆုံးသွားသဖြင့် အပြစ်ပေးရမည်ဟု ပြောလာနေပြီဖြစ်လေ၏။

ဝမ်းတုံသည် ဝေထင်းအိမ်ကို စိုက်ကြည့်လိုက်ပြီး ...

"ဘယ်လိုလဲ ... ခင်ဗျားမှာ ဘာဝန်ရှိတယ်၊ ဒါကြောင့် ခင်ဗျားမှာ အပြစ်ရှိသလား မရှိဘူးလားပြောပါ"

ဟု မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝေထင်းအိမ်က ...

"ကျုပ်မှာ အပြစ်မရှိဘူး။ ဒီအတိုင်းထားရင်လည်း မကြာခင် သေသွားမှာပဲဗျ"

ဟု ပြောလိုက်၏။

ဝမ်းတုံက မျက်မှောင်ကုတ်ကာ ...

"ဘာဖြစ်တာလဲ"

ဟု မေးလိုက်မလေ၏။

ဝေထင်းအိမ်က ...

"သူ့ကို အစာရေစာ ဝဝလင်လင်မကျွေးဘူး၊ တစ်နေ့နေ့စ် ကြိမ် ရိုက်နှက်နှိပ်စက်တယ်၊ အလုပ်ကြမ်းတွေ ခိုင်းတယ်၊ သူ မသေ ရင် ဘယ်သူသေမလဲ"

ထိုစကားကြားလျှင် ...

"ဟား ဟား ဟား"

ဝမ်းတုံက ဟားဝ‌ိုက်ရယ်မောလိုက်လေ၏။

ဝေထင်းအိမ် ကြောင်အမ်းအမ်း ဖြစ်သွား၏။

ဝမ်းတုံကို နားမလည်နိုင်စွာ ကြည့် လိုက်လေ၏။

"ကောင်းတယ်ကောင်းတယ် ... သူ့ကို ဒီထက်ပိုပြီးတော



နှိပ်စက်ဖို့ကောင်းသေးတယ်၊ ဒီကောင် ဒုက္ခမခံစားရဘဲ သေသွားမှာ ကို ကျုပ်က စိုးရိမ်နေတာ၊ ကောင်းပြီ ... ခင်ဗျားကို အပြစ်ပေး မယ်"

"ကျုပ်"

ဝေထင်းအိမ် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

ဝမ်းတုံက ...

"ခင်ဗျားကိုယ်တိုင် စန်းရယ်ရဲ့အလောင်းကို မြှုပ်နှံသင်္ဂြိုဟ် ရမယ်"

ဟု ပြောလိုက်၏။

ထိုစကားကြားမှ ဝေထင်းအိမ်ရင်ထဲမှ အလုံးကြီး ကျသွား လေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေသည်။

ကြယ်ကလေးများလည်း ဝင်းလက်တောက်ပနေသည်။

တိမ်ဖြူကင်းစင်ပြီး သာယာလှပသော ညတစ်ည ဖြစ်ပါသည်။

ရှောင်ကျင်းသည် လှပသော သစ်လုံးအိမ်ကလေးရှေ့ခြံထိုင်က ကောင်းကင်ပေါ်ငေးမော ကြည့်နေ၏။

သူ၏အဖြစ်ကား ဆန်းကြယ်လှ၏။

သူသည် စားပြမှုဖြင့် အာဏာသားမင်းမှုထမ်းများက အလိုရှိနေသော တရားခံတစ်ယောက် ဖြစ်၏။

ရာဇဝတ်ဘေးမှ ထွက်ပြေးလာရင်း မြောက်ပိုင်းတောင်တန်းဒေသသို့ ရောက်လာခဲ့၏။

မမျှော်လင့်ဘဲ ဝေလူကြမ်းများနှင့် တွေ့ဆုံကာ ဒုက္ခရောက်



ခဲ့ရ၏။

ဝမ်းတို၊ စန်းရယ်စသော သွေးသောက် မိတ်ဆွေများနှင့် တကွဲတပြား ဖြစ်ခဲ့ရသည်။

နောက်ဆုံး ...

အလွန်ထူးဆန်းသည့် အိပ်မက်သူဇာနှင့် ဆုံတွေ့ခဲ့ရလေသည်။

အိပ်မက်သူဇာ၊ နတ်မိမယ်အလား ချောမောလှပသော အမျိုးသမီးတစ်ယောက်ဖြစ်သည်။

သူမသည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်ကပင် သေဆုံးသွားခဲ့ပြီ ဖြစ်လေသည်။

သို့ပါလျက် ...

သူမအား သက်ရှိထင်ရှား တွေ့မြင်ခဲ့ရ၏။

အိပ်မက်သူဇာသည် သူ့အား အကူအညီပေးခဲ့သည်။

အန္တရာယ်မှ ကယ်တင်ခဲ့သည်။

ရှောင်ကျင်းသည် အမျိုးမျိုး တွေးတောစဉ်းစားရင်း ကြုံတွေ့နေရသော အဖြစ်အပျက်များအပေါ် နားမလည်နိုင်အောင် ဖြစ်နေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် နောက်ကျောဘက်မှ သက်ပြင်းချသံသဲ့သဲ့ ထွက်ပေါ်လာလေသည်။

ရှောင်ကျင်း ချာခနဲလှည့်ကြည့်လိုက်၏။

ထိုအခါ ...

အဘိုးအိုကောင်းလွေ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဩော် ... ဘဘ"

ရှောင်ကျင်း ထိုင်ရာမှ ထလိုက်၏။

ကောင်းလွေက ...

"ထိုင်ပါ ထိုင်ပါ ... မင်း အိပ်မပျော်ဘူးထင်တယ်"

ရှောင်ကျင်းက ...

"ဟုတ်ပါတယ် ခင်ဗျား"

ကောင်းလွေက ...

"မင်းက အိပ်မက်သူဇာ အကြောင်းတွေးတော စဉ်းစားနေတာ မဟုတ်လား"

ရှောင်ကျင်းက ...

"ဟုတ်ပါတယ်ခင်ဗျာ"



ဟု အမှန်အတိုင်း ဖွင့်ပြောလိုက်လေ၏။

ကောင်းလွေ သက်ပြင်းချလိုက်၏။

"အင်း ... သခင်မဟာ ခုထိ မကျွတ်မလွတ်နိုင်သေးပါဘူး ကွယ်"

ဟု ပြောလာ၏။

ရှောင်ကျင်းသည် လူငယ်လူရွယ်တစ်ယောက် ဖြစ်လေသည်။

မကောင်းဆိုးဝါး နာနာဘာဝဆိုသည်ကို လက်မခံနိုင်သူ ဖြစ်သည်။

သို့သော် ...

ကြုံတွေ့နေရသော အဖြစ်အပျက်များက လက်မခံ၍ မရအောင် ဖြစ်နေ၏။

ကောင်းလွေက ...

"တကယ်တော့ သခင်မ ကွယ်လွန်ခဲ့တာ နှစ်ပေါင်းနှစ်ဆယ်နီးပါး ရှိပါပြီ၊ သူဟာ အေးချမ်းတဲ့ဘုံဘဝမှာ နေသင့်ပါပြီ၊ ခုတော့ မကျွတ်မလွတ်ဘဲ ဝိညာဉ်အဖြစ် သွားလာလှုပ်ရှားနေတုန်းပဲဆိုတော့ အတော့်ကို ဝမ်းနည်းစရာကောင်းလှပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းသည် အိပ်မက်သူဇာအား လူကိုယ်တိုင် တွေ့ခဲ့ရသည်။

ထို့အတူ ...

မှန်ခေါင်းအတွင်း၌ အိပ်ပျော်နေသကဲ့သို့ရှိနေသော ကွယ်လွန်ပြီးဖြစ်သည့် အိပ်မက်သူဇာကို တွေ့ခဲ့ရ၏။

ကောင်းလွှေကသာ အိပ်မက်သူဇာ၏ ရုပ်ကလာပ်ကို မပြခဲ့လျှင် အိပ်မက်သူဇာသည် သက်ရှိထင်ရှား ရှိနေသည်ဟု ထင်မိမည်ဖြစ်လေသည်။

ကောင်းလွှေက ...

"သခင်မဟာ အစွဲအလမ်းတစ်ခုကြောင့် ကွယ်လွန်သွားခဲ့ပေမယ့် ခုချိန်ထိ မကျွတ်မလွတ်နိုင်အောင် ဖြစ်နေသေးတာပေါ့ကွယ်"

ရှောင်ကျင်း စိတ်ဝင်စားသွားလေသည်။

"သခင်မက ဘာကိုများ စွဲလမ်းနေလို့လဲ၊ မှန်ခေါင်းထဲက အဖိုးတန် ကျောက်မျက်ရတနာတွေကို စွဲလမ်းနေတာလားဟင်"

ဟု မေးလိုက်မိလေသည်။

ကောင်းလွှေ ခေါင်းခါယမ်းလိုက်သည်။



"မဟုတ်ပါဘူးကွယ် ... ကျောက်မျက်ရတနာတွေကို မမက်ရှာပါဘူး"

"ဒါဖြင့် သူ မျှော်လင့်စွဲလမ်းနေတာက"

"သူ့ရဲ့ ချစ်သူကိုပါ"

"ဗျာ"

ရှောင်ကျင်း ပိုပြီးအံ့သြသွားရလေ၏။

ကောင်းလွှေကို အကဲ ခတ်ကြည့်လိုက်၏။

ကောင်းလွှေက တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

"အဖြစ်အပျက်ကတော့ သိပ်မဆန်းပါဘူး၊ မြောက်ပိုင်း မြို့စားလက်ထဲ တောင်ကိုးလုံးဒေသ စည်ကားဖွံ့ဖြိုးနေတဲ့အချိန်မှာ ရပ်ဝေးက ကုန်သည်ပွဲစားတွေ ရောက်လာကြသလို အလည်အပတ်လာကြသူတွေလည်း ရှိကြတယ် ...၊

အဲဒီထဲမှာ ပြည်မကလာတဲ့ ဒေါင်းသမားလူငယ်တစ်ယောက် ပါလာတယ် ... သူ့နာမည်ဟာ ကွမ်းကြိုးခက်လို့ခေါ်တယ် ...၊

အတိုချုံးပြောရရင်တော့ ကွမ်းကြိုးခက်နဲ့ သခင်မတို့ဟာ

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာသက်ဝင်ခဲ့ကြတယ်၊ ကွမ်းကြိုးခက်က တောင်ပေါ်မှာ သုံးနှစ်လောက်ကြာအောင်နေပြီးတော့ ပြည်မကို ပြန်သွားတယ်၊ သခင်မကို လာခေါ်မယ်လို့ ကတိပေးသွားတယ်၊ ဒါပေမဲ့ ခုချိန်ထိ ရောက်မလာတော့ဘူးကွယ်"

ရှောင်ကျင်းသည် သဘောပေါက်လိုက်ပြီဖြစ်၏။

အိဝ်မက်သူဇာသည် ချစ်သူ ကွမ်းကြိုးခက်ကို စွဲလမ်းကာ မကျွတ်မလွတ် ဖြစ်နေရခြင်းတည်း။

ကောင်းလွှေက ...

"ကျုပ်ဟာ သခင်မရဲ့အထိန်းတော် ဖြစ်ခဲ့ပါတယ်၊ သခင်မခုလို ဘဝမျိုးရောက်နေတာကို မကြည့်ရက်ပါဘူး၊ တကယ်လို့သာ သခင်မဟာ သူ့ချစ်သူ ကွမ်းကြိုးခက်ကို တွေ့လိုက်ရမယ်ဆိုရင်၊ ကွမ်းကြိုးခက်က အကျိုးအကြောင်း သိသွားပြီးအမျှအတန်း ပေးဝေလိုက်မယ်ဆိုရင် ကျွတ်လွတ်သွားလိမ့်မယ်လို့ ယုံကြည်မိပါရဲ့ကွယ်"

ရှောင်ကျင်း စိတ်မကောင်းဖြစ်သွား၏။

"ကျွန်တော် ကူညီနိုင်ရင် ကူညီပါရစေ၊ ဘယ်လိုကူညီရမယ်ဆိုတာသာ ပြောပါ ခင်ဗျာ"

ဟု မေးလိုက်၏။



သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာ၏။

"မင်း တကယ် ကူညီမှာလား"

ရှောင်ကျင်း ခေါင်းညိတ်လိုက်၏။

"တကယ်ပြောတာပါ ခင်ဗျာ"

သူက ...

"အင်း ... မင်းဟာ ပြည်မကလာတဲ့ လူတစ်ယောက် ဖြစ်တယ်၊ စိတ်ထားဖြူစင်မယ့်ပုံလည်း ရှိတယ်၊ ဒါကြောင့် သခင်မကသူ့ကို ကူညီဖို့ မင်းကို ရွေးချယ်လိုက်တာပဲ ဖြစ်လိမ့်မယ်"

ဟု ပြော၏။

ရှောင်ကျင်း သက်ပြင်းချမိ၏။

"ဘာဘ မှားနေပြီ ခင်ဗျ"

"ဟင် ဘာဖြစ်လို့လဲ"

"ကျွန်တော်ဟာ သူခိုးတစ်ယောက် ဖြစ်ခဲ့လို့ပါပဲ"

ကောင်းလွှေ မယုံနိုင်အောင် ဖြစ်သွား၏။

"မင်း မင်း တကယ် ပြောနေတာလားကွယ်"

"တကယ်ပါခင်ဗျာ ... ကျွန်တော်ဟာ လမ်းမှားလိုက်မိပြီး

www.burmeseclassic.com

www.burmeseclassic.com



ခုစရိုက်မှုတွေ ကျူးလွန်မိခဲ့ပါတယ်၊ ဒါပေမဲ့ ခုတော့ နောင်တရနေပါပြီ၊ ကျွန်တော့် အပြစ်တွေအတွက် တရားဥပဒေရဲ့ အဆုံးအမကို ခံယူမယ်လို့ ဆုံးဖြတ်လိုက်ပါပြီ ခင်ဗျာ”

ကောင်းလေးက ...

“ကောင်းပါတယ်ကွယ်၊ မင်းကသာ သခင်မကို ကူညီမယ်ဆိုရင် ပြည်မကို ပြန်သွားရမှာပဲကွဲ့”

ရှောင်ကျင်း အံ့သြသွား၏။

“ကျွန်တော် ပြည်မကို ပြန်ရမယ် ... ဟုတ်လား”

“ဟုတ်တယ်”

“ဘာဖြစ်လို့လဲခင်ဗျာ”

“သခင်မရဲ့ ချစ်သူ ကွမ်းကြိုးခက်ကို ရှာဖွေပေးဖို့ပါပဲ”

ရှောင်ကျင်းသက်ပြင်းချလိုက်၏။

“သြော် ... ဒီလိုကိုး”

“ဟုတ်တယ် ... မင်းကူညီနိုင်ပါ့မလား”

ပြည်မသို့ ပြန်ခြင်းသည် ကျားခံတွင်းသို့ ဝင်ရသည်နှင့် အတူတူပင် ဖြစ်၏။

သို့သော် ရှောင်ကျင်းသည် နောင်တရနေပြီ ဖြစ်သလို



ဥပဒေ၏အဆုံးအမကို ခံယူဖို့ ဆုံးဖြတ်ထားပြီးဖြစ်ရာ ပြည်မသို့ မပြန်ဝံ့စရာ အကြောင်းမရှိတော့ပေ။

ရှောင်ကျင်းက ...

“ကျွန်တော် ကူညီပါ့မယ်”

ဟု ယတိပြတ် ဆုံးဖြတ်၍ပြောလိုက်၏။

ကောင်းလေးက ...

“မင်းကို ကျေးဇူးတင်ပါတယ်ကွယ်”

ဟု လိုက်လိုက်လှဲလှဲ ပြော၏။

ရှောင်ကျင်းက ...

“ဒါထက် ကွမ်းကြိုးခက် ဘယ်မှာ ရှိတယ်ဆိုတာ ဘာသိပါရဲ့လား ခင်ဗျာ”

ဟု မေးလိုက်၏။

သူက ...

“ကျုပ်မသိပါဘူး၊ ဒါပေမဲ့ ... သခင်မကတော့ သိပါတယ်”

“ဗျာ”

“သခင်မရဲ့ ဝိညာဉ်က မင်းနဲ့အတူ လိုက်ပြီး ကွမ်းကြိုးခက်ရှိနေတဲ့ နေရာကို လမ်းပြပေးပါလိမ့်မယ်ကွယ်”

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်း ပါးစပ်ပိတ်ထားလိုက်၏။

ဝိညာဉ်တစ်ခုနှင့်အတူ ခရီးသွားရမည်ဆိုသောကိစ္စကို ဘယ်တုန်းကမှ မတွေးခဲ့ဖူးချေ။

ကြားလည်း မကြားခဲ့ဖူးပါ။

ယခုမူ ...

ပထမပိုင်းပြီး၏။

ဒုတိယပိုင်း (ဇာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

## အိပ်မက်သူဇာ

(ဒုတိယပိုင်း-စာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၃၆၅၀၅၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၃၆၃၀၅၁၂

၂၀၁၂ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာရီ (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။



## အခန်း (၁၁)

မြောက်ဘက် တောင်တန်းဒေသတွင် မိစ္ဆာဒိဋ္ဌိများသောင်းကျန်း မင်းမူနေကြသည်ဆိုသော သတင်းသည် နေပြည်တော်သို့တိုင် ပေါက်ကြားသွားခဲ့ပြီ ဖြစ်၏။

ထို့ကြောင့်လည်း ဘုရင်မင်းမြတ်သည် အမျိုးဘာသာ သာသနာကို ကာကွယ်ရန် နေပြည်တော်မှ တပ်ဖွဲ့များကို စေလွှတ်၍ နှိမ်နင်း၏။

နေပြည်တော်မှ အင်အားကြီးမားသော တပ်ဖွဲ့များသည် မြောက်ဘက်တောင်တန်းဒေသသို့ ချီတက်သွားကြလေသည်။

လမ်းခရီးတစ်လျှောက်လုံး ခိုးသားဓားပြများ၊ ဒုစရိုက်သမားများကို ချေမှုန်းနှိမ်နင်းသွား၏။

မြောက်ဘက်တောင်တန်းဒေသသို့ ရောက်လျှင်တပ်ဖွဲ့အသီးသီးခွဲ၍ နယ်မြေဒေသအေးချမ်းသာယာရေးကို ဆောင်ရွက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဝေလူကြမ်းကြီးများ အခိုင်အမာ ခြေကုပ်ယူထားသည့် တောင်ကိုးလုံးဒေသသို့ ဆက်လက်ချီတက်သွားကြလေတော့သည်။

နေပြည်တော်မှတပ်ဖွဲ့များ ရောက်ရှိလာသဖြင့် မြောက်ဘက်တောင်တန်းဒေသသည် မကြာမီ အေးချမ်းသာယာသွားတော့မည်ဖြစ်လေ၏။

❖



ည ....။

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန် သာနေ၏။

မကြာမီ လပြည့်ညသို့ ရောက်ရှိလာတော့မည် ဖြစ်လေသည်။

ရှောင်ကျင်းသည် ပြာင်းပေါက်အနီး၌ရပ်ကာ ကောင်းကင်ပေါ်မှ လဝန်းကို ငေးမေ့ကြည့်နေမိ၏။

ဆန်းကြယ်လှပသော သူ၏ဘဝကို ဟအံ့တသြ တွေးတောနေမိခြင်း ဖြစ်ပါ၏။

မိဘမဲ့တစ်ကောင်ကြွက်အဖြစ် လမ်းပေါ်တွင်ကြီးပြင်းခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



အရွယ်ရောက်သောအခါ ဘ၀တူ လူပေလူတေလေးများနှင့် ပေါင်းသင်းမိကာ ဒုစရိုက်သမားဖြစ်လာခဲ့ရ၏။

ဒုက္ခရောက်၍ ထွက်ပြေးလာပြန်သောအခါ မဖျော်လင့်သော ဖြစ်ရပ်များနှင့် ကြုံတွေ့ရပြန်၏။

မြောက်စိုင်းမြို့စား၏သမီး အိပ်မက်သူဇာအား သူမ၏ချစ်သူထံ လိုက်လံပို့ဆောင်ပေးရတော့၏။

ပြည်မသို့ပြန်လျှင် ဒုက္ခတွေ့နိုင်ကြောင်း နားလည်ထားပါသော်လည်း နောင်တရနေပြီဖြစ်ရကား အပြစ်ဒဏ်ကိုရင်ဆိုင်ရန် ဆုံးဖြတ်လိုက်၏။

အိပ်မက်သူဇာအား သူမ၏ချစ်သူထံ လိုက်လံပို့ဆောင်ပေးပြီးနောက် ချန်အနီးမြို့မှ အာဏာသားမှထောင်းထံသို့ သွားကာ အပြစ်ကိုဝန်ခံပြီး အဖမ်းခံရန် ဆုံးဖြတ်ထားလေသည်။

ရှောင်ကျင်း ဟိုဟိုသည်သည် တွေးတောစဉ်းစားနေစဉ်မှာပင် မွှေးကြိုင်သင်းပျံ့သော ရနံ့တစ်ခုကို ရှူရှိုက်လိုက်ရလေ၏။

ရှောင်ကျင်း၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွား၏။

ထိုမွှေးရနံ့သည် အိပ်မက်သူဇာနှင့် တွေ့ရခါနီးတိုင်း ထွက်ပေါ်လာလေ့ရှိသော မွှေးရနံ့ဖြစ်၏။

ရှောင်ကျင်းသည် ချက်ချင်းပင် အိပ်မက်သူဇာကို သတိရလိုက်၏။

အိပ်မက်သူဇာ သူ၏အနီးပတ်ဝန်းကျင်သို့ ရောက်ရှိလာပြီလော။

သူ၏စိတ်ထဲ၌ ရောက်လာပြီဟု ယုံကြည်မိလေ၏။

ထို့ကြောင့် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေ၏။

ထိုစဉ် ...

"ရှင်က ကျွန်မကို ရှာနေတာလား"

ဆည်းလည်းသံပမာ ချိုလွင်သော စကားသံလေး ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

"ဟင်"

ရှောင်ကျင်း ရင်ထိတ်သွား၏။

စကားသံသည် သူ၏နောက်ကျောဘက် အခန်းတွင်းမှ ထွက်ပေါ်လာခြင်း မဟုတ်ပါလား။

ချာခနဲလှည့်ကြည့်လိုက်သောအခါ ခုတင်ပေါ်၌ ထိုင်နေသည့် အိပ်မက်သူဇာကို တွေ့မြင်လိုက်ရလေတော့သည်။

သူက မျှော်လင့်နေချိန်မှာပင် အိပ်မက်သူဇာ ရောက်ရှိလာပြီ ဖြစ်လေ၏။

❖



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်သူဇာ ရောက်ရှိလာ၏။

ရှောင်ကျင်းက သူမအား မျက်လုံးပြူး၍ကြည့်နေသည်။

အိပ်မက်သူဇာသည် နန်းတွင်းသူတစ်ယောက်၏ အဝတ်အစားများ ဝတ်ဆင်ထား၏။

နတ်မိမယ်အလား ချောမောလှ၏။

သူမ၏အလှသည် အိပ်မက်ဆန်သောအလှမျိုး ဖြစ်လေသည်။

ရှောင်ကျင်းသည် အိပ်မက်သူဇာကိုကြည့်ရင်း မြို့စားဂေဟာမှအုတ်ဂူများကို မြင်ယောင်လာလေ၏။

မှန်ခေါင်းသွင်းထားသော အုတ်ဂူတစ်ခု။



မှန်ခေါင်းထဲမှ အိပ်ပျော်သကဲ့သို့ ရှိနေသော အိပ်မက်သူဇာ၏ရုပ်အလောင်း။

ယခုတွေ့နေရသည့် အိပ်မက်သူဇာ။

အရာရာသည် အံ့ဩမဆုံးအောင် ဆန်းကြယ်စွာ ရှိနေပါတော့၏။

အိပ်မက်သူဇာက ပြုံးလိုက်လေ၏။

"ရှင်က ဘာတွေ တွေဝေငေးမောနေတာလဲရှင့်"

ဟု စကားစလာလေ၏။

သူမ၏စကားသံလေးမှာ ကြည်လင်အေးမြလှပ၏။

ကြားရသူအပေါင်း စိတ်ချမ်းမြေ့စေနိုင်သော အသံမျိုး ဖြစ်သည်။

ရှောင်ကျင်းက သက်ပြင်းချလိုက်၏။

"ဪ ... ကျုပ်အဖြစ်က မယုံနိုင်စရာ ကောင်းတာကို တွေးပြီး အံ့ဩနေမိတာပါဗျာ"

ဟု ပြောလိုက်လေ၏။

အိပ်မက်သူဇာက ...

"မယုံမရှိပါနဲ့ရှင်၊ ရှင် တကယ့်ကို ကြုံတွေ့နေရတာပါ။ ကျွန်မကလည်း ရှင်ရဲ့အကူအညီ လိုအပ်နေတာအမှန်ပါရှင်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလာလေ၏။

ရှောင်ကျင်းက …

"ကျုပ်က ကူညီပါ့မယ်လို့ ဘာဘာကောင်းလွေကို ပြောပြီးပါပြီ"

အိပ်မက်သူဇာက …

"ရှင် ကူညီမယ်ဆိုလို့ ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မတို့ကို ကူညီလို့ ရှင့်အတွက် အကျိုးမယုတ်စေရပါဘူး"

ရှောင်ကျင်းက …

'ခင်ဗျား ဘာကိုဆိုလိုတာလဲဗျ"

အိပ်မက်သူဇာက …

"ရှင်က ကျွန်မရဲ့ရုပ်အလောင်းကို တွေ့ခဲ့ပြီးပြီ မဟုတ်လားရှင်"

ရှောင်ကျင်း ခေါင်းညိတ်ပြလိုက်၏။

အိပ်မက်သူဇာက …

"ကျွန်မရဲ့ ရုပ်အလောင်းထည့်ထားတဲ့ မှန်ခေါင်းထဲမှာ အဖိုးတန် ကျောက်မျက်ရတနာတွေ ရှိပါတယ်၊ ဒီရတနာတွေကို ရှင့်အတွက် ပေးပါ့မယ်ရှင်"

"ဗျာ"



ရှောင်ကျင်းပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

လုံးဝမျှော်လင့်မထားသောစကားကို ကြားလိုက်ရခြင်း ဖြစ်သည်။

အိပ်မက်သူဇာက …

"ကျွန်မတို့က လိုလိုလားလား ပေးတာပါရှင်၊ ရှင်လက်ခံပါနော်"

"ကျုပ် ကျုပ်"

"ရှင်ကလက်မခံရင် ကျွန်မတို့ ဝမ်းနည်းရမှာပါ၊ ရှင့်ကိုကျေးဇူးဆပ်တာကို လက်ခံဖို့ တောင်းပန်ပါတယ်ရှင်"

ရှောင်ကျင်း သက်ပြင်းချလိုက်၏။

"ကျုပ်က မမက်မောတော့ပါဘူးဗျာ"

"အို … မငြင်းပါနဲ့ရှင်"

အိပ်မက်သူဇာ၏ အသံလေးမှာ စိုးရိမ်ပူပန်သည့် အသွင်ဖြစ်ပေါ်လာ၏။

ရှောင်ကျင်း ဘာမှမပြောဘဲနေလိုက်၏။

အိပ်မက်သူဇာက …

"ရှင်က ကျွန်မရဲ့ ချစ်သူဆီကို လိုက်ပို့ပေးမယ် မဟုတ်လားရှင်"

www.burmeseclassic.com

www.burmeseclassic.com



သူက ...

"ကျုပ် လိုက်ပို့ပေးပါမယ်ဗျာ"

ဟု ကတိပေးလိုက်၏။

"ကျေးဇူးတင်လိုက်တာရှင်"

သူမက ထိုင်ရာမှ ထလာလေ၏။

သူ ငေးကြည့်နေ၏။

သူမသည် သူ့ထံသို့ လှမ်းလာ၏။

မမျှော်လင့်ဘဲ သူမအား ထွေးပွေ့လိုစိတ်များဖြစ်ပေါ်လာလေ၏။

သူ၏လက်နှစ်ဖက်ကိုပင် ဆန့်တန်းမိတော့မလို ဖြစ်သွားသည်။

ထိုစဉ် ...

'ဒေါက် ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

သူက အခန်းတံခါးဆီသို့ လှည့်ကြည့်လိုက်ပြီး ...

"အဘ ကောင်းလွှေလား"

ဟု မေးလိုက်လေ၏။

အခန်းအပြင်ဘက်မှ ကောင်းလွှေ၏အသံ ထွက်ပေါ်လာသည်။



"ဟုတ်တယ် ... မောင်ရင်းလေး မအိပ်သေးဘူး မဟုတ်လား။ ကျုပ်ပြောစရာရှိလို့ တံခါးဖွင့်ပေးပါဦး"

"ကောင်းပါပြီ ဘဘ"

သူ အခန်းတွင်းသို့ လှည့်လိုက်၏။

ထိုအခါ အခန်းတွင်း၌ ရှိနေခဲ့သော သူဇာကို မတွေ့ရတော့ပါ။

သူက ဟိုဟိုသည်သည် ကြည့်လိုက်၏။

အခန်းတွင်း၌ သူဇာကို ရှာမတွေ့ရတော့ပါ။

သူ ကပျာကယာ မီးထွန်းလိုက်၏။

မီးရောင်ထွက်ပေါ်လာသဖြင့် အခန်းတွင်း၌ လင်းလင်းကျင်းကျင်း ဖြစ်သွားလေ၏။

သူမ၏အရိပ်အယောင်ပင် မတွေ့ရတော့ပါ။

သူ သက်ပြင်းချလိုက်မိလေတော့၏။

❖

www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်း၌ မီးရောင် ထိန်ထိန်လင်းနေ၏။

သူနှင့်ဘဘတို့ မျက်နှာချင်းဆိုင် ထိုင်နေကြ၏။

ဘဘသည် ညကြီးအချိန်မတော် အဘယ်သို့သော အကြောင်းဖြင့် ရောက်လာရပါသနည်း။ သူက ...

"ဘယ်လို အရေးကြီးတဲ့ကိစ္စများ ရှိနေလို့လဲဆိုတာ ပြောပြပါဦး ခင်ဗျာ"

ဟု မေးလိုက်လေ၏။

အဘက နဖူးပေါ်မှ ချွေးများကို သုတ်လိုက်ပြီး ...

"သခင်မလေးက ကျုပ်ကိုအိပ်မက် လာပေးတာကြောင့် ကျုပ် အိပ်ပျော်နေရာက လန့်နိုးလာထယ်လေ၊ အိပ်မက်က မင်းနဲ့



သက်ဆိုင်နေလို့ မင်းဆီကို ချက်ချင်းလာခဲ့ရတာပဲ"

ဟု ပြောလေ၏။

သူ အံ့သြသွားရပြန်လေသည်။

"ကျွန်တော်နဲ့ပက်သက်ပြီး အိပ်မက်မက်တယ် ... ဟုတ်လား"

"ဟုတ်တယ်ကွဲ့"

"အံ့သြစရာပဲ ... ဘယ်လိုပဲဆိုတာ ပြောပါဦးခင်ဗျာ"

ဘဘက တည်ကြည်သော မျက်နှာထားဖြင့် ...

"အိပ်မက်ထဲမှာ သခင်မဟာ ကျုပ်ဆီကို ရောက်လာတယ်၊ သူ့ရဲ့ချစ်သူကို မင်းကလိုက်ရှာပေးမယ်ဆိုတဲ့ အတွက်ကျေးဇူးတင်တဲ့ အကြောင်းနဲ့ မင်းကို ကျေးဇူးဆပ်ဖို့အတွက် မြို့စားဂေဟာထဲက ရတနာတွေကို ပေးလိုက်ဖို့ ပြောလာတယ်"

"ဗျာ"

သူ ပါးစပ် အဟောင်းသားဖြစ်သွားလေ၏။

သူဇာသည် သူ့ထံသို့ရောက်လာသည့်အပြင် ဘဘကိုလည်း အိပ်မက်ပေးခဲ့သည် မဟုတ်ပါလား။

ကောင်းလှေ့ကူ ...

"ဝေလူကြမ်းကြီးတွေဟာ စိတ်မချရဘူးကွဲ့၊ သခင်မရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်ဟာ မင်းနဲ့အတူ ပြည်မကို လိုက်သွားမယ်ဆိုရင်၊ သူတို့ကို ယန့်တားမယ် လူမရှိတော့တာကြောင့် ...

"မြို့စားဂေဟာကို ဖျက်ဆီးပစ်ပြီး ကျောက်မျက်ရတနာတွေကို လုယူသွားကြမှာ သေချာတယ်"

"သူတို့ဟာ သည်လိုအခွင့်အရေးမျိုးကို စောင့်မျှော်နေကြတာ ကြာပြီကွဲ့"

ရှောင်ကျင်းက

"ကျွန်တော်ဟာ တစ်ချိန်က ဆိုးသွမ်းမိုက်မဲခဲ့သူ တစ်ယောက်ဖြစ်ခဲ့ပေမယ့် ခုချိန်မှာတော့ နောင်တရနေပါပြီ၊ လိုချင်မက်မောမှုဆိုတာ မရှိတော့ပါဘူးခင်ဗျာ"

"ကျွန်တော် မယူပါရစေနဲ့"

ဟု ငြင်းဆန်လိုက်သည်။

ကောင်းလှေက ...

"မင်းသာ လက်မခံဘူးဆိုရင် သခင်မလေးဟာ ဘယ်တော့မှ စိတ်ချမ်းမြေ့နိုင်တော့မှာ မဟုတ်ပါဘူးကွယ်"

"ပြီးတော့ မသမာမှုတွေရဲ့ လက်ထဲကို ရောက်သွားမယ့်အရေးကလည်း မတွေးဝံ့လောက်အောင်ပါပဲ"

ရှောင်ကျင်းက ...



"ကျွန်တော်ဟာ သခင်မလေးကို ကူညီပြီးရင် အပြစ်ဒဏ်ကို ခံယူရမှာပါ။ ဒါကြောင့် အဖိုးတန် ကျောက်မျက်ရတနာတွေကို အသုံးချဖို့ အချိန်ရှိမှာ မဟုတ်ပါဘူး"

ကောင်းလှေက ...

"မောင်ရင်လေးရဲ့ ကိုယ်ကျိုးအတွက် မသုံးရင်လည်း အများအကျိုးဆောင်ရွက်ရာမှာ အသုံးပြုလို့ ရနိုင်သေးတာပဲ၊ မောင်ရင်လေးဟာ ကိုယ့်ရဲ့အမှားတွေကို နောင်တရပြီး အများအကျိုးဆောင်ရွက်မယ်ဆိုရင် အပြစ်တွေလျော့ပါးသွားမှာ သေချာပါတယ်ကွယ်"

ရှောင်ကျင်းက ...

"ကျွန်တော် စဉ်းစားပါရစေဦးခင်ဗျာ"

ဟု ပြောလိုက်သည်။

ကောင်းလှေက ...

"မောင်ရင်လေးရဲ့ အဆုံးအဖြတ်ဟာ လက်ခံတဲ့ အဖြေဖြစ်ပါစေလို့ပဲ ကျုပ်ဆုတောင်းပါတယ်ကွယ်၊ ကဲ ... ကျုပ်ကို ခွင့်ပြုပါဦး"

စကားဆုံးလျှင် ထိုင်ရာမှ ထလိုက်၏။

သူက အခန်းဝသို့ရောက်သည်အထိ လိုက်ပို့ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလွှေက ...

"ကျုပ်ကြောင့် မင်းအိပ်ရေးပျက်ရတယ်ဆိုရင် နောင့်ယှက်မိတာကို တောင်းပန်ပါတယ်ကွယ်"

"ကဲ ... ကျုပ်ကို သွားခွင့်ပြုပါဦး"

"ကောင်းပါပြီခင်ဗျာ"

ကောင်းလွှေ နှုတ်ဆက်ပြီး ထွက်သွားတော့၏။

သူက အခန်းတံခါး ပြန်ပိတ်ထားလိုက်၏။

သူ၏ရင်ထဲ တင်းကျပ်နေရင်း ယခင်ကဆိုလျှင် မှန်ခေါင်းထဲမှ ကျောက်မျက်ရတနာများကို အငမ်းမရ လိုချင်မက်မောမည်မှာ သေချာလှပေသည်။

ယခုတော့ လိုချင်မက်မောစိတ် စိုးစဉ်းမျှပင် မရှိတော့ပါ။

သူ လိုချင်မက်မောသည်မှာ အေးချမ်းစွာနေနိုင်သည့် လူကောင်းဘဝတစ်ခုပင် ဖြစ်လေသည်။

သူလိုလားတောင့်တသော ဘဝကို မကြာမီ ပိုင်ဆိုင်ရရှိလိမ့်မည်ဟု မျှော်လင့်မိသည်။

သူသည် ခုတင်ရှိရာသို့ လှမ်းသွားရန်ဟန် ပြင်လိုက်၏။

ထိုစဉ် ...

"ဟင့် ဟင့် ဟင့်"



ငိုရှိုက်သံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

ရှောင်ကျင်း ခေါင်းနားပန်း ကြီးသွားပြီး ပြတင်းပေါက်အနီးသို့ ကပျာကယာလှမ်းသွား၏။

ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက် မျှော်ကြည့်လိုက်သည်။

ဤတွင် အဝေးရှိ သစ်ပင်တစ်ပင်အောက်၌ ရပ်နေသည့် မိန်းကလေးတစ်ဦးကို တွေ့လိုက်ရ၏။

"အိပ်မက်သူဇာ"

မှန်ပေသည်။

ထိုမိန်းကလေးမှာ အိပ်မက်သူဇာ ဖြစ်၏။

အိပ်မက်သူဇာ ငိုရှိုက်နေ၏။

အဘယ်ကြောင့်ပါနည်း။

ရှောင်ကျင်း သက်ပြင်းချလိုက်၏။

သူက ကျောက်မျက်ရတနာများကို လက်မခံသဖြင့် အိပ်မက်သူဇာသည် ဝမ်းနည်းကြေကွဲ၍ ငိုကြွေးနေခြင်းဖြစ်ကြောင်း ထင်ရှား၏။ ရှောင်ကျင်း သက်ပြင်းချလိုက်၏။

"ကောင်းပါပြီဗျာ ... ကျုပ်က ကျောက်မျက်ရတနာတွေကို လက်ခံပြီး အများအကျိုးပြုတဲ့နေရာမှာ အသုံးပြုပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။

သူ၏ စကားသံ ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင် အိပ်မက်သူစာ၏ပုံရိပ်သည် ဖျတ်ခနဲ ကွယ်ပျောက်သွားလေသည်။

ထိုညအဖို့ ရှောင်ကျင်းတစ်ယောက် မိုးလင်းခါနီးမှ အိပ်ပျော်သွားခဲ့ရ၏။

❖



•

လူပုလေး မျက်စိမျက်နှာ ပျက်ပြားနေပါ၏။

မိန်းမပျိုလေးနှစ်ယောက်၏ ပြုစုမှုကို ခံယူကာ စားသောက်နေသည့် ဝမ်းတုံထံသို့ အပြေးဂေါဇ်ပိုင်း ရောက်လာသည်။

ဝမ်းတုံသည် ဖျာယီးဖျာယာဖြစ်နေသည့် လူပုလေးကို ကြည့်၍ ...

"ခင်ဗျား ဘာတွေအရေးကြီးနေပြန်ပြီလဲ"

ဟု ဆီးမေးလိုက်၏။

လူပုလေးက ...

"အရေးကြီးပြီးလား ... နေဥ္စည်တော်ကတပ်ဖွဲ့တွေ မြောက်ပိုင်းကို ရောက်လာကြပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

"မြောက်ပိုင်းက လူဆိုးဓားပြတွေကို ပြတ်ပြတ်သားသား နှိမ်နင်းနေကြတယ်၊ ကျုပ်တို့ အခြေပြုထားတဲ့ တောင်သုံးလုံးဒေသကို ဦးတည်ချီတက်လာနေကြပြီ"

"ဒါဆို ကောင်းတာပေါ့"

"ဟင်"

လူပုလေး မကျေမနပ် ဖြစ်သွား၏။

ဝမ်းတုံကို စိုက်ကြည့်လိုက်ပြီး ...

"မင်း ဘယ်လိုပြောလိုက်တာလဲ၊ နေပြည်တော်ကတပ်ဖွဲ့တွေ ရောက်လာရင်ကျုပ်တို့ အားလုံးဒုက္ခရောက်ကုန်ကြလိမ့်မယ်ဆိုတာ မင်းမသိဘူးလား"

ဝမ်းတုံက ...

"သိတာပေါ့ဗျာ"

"သိလျက်နဲ့ကွာ"

"ဟား ဟား ဟား"

ဝမ်းတုံ ရယ်လိုက်၏။

"ခင်ဗျားက ဘာကြောင့် ဒီလောက်တောင် စိုးရိမ်နေရတာလဲ၊ ဒါဟာ ကျုပ်တို့အတွက် အခွင့်အရေးဆိုတာ ခင်ဗျားနားမလည်နိုင်တော့ဘူးလားဗျ"



လူပုလေးက ...

"ကျုပ်တို့အတွက် အခွင့်အရေး ... ဟုတ်လား"

"ဟုတ်တယ်လေ"

"ပြောစမ်းပါဦး ... ဘယ်လိုအခွင့်အရေးလဲ"

ဝမ်းတုံက အရက်တစ်ခွက်၊ မော့သောက်လိုက်ပြီးမှ ...

"ညွှန်လိုက်တာဗျာ၊ ဝေလူကြမ်းကြီးတွေကို စုရုံးခိုင်းလိုက်ပြီး ရင် နေပြည်တော်က တပ်ဖွဲ့တွေကို ရင်ဆိုင်ခိုင်းလိုက်ပေါ့"

လူပုလေးက ...

"သူတို့ကို သေတွင်းထဲပို့လိုက်သလို ဖြစ်သွားမှာပေါ့"

ဝမ်းတုံက ...

"ဟုတ်တယ်လေ ... သေတွင်းထဲ ပို့တာပဲ"

"ဟာ"

"ဘာလဲ ... ခင်ဗျားက သူတို့အတွက် စိုးရိမ်နေတာလား၊ ခင်ဗျားပဲ သူတို့လက်ထဲက လွတ်မြောက်ချင်တယ်ဆို"

"ဟုတ်တယ်လေ"

"ဝေလူကြမ်းကြီးတွေက နေပြည်တော်က တပ်ဖွဲ့တွေကို ရင်ဆိုင်နေတဲ့ အချိန်မှာ ကျုပ်တို့ သခင်မတောင်ပေါ်ကိုသွားပြီး

www.burmeseclassic.com

www.burmeseclassic.com



ရတနာတွေကို ရယူမယ်၊ ပြီးရင် တိတ်တိတ်လေး ထွက်ပြေးသွားကြတာပေါ့ဗျာ”၄

လူပုလေးသည် တဂယ်တမ်း ထွက်ပြေးရမည်ဆိုသော အခါ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေ၏။

မြောက်ပိုင်းတောင်တန်းတွင် သူက နယ်စားကြီး တစ်ယောက်ပမာ မင်းမူနေနိုင်ခဲ့သည်မှာ ကြာပြီဖြစ်၏။

ဤနေရာမှ ထွက်ပြေးသွားပြီး အခြားနေရာသို့ရောက်လျှင် သူ၏ဘဝ အခြေအနေ မည်သို့ ရှိမည်နည်း။

ဝမ်းတုံက ...

“ခင်ဗျားမှာ တစ်သက်စားမကုန်တဲ့ ကျောက်မျက်ရတနာတွေ ရှိနေမှာပဲ၊ ခင်ဗျားက ဘာကိုများ စိုးရိမ်ပူပန်နေရတာလဲ”

ဟု ပြောလိုက်၏။

လူပုလေး သက်ပြင်းချကာ ...

“ကောင်းပြီလေ ... သူတို့ကို ကျုပ် အမိန့်ပေးလိုက်တော့မယ်”

“သိပ်ကောင်းတာပေါ့”

လူပုလေးသည် ဝမ်းတုံကို စိုက်ကြည့်လိုက်ပြီး ...

“မင်းကရော ဘယ်တော့လှုပ်ရှားမလဲ”



ဟု မေးလိုက်၏။

ဝမ်းတုံက ...

“ခင်ဗျားက ဝေလူကြမ်းကြီးတွေကို အမိန့်ပေးပြီးပြီဆိုတာနဲ့ ကျုပ်က လှုပ်ရှားရတော့မှာပေါ့”

“ကျုပ်တို့အတွက် အချိန်သိပ်မရှိဘူး၊ ဒါကြောင့် အမြန်ဆုံး လှုပ်ရှားမှ ဖြစ်တော့မယ်”

“စိတ်ချပါဗျာ”

လူပုံလေးက ...

“ဒါဖြင့် ကျုပ် သွားပြီး အမိန့်ပေးလိုက်တော့မယ်”

ပြောပြောဆိုဆို လှည့်ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

“နေဦး”

ဝမ်းတုံက ဟန့်တားလိုက်၏။

လူပုလေးက ...

“မင်း ဘာပြောချင်လို့လဲ”

ဝမ်းတုံက ...

“ကျုပ်လည်း ဒီကနေ့ညပဲ လှုပ်ရှားတော့မယ်၊ သခင်မတောင်ကို ခင်ဗျားလိုက်ပို့ရမယ်”

www.burmeseclassic.com

www.burmeseclassic.com



လူပုလေးက ...

"ကျုပ်လိုက်ပို့ပေးပါ့မယ်၊ ဒါပေမဲ့ မြို့စားဂေဟာအထိတော့ မလိုက်နိုင်ဘူး"

"ခင်ဗျားကြောက်လို့လား"

"ဟုတ်တယ်"

"ဟား ဟား ဟား"

"ကောင်းပြီလေ ...တောင်ခြေရောက်အောင် ကျုပ်ကိုလိုက်ပို့ပေးရင် တော်ပါပြီ၊ ညမိုးချုပ်တာနဲ့ သွားကြမယ်"

လူပုလေးက ...

"စိတ်ချ ... ကျုပ်လာခဲ့မယ်"

စကားဆုံးလျှင် ဝမ်းတုံအား ကျောခိုင်းကာ ထွက်သွားလေတော့သည်။

❖



●

တောင်ကုန်းတစ်ဖက်တွင် စိမ်းလန်းသော သစ်ပင်ချုံနွယ်များ ဖုံးလွှမ်းထားသည့် ချိုင့်ဝှမ်းတစ်ခုရှိသည်။

ဝေထင်းအိမ်က ထိုချိုင့်ဝှမ်းထဲသို့ ဆင်းလာသောအခါ သစ်ပင်တစ်ပင်နောက်ကွယ်မှ လူရိပ်တစ်ခု ထွက်လာပြီး ...

"ခင်ဗျား ရောက်လာပြီလား"

ဟု မေးလာလေ၏။

သစ်ပင်နောက်ကွယ်မှ ထွက်လာသူမှာ စန်းရယ် ဖြစ်ပါသည်။

စန်းရယ်သေဆုံးသွားပြီဟု ဝေထင်းအိမ်က ဝမ်းတုံအား ပြောခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းတုံ့ကလည်း ယုံကြည်သွား၏။

သို့ဖြင့် စန်းရယ်သည် ဝေထင်းအိမ်နှင့်ပူးပေါင်းကာ ဝမ်းတုံ့အား ဒုက္ခပေးရန် ကြံစည်နေလေ၏။

ဝေထင်းအိမ်က ...

"ပြဿနာတော့ ပေါ်လာပြီကွ"

ဟု ပြောလာလေသည်။

စန်းရယ်က ...

"ဘာတွေများဖြစ်လာတာလဲ ... ပြောစမ်းပါဦးဗျာ"

ဝေထင်းအိမ်က ...

"လူပုလေးက တောင်ကိုးလုံးဒေသကို ချီတက်လာတဲ့ နေပြည်တော်က တပ်ဖွဲ့တွေကို ရင်ဆိုင်တိုက်ခိုက်ဖို့ အမိန့်ထုတ်လိုက်ပြီ"

စန်းရယ် နှာခေါင်းရှုံ့လိုက်၏။

"အဲဒါ ခင်ဗျားတို့ကို သေတွင်းထဲပို့လိုက်တာပဲ"

ဝေထင်းအိမ် ပါးစပ်ပိတ်ထားလိုက်၏။

စန်းရယ်က ...

"နေပြည်တော်က တပ်ဖွဲ့တွေကိုရင်ဆိုင်နိုင်မယ်လို့ ခင်ဗျားထင်သလား။ ခင်ဗျားတို့အားလုံးကို ချေမှုန်းပစ်လိုက် လိမ့်မယ်ဆိုတာ မှတ်ထားပါ"



ဝေထင်းအိမ် သက်ပြင်းချလိုက်၏။

နေပြည်တော်မှ တပ်ဖွဲ့များသည် မြောက်ပိုင်းဒေသသို့ လျှင်မြန်စွာ ထိုးဖောက်ဝင်ရောက်လာကြပါ၏။

လူဆိုးဓားပြများကို ပြတ်ပြတ်သားသား ချေမှုန်းကြ၏။

ဒုက္ခရောက်နေသည့် ဒေသခံများကို ကူညီကြ၏။

ကျေးရွာများ ပြန်လည်ထူထောင်ပေး၏။

တောင်တန်းဒေသတစ်ခုလုံး အေးချမ်းသာယာအောင် ဆောင်ရွက်ပေးကြ၏။

ဝေလူကြမ်းကြီးများကို လိုက်လံရှာဖွေကာ ချေမှုန်းသည်။

ထို့အပြင် တောင်ကိုးလုံးဒေသသို့ ဦးတည်ချီတက်လာနေကြပြီ ဖြစ်သည်။

နေပြည်တော်မှ တပ်ဖွဲ့များနှင့်အတူ ဒေသခံပြည် သူများကလည်း တစ်တပ်တစ်အား ပါဝင်လာကြ၏။

မြောက်ပိုင်းဒေသမှ ဒုစရိုက်သမားများ၏နေဝင်ချိန် ရောက်နေပြီ ဖြစ်လေ၏။ စန်းရယ်က ...

"လူပုလေးက အမိန့်ပေးတိုင်း ခင်ဗျားတို့က နေပြည်တော်က တပ်ဖွဲ့တွေကို ရင်ဆိုင်မှာလား"

ဟု မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝေထင်းအိမ်က ...

"ကျုပ်က ရင်မဆိုင်ချင်ပါဘူး၊ ဒါပေမဲ့ ကျုပ်လူတွေက ...

"သူတို့က ရင်ဆိုင်ချင်တယ် ... ဟုတ်လား"

စန်းရယ်က ...

"ဒါဆိုလည်း သူတို့ထိုက်နဲ့သူတို့ကံပေါ့၊ ခင်ဗျားနဲ့ ကျုပ်လွတ်မြောက်သွားဖို့က အရေးကြီးတယ်"

ဝေထင်းအိမ်က ...

"ကျုပ်က ...

"ဘာလဲ ... ခင်ဗျားနေရစ်ခဲ့ချင်လို့လား"

ဝေထင်းအိမ် ခေါင်းခါယမ်းလိုက်၏။

"ကျုပ်လည်း ထွက်သွားမှာပါ"

"ကျုပ်တို့ သခင်မတောင်ပေါ်က ရတနာတွေ သွားယူကြမယ်လေ"

"ကျုပ် ကျုပ်"

"ကျုပ် တစ်ယောက်လုံး ရှိနေတာတောင် ခင်ဗျားက ဘာဖြစ်လို့ ကြောက်လန့်နေရတာလဲဗျ"

ဝေထင်းအိမ် သက်ပြင်းချလိုက်၏။

"ကောင်းပြီ သွားကြတာပေါ့"



စန်းရယ်သည် ကောင်းကင်ကိုမော့ကြည့်လိုက်ပြီး ...

"ဒီနေ့ညပဲ သွားကြတာပေါ့"

ဟု ပြောလိုက်လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေ၏။

လရောင်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

သို့သော် သခင်မတောင်ပေါ်မှ မြို့စားဂေဟာသည်ကား လွမ်းဆွတ်ကြေကွဲဖွယ် ကောင်းလှသည်ဟု ရှောင်ကျင်းထင်မိလေသည်။

ယခု သူသည် အဘိုးအိုကောင်းလွေ့နှင့် လိုက်လာရင်း မြို့စားဂေဟာသို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

တစ်ချိန်က ခမ်းနားထည်ဝါခဲ့သော မြို့စားဂေဟာမှာ ရစရာမရှိအောင် ပျက်စီးယိုယွင်းနေပြီဖြစ်၏။

မြို့စားဂေဟာတွင် ကျောက်ဖြူများဖြင့်ဆောက်လုပ်ထားသည့် အဆောင်တစ်ခုသာလျှင် အကောင်းပကတိ ကျန်ရစ်ခဲ့လေသည်။



ထိုအဆောင်အတွင်း၌ မြို့စားကြီးတို့၏မိသားစုရုပ်ကြွင်းများကို မြှုပ်နှံသင်္ဂြိုဟ်ထားလေသည်။

အထူးခြားဆုံးမှာ သခင်မလေး၏ မှန်ခေါင်းသွင်းထားသော အုတ်ဂူဖြစ်၏။

အဘိုးအိုနှင့်သူတို့သည် ကျောက်ဖြူအဆောင်တွင်းသို့ ရောက်ရှိလာကြလေသည်။

အဘိုးအိုသည် သခင်မ၏အုတ်ဂူရှေ့တွင် ခြေလှမ်းရပ်လိုက်သည်။

ကြမ်းပြင်ပေါ် ဒူးထောက်ကာ ဂါရဝပြုလိုက်ပြီး ...

"သခင်မရဲ့ ကျောက်မျက်ရတနာတွေကို ယူခွင့်ပြုပါ"

ဟု တောင်းပန်လိုက်၏။

ထို့နောက် ...

"သည်ကို လာခဲ့"

မလှမ်းမကမ်း၌ ရပ်နေသော သူ့ကိုလက်ရပ်ခေါ်လိုက်လေသည်။

သူက ချက်ချင်း လှမ်းသွားလိုက်လေ၏။

အနီးသို့ရောက်သွားသောအခါ အဘိုးအိုက ...

"သခင်မကို ဂါရဝပြုလိုက်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေသည်။

သူလည်း အုတ်ဂူရှေ့တွင် ဒူးထောက်ချကာ ဂါရဝပြုလိုက်လေသည်။

ပြီးလျှင် နှစ်ယောက်အား ဒူးထောက်ရာမှ ထလိုက်ကြ၏။

အဘိုးအိုက ...

"သခင်မရဲ့ ဝိညာဉ်ဟာ မင်းနဲ့အတူ ပြည်မကို လိုက်သွားလိမ့် မယ်၊ သူ့ချစ်သူနဲ့တွေ့ပြီးပြီဆိုရင် သခင်မဟာ ကျွတ်ထွက်သွားတော့မှာပဲ"

"ဒါဆိုရင် ကျုပ်တာဝန်ကျေပြီပေါ့၊ အခြားအုတ်ဂူတွေက မထူးခြားပေမယ့် သခင်မရဲ့အုတ်ဂူက အတော့်ကိုထူးခြားနေတော့ မတော်တဆ သည်နေရာကို မျက်စိလည်လမ်းမှားပြီး ရောက်လာသူတွေရှိရင် သခင်မအုတ်ဂူကို နှောင့်ယှက်ဖျက်ဆီးနိုင်တယ် ... ဒါကြောင့်"

အဘိုးအို၏ စကားအဆုံးမှီ သူက ကြားဖြတ်မေးလိုက်၏။

"ဘဘက ကြိုတင်ပြီး ဖျက်ဆီးပစ်မလို့လား"

ဟု မေးလိုက်လေသည်။

အဘိုးအိုက ...

"ဖျက်ဆီးမှာ မဟုတ်ပါဘူး၊ သာမန်အုတ်ဂူအဖြစ် ပြောင်းလဲလိုက်မှာပါ ... မကောင်းဘူးလား"

သူက ...

"ဟုတ်ကဲ့ ကောင်းပါတယ်ခင်ဗျာ၊ ဒီလိုမလုပ်ရင် ဒီနေရာကို ဘယ်သူ ရောက်လာရောက်လာ သခင်မရဲ့အခေါင်းကို စိတ်ဝင်စားသွားကြမှာပါပဲ"

အဘိုးအိုက ...

"ကောင်းပြီ"

စကားဆုံးလျှင် မှန်ခေါင်းနံဘေးမှ လျှို့ဝှက်ခလုတ်ကိုနှိပ်ချလိုက်လေသည်။

'ဂျောက်'

မြည်သံသဲ့သဲ့ ထွက်ပေါ်လာလေသည်။

ရုတ်တရက် မှန်ခေါင်းအဖုံးသည် အပေါ်သို့လန်တက်ကာ ပွင့်သွားလေသည်။

ဤတွင် မမျှော်လင့်သောဖြစ်ရပ်တစ်ခုကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရလေတော့သည်။

❖



www.burmeseclassic.com

www.burmeseclassic.com



နတ်မိမယ်အလား ချောမောလှပသည့် မြောက်ပိုင်း မြို့စားကြီး၏ သမီးတော် သခင်မလေးသည် မှန်ခေါင်းအတွင်း၌ ရှိနေသည်မှာ အိပ်စက်အနားယူနေသကဲ့သို့ ရှိနေပါသည်။

ယခု မှန်ခေါင်းအဖုံး ပွင့်သွားပြီး ပြင်ပလေများ ဝင်ရောက်သွားသည်နှင့် မှန်ခေါင်းထဲမှ အခိုးအငွေ့များ ထွက်ပေါ်လာလေသည်။

ထိုအဖြူရောင် အခိုးအငွေ့များသည် မှန်ခေါင်းတစ်ခုလုံး ပြည့်သွားကာ သခင်မလေး၏တစ်ကိုယ်လုံး ဖုံးလွှမ်းသွား၏။

သခင်မလေးသည် မီးခိုးလုံးများအောက်တွင် ပျောက်ကွယ်သွားလေ၏။



အတိုးအိုနှင့် သူတို့နောက်သို့ ကပျာကယာ ဆုတ်လိုက်ကြသည်။

အဖြူရောင်မီးခိုးလုံးများသည် မှန်ခေါင်းအပြင်ဘက်သို့တိုင် လျှံထွက်လာလေ၏။

ဝန်းကျင်တစ်ခုလုံး စိမ်းရွှေရွှေအနံ့များ လွှမ်းမိုးသွား၏။

သူက အသက်အောင့်ထားလိုက်မိ၏။

အဖြူရောင်အခိုးအငွေ့များသည် တဖြည်းဖြည်း လွင့်ပါး ပျောက်ကွယ်သွားလေ၏။

မှန်ခေါင်းအတွင်း၌ အဖိုးတန်ကျောက်မျက်ရတနာများမှ တဖိတ်ဖိတ်ဝင်းလက်တောက်ပသောအလင်းရောင်များ ထွက်ပေါ်နေ၏။

အခိုးအငွေ့များ ပျောက်ကွယ်သွားသည်နှင့် သူက မှန်ခေါင်းအတွင်းသို့ ကြည့်လိုက်ရာ နတ်မိမယ်အလား ချောမောလှပသည့် သခင်မလေး၏ ရုပ်သွင်ပျောက်ကွယ်သွားပြီး မျက်တွင်းဟောက်ပက်နှင့် အရိုးတစ်ခုအစားထိုး ဖြစ်ပေါ်နေသည်ကို တွေ့ရလေသည်။ ကောင်းလွှေ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေ၏။

"ကျုပ်ကို ခွင့်လွှတ်ပါ သခင်မရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု တောင်းပန်လိုက်၏။

ရှောင်ကျင်းကား ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်မိ၏။

ကောင်းလွှက ...

"ကဲ ... ကျောက်မျက်ရတနာတွေ ယူရအောင်"

ဟု ပြောကာ မှန်ခေါင်းထဲမှ ကျောက်မျက်ရတနာများကို သိမ်းကြုံးယူ၍ အသင့်ပါလာသည့် ကတ္တီပါ အိတ်လေးတွင် ထည့်လိုက်၏။ တစ်ဖန် ရှောင်ကျင်းကို လှမ်းပေးလိုက်၏။

သူက ငြင်း၍မဖြစ်ရာ ယူထားလိုက်ရ၏။ ကောင်းလွှက...

"ကဲ ... သခင်မရဲ့အုတ်ဂူကို ပြန်ပြီးပြုပြင်ရအောင်"

"ကောင်းပါပြီခင်ဗျာ"

ရှောင်ကျင်းသည် အုတ်ဂူကို ပြုပြင်ရာတွင် ဝိုင်းဝန်းကူညီလိုက်၏။ မကြာပါချေ။

အုတ်ဂူကို အကောင်းပကတိဖြစ်အောင် ပြုပြင်ပြီးသား ဖြစ်သွား၏။ ထို့နောက် ...

"ကျုပ်တို့သွားကြစို့"

သူတို့သည် သခင်မတောင်ပေါ်မှ ပြန်ဆင်းလာခဲ့ကြလေတော့၏။

❖



လဝန်းထိန်ထိန်သာနေ၏။

သခင်မတောင်ခြေသို့ လူရိပ်နှစ်ခု ပြေးလွှားရောက်ရှိလာကြ၏။

ထိုလူနှစ်ယောက်မှာ လူပုလေးနှင့်ဝမ်းတုံတို့ ဖြစ်ကြလေသည်။ တောင်ခြေသို့ရောက်လျှင် လူပုလေးက ခြေလှမ်းရပ်လိုက်ပြီး ...

"ကဲ ... မင်း တောင်ပေါ်ကို တက်သွားပေတော့"

ဟု ပြော၏။ ဝမ်းတုံက ...

"ခင်ဗျားကော မလိုက်ဘူးလား"

သူက ခေါင်းခါလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် မလိုက်ဝံ့ဘူး"

ဝမ်းတုံက ...

"ကျုပ်တစ်ယောက်လုံးပါဟာတောင် ခင်ဗျားက ဘာကြောင့် ကြောက်နေရတာလဲ"

"ကျုပ်"

"လာစမ်းပါဗျာ"

"ကျုပ်မလိုက်ဘူး"

ဝမ်းတုံက မည်သို့ပင် ခေါ်လိုက်သော်လည်း လူပုလေးက လက်မခံပါ။ ခေါ်မရသည့် နောက်ဆုံး ...

"ကောင်းပြီ ... ကျုပ် တက်သွားမယ်၊ ခင်ဗျား ဒီမှာပဲ စောင့်နေ၊ ဘယ်ကိုမှ မသွားနဲ့ ... ဟုတ်ပြီလား"

လူပုလေးက ...

"စိတ်ချ ... မင်း ပြန်ရောက်မလာမချင်း ကျုပ်ဒီမှာပဲ စောင့်နေမယ်"

ဝမ်းတုံသည် သခင်မတောင်ပေါ်မှ မြို့စားဂေဟာ အကြောင်း မေးမြန်းစုံစမ်းပြီးလျှင် တောင်ပေါ်သို့ တက်သွားလေ၏။

❖



ဝမ်းတုံက သခင်မတောင်ပေါ်သို့ တက်သွားချိန်တွင် လူပုလေးက တောင်အောက်တွင် စောင့်နေခဲ့၏။

ထိုစဉ် တောင်ခြေသို့ ပြေးလွှားလာနေသည့် လူရိပ်နှစ်ခုကို တွေ့မြင်လိုက်ရ၏။

ထိုပြေးလွှား ရောက်ရှိလာသူ နှစ်ယောက်မှာ ဝေထင်းအိမ်နှင့် စန်းရယ်တို့ဖြစ်၏။

သူတို့သည် လူပုလေးအား တွေ့ရမည်ဟု မျှော်လင့်မထားပါ။

ဝမ်းတုံနှင့်အတူ တောင်ပေါ်သို့ တက်သွားပြီဟု ထင်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

"မင်းတို့ ဘာလာလုပ်တာလဲ"

လူပုလေးက လမ်းဝိတ်၍ ခါးထောက်ပြီး မေးလိုက်သည့်အခါ စန်းရယ်နှင့် ဝေထင်းအိမ်တို့ ခြေလှမ်းရပ်လိုက်ကြလေသည်။

စန်းရယ်က ...

"ခင်ဗျားကရော ဒီနေရာမှာ ဘာလာလုပ်နေတာလဲ"

ဟု မေးလိုက်၏။

လူပုလေးက ...

"လက်စသတ်တော့ မင်းကိုး၊ မင်း မသေသေးဘူး၊ ဟုတ်လား"

"ဟား ဟား ဟား"

စန်းရယ်က ရယ်လိုက်၏။

"ကျုပ်သေပြီလို့ ခင်ဗျားကို ဘယ်သူက ပြောသလဲ"

လူပုလေးက ဝေထင်းအိမ်ကို မကျေမနပ်ဖြင့် ကြည့်လိုက်ပြီး ...

"မင်းက သစ္စာဖောက်တာပေါ့ ... ဟုတ်လား"

ဟု ငေါက်လိုက်၏။

ဝေထင်းအိမ်သည် ယခုမှ မထူးတော့ဟု သဘောပေါက်



ကာ ...

"ဟုတ်တယ် ... ခင်ဗျားကြောင့် ကျုပ်ညီသေသွားရတာ ကျုပ်က ကျေနပ်မယ်များ ထင်သလား"

လူပုလေးက ...

"ဩော် ... မင်းလည်း သေချင်နေပြီကိုး"

ဝေထင်းအိမ်က ...

"အရင်ကတော့ ခင်ဗျားစကားကို ကျုပ်တို့ မြေဝယ်မကျနားထောင်ခဲ့ကြတယ်၊ ခုတော့ နားမထောင်နိုင်တော့ဘူးဗျ"

"ဘာ"

"ခင်ဗျားက ကျုပ်တို့တတွေကို နေပြည်တော်က တပ်ဖွဲ့တွေနဲ့ ရင်ဆိုင်ခိုင်းတာ သေတွင်းထဲပို့တဲ့ သဘောဆိုတာ ကျုပ် မသိဘူးများထင်နေသလား"

"မင်း မင်း"

"ကျုပ်က ခင်ဗျားကို သတ်ပစ်ရမှကျေနပ်မယ်"

ဝေထင်းအိမ်သည် ပြောရင်းပြောရင်း ဒေါသအိုးပေါက်ကွဲလာလေတော့၏။

"ဟား ဟား ဟား"

လူပုလေးက ဟားတိုက်ရယ်မောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



စန်းရယ်က အခြေအနေ စောင့်ကြည့်နေလေ၏။

လူပုလေးသည် ဝေမျိုးနွယ်စု မဟုတ်ဘဲ ဟန်တရုတ်လူမျိုး ဖြစ်သည်ကို လည်းကောင်း။

သိုင်းပညာတတ်မြောက်ထားသည့် သိုင်းသမားတစ်ယောက် ဖြစ်သည်ကိုလည်းကောင်း ရိပ်မိလေ၏။

ထို့ကြောင့် သတိထားမှုဖြစ်မည်ဟု နားလည်မိ၏။

လူပုလေးနှင့်အတူ ဝမ်းတုံပါလာမည်ဖြစ်သလို ပတ်ဝန်းကျင်တွင် ဝမ်းတုံ၏အရိပ်အယောင်ကို မတွေ့ရသည်မှာ ဝမ်းတုံသည် တောင်ပေါ်သို့ တက်သွားခြင်းကြောင့် ဖြစ်ကြောင်းလည်း ဆင်ခြင်မိလေ၏။

အခြေအနေအရ လူပုလေးကို အရင်ဆုံးသုတ်သင်ရှင်းလင်းပစ်ရမည်ဟုတွေးကာ အလစ်တိုက်ခိုက်ဖို့ ချောင်းမြောင်းနေလိုက်လေ၏။

လူပုလေးက ဟားတိုက်ရယ်မောလိုက်ပြီးလျှင် ...

"ဝေထင်းအိမ်၊ မင်းက ငါ့ကို အာခံဖို့ ကြိုးစားတာသေချင်လို့ပဲ ဖြစ်ရမယ်"

စကားဆုံးလျှင် လက်ဝှေ့ယမ်းကာ စတင် တိုက်ခိုက်လိုက်လေသည်။



'ဝှစ် ဝှစ် ဝှစ်'

လေတိုးသံများ ထွက်ပေါ်လာ၏။

လက်နက်ပုန်းလေးများသည် ဝေထင်းအိမ်ထံသို့ တစ်ဟုန်ထိုး ပစ်လွှင့်သွားလေ၏။

စန်းရယ်က ...

"သတိထား"

ဟု အော်ပြောလိုက်ပြီး ဝဲဘက်သို့ခုန်ထွက်ကာ ရှောင်တိမ်းလိုက်၏။

ဝေထင်းအိမ်က ...

"ယား"

ပြာသံပေးကာ ဓားဝှေ့ယမ်းပြီး လက်နက်ပုန်းလေးများကို ရိုက်ထုတ်ပစ်လိုက်လေ၏။

'တောက် တောက် တောက်'

လက်နက်ပုန်းလေးများ မြေပြင်ပေါ် တဖြုတ်ဖြုတ်ကျသွားလေ၏။

ဝေထင်းအိမ်သည် လူပုလေးထံသို့ ပြေးဝင်ကာ တိုက်ခိုက်လိုက်၏။

စန်းရယ်ကလည်း ဝေထင်းအိမ်ထံမှ ရရှိထားသော ဓား

www.burmeseclassic.com

www.burmeseclassic.com



မြှောင်နှစ်လက်ဖြင့် တိုက်ခိုက်လိုက်၏။

လူပုလေးကလည်း ပြန်လည်တိုက်ခိုက်လိုက်ရာ ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေ၏။

❖



ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေ၏။

ဝေထင်းအိမ်နှင့် စန်းရယ်တို့သည် လူပုလေးအား ဝဲယာတစ်ဖက်တစ်ချက်မှ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လိုက်ကြလေသည်။

လူပုလေးအား အနိုင်ရမှဖြစ်မည်ဟု နားလည်ထားကြသဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ကြလေ၏။

လူပုလေးကလည်း လက်နက်ပုန်းများကို လှိုင်လှိုင်ကြီးသုံးကာ တိုက်ခိုက်လိုက်၏။

လက်နက်ပုန်းများသည် ဝေထင်းအိမ်နှင့် စန်းရယ်တို့ထံသို့ ပစ်လွှင့်ဖုံးလွှမ်းသွား၏။

စန်းရယ်က ...

www.burmeseclassic.com

www.burmeseclassic.com



"သတိထား"

ဟု အော်ပြောလိုက်၏။

ဝေထင်းအိမ်က ညီဖြစ်သူအတွက် မကျေနပ်သမျှကို အငြိုးကြီးစွာထားကာ တိုက်ခိုက်နေ၏။

စန်းရယ်သည် ဝေထင်းအိမ်ကိုကြည့်ကာ ရင်ထိတ်လာသည်။

ဝေထင်းအိမ် တိုက်ခိုက်နေသည့် အတိုင်းဆိုလျှင် လူပုလေး၏ လက်နက်ပုန်းထိမှန်ကာ ဒုက္ခရောက်သွားတော့မည့် အခြေအနေ ရှိကြောင်း ဆင်ခြင်မိလေ၏။

သူက ဝေထင်းအိမ်ကိုကူညီလျှင် သူလည်း ဒုက္ခရောက်လိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ဝေထင်းအိမ်သဘောအတိုင်း လွှတ်ပေးထားလိုက်သည်။

လူပုလေးကို ရှင်းပစ်ကာ ဝမ်းတုံနောက်သို့ လိုက်သွားနိုင်ရန်သာ ဦးစားပေးလိုက်လေ၏။

လူပုလေးသည် လက်နက်ပုန်းများဖြင့် ပစ်ခတ်လိုက်သော်လည်း ဝေထင်းအိမ်ကို မထိသဖြင့် ရင်ထိတ်သွား၏။

ကပျာကယာ နောက်ဆုတ်လိုက်၏။



ဝေထင်းအိမ်က ...

"ခင်ဗျား ထွက်ပြေးလို့ရမလား"

ဟုအော်ငေါက်ကာ တရကြမ်း တိုက်ခိုက်လိုက်၏။

ဝေထင်းအိမ်နှင့် လူပုလေးတို့နှစ်ယောက် လုံးထွေးလဲကျသွား၏။

ဝေထင်းအိမ်၏ဓားသည် လူပုလေးအား ခုတ်ချလိုက်မိသလို လူပုလေး၏ဓားမြှောင်သည် ဝေထင်းအိမ်၏ရင်ဝသို့ ထိုးစိုက်လိုက်မိလေသည်။

"အား"

"အမယ်လေး"

စူးရှသောအော်ဟစ်သံ ထွက်ပေါ်လာလေ၏။

လူပုလေးကော ဝေထင်းအိမ်ပါ နှစ်ယောက်စလုံး သွေးခြင်းခြင်း နီရဲသွားလေ၏။

"သွားစမ်း"

လူပုလေးက ဝေထင်းအိမ်၏ ခန္ဓာကိုယ်ကို တွန်းထုတ်လိုက်သည်။

'ဝုန်း'

ဝေထင်းအိမ် မြေပေါ်လိမ့်ကာ ပက်လက်လန်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

လူပုလေး၏ ခါးမြှောင်နှစ်လက်သည် သူ၏ဝဲယာရင်အုံနှစ်ဖက်တွင် နက်ရှိုင်းစွာ စိုက်ဝင်နေပြီ ဖြစ်၏။

လူပုလေး လူးလိမ့်ထလိုက်၏။

ထိုစဉ် စန်းရယ်က သူ၏အနီးသို့ ရောက်ရှိလာ၏။

လူပုလေးမှာ ဒဏ်ရာပြင်းစွာ ရထားပြီဖြစ်ရာ ဒယီးဒယိုင်ဖြစ်နေ၏။

စန်းရယ် ချဉ်းကပ်လာလျှင် ...

"ကျုပ်ကို မသတ်ပါနဲ့"

ဟု တောင်းပန်ရင်း ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

စန်းရယ် မဲ့ပြုံး ပြုံးလိုက်၏။

"ခင်ဗျားကြောင့် ကျုပ် ဒုက္ခရောက်ခဲ့ရတာကို မေ့ပစ်လို့ ဘယ်ဖြစ်ပါ့မလဲဗျာ"

ပြောပြောဆိုဆို ဓားကိုင်ထားသော လက်ကို ဝှေ့ယမ်းလိုက်၏။

ဝင်းလက်တောက်သော ဓားရောင်များ ထွက်ပေါ်လာသည်။



ရှေးမနှောင်းမှာပင် ...

"အား"

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာ၏။

လူပုလေးမှာ စူးရှစွာအော်ဟစ်ရင်း မြေပေါ်လဲကျသွားတော့၏။

ယခု ဝေထင်းအိမ်သည်လည်းကောင်း၊ လူပုလေးသည်လည်းကောင်း မြေပေါ်လဲကျကာ အသက်ပျောက်သွားကြပြီ ဖြစ်သည်။

စန်းရယ်က ...

"ဟား ဟား ဟား"

သဘောကျစွာ ရယ်မောလိုက်၏။

ထို့နောက် သခင်မတောင်ပေါ်သို့ ပြေးတက်သွားလေတော့၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

လရောင်အောက်တွင် ဝန်းကျင်တစ်ခုလုံးသာယာ လှပနေ၏။

ဝမ်းတို့သည် သခင်မတောင်ပေါ်သို့ ရောက်ရှိလာပြီဖြစ်သည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေ၏။

အေးမြသည့်လေများ တိုက်ခိုက်နေ၏။

မွှေးကြိုင်သော ညမွှေးပန်းရနံ့များ လွင့်ပျံ့လာ၏။

ဝမ်းတို့က အသက်ပြင်းပြင်း တစ်ချက် ရှူရှိုက်လိုက်သည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

မလှမ်းမကမ်း၌ ပျက်စီး ယိုယွင်းနေသည့် မြို့စားဂေဟာကို အတိုင်းသား တွေ့မြင်နေရ၏။

ဝမ်းတို့ မဲ့ပြုံးပြုံးလိုက်၏။

"လူပုလေးပြောတဲ့အတိုင်း ရတနာသိုက်ကို တွေ့ရပါစေလို့



ဆုတောင်းရတော့မှာပဲ"

ဟု ရေရွတ်လိုက်၏။

ထို့နောက် မြို့စားဂေဟာပျက်ကြီးဆီသို့ လှမ်းသွားလိုက်လေ၏။

'ဂစ်'

ရုတ်တရက် ညှို့ငှက် တစ်ကောင်သည် စူးစူးဝါးဝါးအော်မြည်ကာ ဦးခေါင်းပေါ်မှ ဖြတ်ကျော်ပျံသန်းသွားသည်။

'တောက်'

ဝမ်းတို့ မကျေမနပ်ဖြင့် တောက်ခေါက်လိုက်၏။

မြို့စားဂေဟာပျက်ကြီး အတွင်း၌ မကောင်းဆိုးဝါးများ ရှိနေသည်ဟု လူပုလေးက ပြောခဲ့၏။

သူက မယုံကြည်သော်လည်း ချောက်ချားဖွယ်ရာ ပတ်ဝန်းကျင်ကြောင့် ကြက်သီးဖြန်းခနဲ ထသွား၏။

ရှေ့တွင် မကောင်းဆိုးဝါး နာနာဘာဝများက စောင့်ကြိုနေသည် ဟူသော သဘောဖြင့် ညှို့ငှက်သည် ရှေ့ပြေးအော်မြည်ကာ ပျံသန်းသွားခြင်းပေလော။

ဝမ်းတို့က နောက်ကြောင်း ပြန်လှည့်မည့်သူ မဟုတ်ပါ။

www.burmeseclassic.com

အံတင်းတင်းကြိတ်ရင်း ရှေ့ဆက် လှမ်းသွားလိုက်လေ သည်။

မကြာပါချေ။

မြို့စားဂေဟာပျက်ကြီးအတွင်းသို့ ရောက်ရှိသွားလေသည်။

အပျက်အစီးများကြားမှ ကျောက်ဖြူအဆောင်ကို ရှာဖွေ လိုက်၏။

လရောင်က အထောက်အကူပြုနေသဖြင့် ကျောက်ဖြူ အဆောင်ကို ရှာတွေ့သွား၏။

ဝမ်းတုံ ဝမ်းသာသွားကာ အဆောင်ထဲ လှမ်းဝင်လိုက်လေ ၏။

အဆောင်ထဲ၌ သေဆုံးသူတို့၏အုတ်ဂူများ အစီအရီရှိနေ သည့်ကို တွေ့ရ၏။

ဝမ်းတုံက မှန်ခေါင်းထည့်သွင်းထားသည့် အုတ်ဂူကို ရှာ လိုက်၏။

သို့သော် အတန်ကြာ ရှာလိုက်သော်လည်း မှန်ခေါင်း သွင်း ထားသည့် အုတ်ဂူကို မတွေ့ရပါ။

သူ အံ့သြသွား၏။

"လူပုလေးပြောတာ အားလုံး မှန်နေပါလျက်နဲ့ မှန်ခေါင်း



သွင်းထားတဲ့ အုတ်ဂူကို ဘာကြောင့် ရှာလို့ မတွေ့ရတာလဲ"

သူက မကျေမနပ်ဖြင့် လိုက်လံရှာဖွေလိုက်၏။

ကျောက်ဖြူအဆောင်အတွင်း၌ နံနံစပ်စပ် ရှာဖွေလိုက်၏။

ထိုအခါမှ ပြန်လည် ပြုပြင်ထားသည့် အုတ်ဂူတစ်ခုကို တွေ့ မြင်လိုက်ရ၏။

သူသည် စိတ်ဝင်စားသွား၏။

အုတ်ဂူအနီးသို့သွား၍ သေသေချာချာ စစ်ဆေးကြည့်လိုက် ၏။

"ဒီအုတ်ဂူကို ပြန်ပြီး ပြင်ဆင်ထားတာပါလား"

ဝမ်းတုံသည် အုတ်ဂူပေါ်မှ အင်္ဂတေနှင့် အုတ်ပြားများကို ခွာချပစ်လိုက်၏။

မကြာပါချေ။

အုတ်ဂူအပေါ်ပိုင်း တစ်ခုလုံးကို ဖယ်ရှားပြီးသား ဖြစ်သွား လေ၏။

ဝမ်းတုံက စစ်ဆေးကြည့်လိုက်ပြန်ရာ အုတ်ဂူထဲ၌ မှန်ခေါင်း ထည့်သွင်းကာ မြှုပ်နှံထားသည်ကို တွေ့လိုက်ရလေသည်။

"ဟော ... မှန်ခေါင်းပါလား"

ဝမ်းတုံ ဝမ်းသာအားရဖြစ်သွား၏။

www.burmeseclassic.com



မှန်ခေါင်းကို ထုရိုက်ခွဲပစ်လိုက်၏။

'ခွမ်း ချလွမ်း'

မှန်ခေါင်း ကွဲအက်ကြေမွသွား၏။

ဝမ်းတုံသည် ကွဲကြေနေသော မှန်အပိုင်းအစများကို ဖယ်ရှားကာ မှန်ခေါင်းအတွင်းဘက်သို့ ကြည့်လိုက်၏။

ထိုအခါ နန်းတွင်းအဝတ်အစားများ ဝတ်ဆင်ထားသည့် ရုပ်အလောင်းတစ်ခုကို တွေ့ရလေ၏။

လှပချောမောလှပသော သခင်မလေး၏ ရုပ်အလောင်း မဟုတ်တော့ဘဲ ကြောက်မက်ဖွယ်ကောင်းသော အရိုးစုတစ်ခု ဖြစ်နေပါ၏။

ဝမ်းတုံ ခေါင်းကုတ်လိုက်သည်။

လူပုလေး၏စကားများသည် တစ်ဝက်မှန်ပြီး တစ်ဝက်မှားသလို ဖြစ်နေသည်မဟုတ်ပါလား။

အခေါင်းအတွင်း၌ အဖိုးတန်ကျောက်မျက်ရတနာများကိုလည်း ရှာမတွေ့ချေ။ ဝမ်းတုံ စိတ်ရှုပ်သွား၏။

"မဖြစ်ဘူး ... လူပုလေးကို သွားခေါ်မှပဲ"

ဟု တွေးကာ ကျောက်ဖြူအဆောင်ကြီးထဲမှ ထွက်သွားရန် ဟန်ပြင်လိုက်၏။



ထိုတဒင်္ဂအချိန်လေးမှာပင် အဆောင်ထဲသို့ လှမ်းဝင်လာသူ တစ်ယောက်ကို တွေ့မြင်လိုက်ရလေတော့၏။

ကောင်းကင်ပေါ်တွင် ကြယ်ပွင့်လေးများ ဝင်းလက်တောက်ပနေသလို လဝန်းထိန်ထိန်သာနေဆဲ။

အေးမြသောလေများလည်း သုန်သုန်ညင်းညင်း တိုက်ခတ်နေဆဲ။

ရှောင်ကျင်းနှင့် ကောင်းလွှေတို့သည် တောင်ခြေသစ်တုံး အိမ်ကလေးသို့ ပြန်လည်ရောက်ရှိလာကြပြီ ဖြစ်လေ၏။

ကောင်းလွှေက ရှောင်ကျင်းခရီးထွက်ရန် လိုလေသေးမရှိ ပြင်ဆင်ပေးထားပြီး ဖြစ်သည်။

ယခု သူ့အား မြောက်ဘက်တောင်တန်း ထွက်သွားခိုင်းတော့မည်ဖြစ်ကြောင်း ရှောင်ကျင်း နားလည်လိုက်လေသည်။

ကောင်းလွှေက ...

"တောင်ကိုးလုံးဒေသကို နေပြည်တော်ကတပ်ဖွဲ့တွေ ချီတက်လာနေကြပြီ၊ ဝေလူကြမ်းကြီးတွေနဲ့ မကြာခင် တိုက်ပွဲတွေဖြစ်လာတော့မယ်၊ တောင်ပေါ်ဒေသမှာ အခြေအနေရှုပ်ထွေးမသွားခင် မင်း ဒီနေရာက အမြန်ဆုံးထွက်ခွာသွားတာ အကောင်းဆုံးဖြစ်မယ်"

www.burmeseclassic.com



ဟု ရှင်းပြလေ၏။

ကောင်းလွှေက ...

"ကျွန်တော်သွားရင် သခင်မလေးကကော"

ကောင်းလွှေက ...

"စိတ်ချ ... သခင်မလေးရဲ့ဝိညာဉ်ဟာ မင်းနောက်ကို ထပ်ကြပ်မကွာ လိုက်လာပါလိမ့်မယ်"

ရှောင်ကျင်း သက်ပြင်းချလိုက်လေ၏။

ကောင်းလွှေက ...

"သခင်မလေးရဲ့ အုတ်ဂူကို ဖွင့်ဖောက်လိုက်ပြီဆိုကတည်းက သခင်မလေးက တောင်ပေါ်မှာ မနေနိုင်တော့ပါဘူး။ မင်းနောက်ကို လိုက်လာမှာသေချာပါတယ်၊ ဒါကြောင့်မင်းဟာ ပြည်မကိုသွားတာ အကောင်းဆုံးဖြစ်လိမ့်မယ်"

ရှောင်ကျင်းက ...

"မင်းအတွက် အန္တရာယ်ကင်းမယ့်လမ်းကို ကျုပ်ညွှန်ပြလိုက်မယ်"

မြောက်ဘက်တောင်တန်းဒေသမှာ ဘေးအန္တရာယ်ကင်းစွာ ထွက်သွားနိုင်မည့်လမ်းခရီးကို မြေပြကာ လမ်းညွှန်ပေးလေ၏။

ရှောင်ကျင်းက သေသေချာချာ မှတ်ထားလိုက်၏။



ထို့နောက် လိုအပ်သည့် ရိက္ခာပစ္စည်းများ သယ်ဆောင်ကာ ကောင်းလွှေကို နှုတ်ဆက်လိုက်၏။

"ကျွန်တော်သွားပါတော့မယ်၊ ဒါပေမဲ့ မသွားခင်မရှင်းတာလေးတစ်ခုရှိလို့ မေးပါရစေ"

ကောင်းလွှေက ...

"မင်း ဘာသိချင်လို့လဲ"

ရှောင်ကျင်းက ...

"ဘာဘက ဘာဖြစ်လို့ သခင်မလေးရဲ့ချစ်သူကို သွားရှာမပေးဘဲ နေခဲ့တာလဲခင်ဗျာ"

ကောင်းလွှေ သက်ပြင်းချလိုက်၏။

"ကျုပ်ကသာ သခင်မတောင်အနီးတစ်ဝိုက်ကနေ ဘယ်မှ မသွားပါဘူး၊ မြို့စားကြီးတို့မိသားစုရဲ့ သချိုင်းမြေကို အသက်ထက်ဆုံး စောင့်ရှောက်သွားမယ်လို့ သစ္စာဆိုထားတာကိုး"

"ဟုတ်ပါတယ်ကွယ်"

"ကျွန်တော် သဘောပေါက်ပါပြီ၊ ကဲ ... ကျွန်တော့်ကို သွားခွင့်ပြုပါဦးခင်ဗျာ"

"ကောင်းပါပြီကွယ်"

ရှောင်ကျင်းသည် ကောင်းလွှေကို နှုတ်ဆက်ကာ ထွက်ခွာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေတော့သည်။

ကောင်းလွှေသည် ချောင်ကျင်း ထွက်သွားပြီးသည်နှင့် သခင်မတောင်ပေါ်သို့ တက်လာခဲ့သည်။

သူက သစ်လုံးအိမ်ကလေး၌မနေတော့ဘဲ မြို့စားဂေဟာ ဖျက်ကြီး၌ တစ်သက်လုံး နေထိုင်သွားတော့မည် ဖြစ်လေသည်။

ကောင်းလွှေသည် ကျောက်ဖြူအဆောင်အတွင်းသို့ လှမ်းဝင်လိုက်၏။

ဤတွင် လုံးဝမျှော်လင့်မထားသော မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရ၏။

သခင်မ၏အုတ်ဂူသည် ပြိုပျက်နေပြီး အုတ်ဂူအနီး၌ လူတစ်ယောက်ရှိနေခြင်းပင် ဖြစ်၏။

ထိုလူမှာ ဝမ်းတုံဖြစ်၏။

ဝမ်းတုံ ထွက်သွားခါနီးတွင် အဘိုးအို ရောက်ရှိလာခြင်း ဖြစ်၏။ အဘိုးအိုက ...

"ဘယ်သူလဲ"

ဟု မေးလိုက်၏။

ဝမ်းတုံက ...

"ခင်ဗျားကရော ဘယ်သူလဲ"



ဟု ပြန်မေးလိုက်လေသည်။

အဘိုးအို မကျေမနပ်ဖြစ်သွား၏။

"မြို့စားကြီးရဲ့ဂေဟာထဲကို ကျူးကျော်ဝင်လာတာ မင်း သေချင်လို့ပဲ ဖြစ်ရမယ်"

"ဘာဗျ"

"သခင်မလေးရဲ့အုတ်ဂူကို ဖျက်ဆီးတဲ့အတွက် မင်းဟာ သေဒဏ် အပြစ်ပေးခံရတော့မယ်"

ဝမ်းတုံ ဟားတိုက်ရယ်မောလိုက်၏။

"ဟား ဟား ဟား"

သူ၏ ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

အဘိုးအို ပိုပြီး မကျေမနပ်ဖြစ်သွား၏။

"မင်း ဘယ်သူလဲ၊ ဒီနေရာကို ဘာလာလုပ်တာလဲ ပြောစမ်း"

ဝမ်းတုံက ...

"ကျုပ်က ခင်ဗျားပြောတဲ့သခင်မလေးကို လာရှာတာလေ"

"ဘာ"

"သခင်မဂူထဲမှာ ကျောက်မျက်ရတနာတွေ သိမ်းဆည်းသို ဝှက်ထားမယ်ဆိုတာ ကျုပ်သိပြီးပြီဗျ"

www.burmeseclassic.com

www.burmeseclassic.com



ဒ ခဘိုးအိုက အံကြိတ်လိုက်၏။

"လက်စသတ်တော့ မင်းဟာ လောဘသားကောင် တစ်ယောက် ကိုး"

ဝမ်းတုံက ...

"အပိုတွေ ပြောမနေနဲ့၊ ခင်ဗျားဟာ သခင်မဂူရဲ့ ပတ်သက်နေ ဘသ် မဟုတ်လား၊ အခု ကျုပ်က မှန်အခေါင်းကို ဖွင့်ကြည့်ပြီးပြီ၊ ကျောက်မျက်ရတနာတွေ ဘယ်ရောက်သွားပြီလဲ ပြောစမ်း"

အဘိုးအိုက ...

"ငါမသိဘူး"

ဟု ငြင်းဆန်လိုက်၏။

မည်သို့စေ အဘိုးအိုသည် မြို့စားဂေဟာနှင့်လည်းကောင်း၊ သခင်မဂူနှင့်လည်းကောင်း၊ ကျောက်မျက်ရတနာများနှင့်လည်းကောင်း ပတ်သက်နေသူဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါတော့သည်။ ဝမ်းတုံက ...

"ခင်ဗျားက အုတ်ဂူကို ဖွင့်ပြီး ကျောက်မျက်ရတနာတွေကို ယူခဲ့တယ် မဟုတ်လား၊ သခင်မကျိန်စာသင့်မှာ မကြောက်ဘူးလား"

ဟု ခပ်တည်တည်ပြောလိုက်၏။

"ဘာ"



အဘိုးအို လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

ဝမ်းတုံက ...

"ခင်ဗျားက သခင်မကို နှောင့်ယှက်ခဲ့တာပဲ၊ ခင်ဗျားဒုက္ခမရောက်ချင်ဘူးဆိုရင် ကျောက်မျက်ရတနာတွေကို ခုချက်ချင်းထုတ်ပေးပါ"

အဘိုးအိုက ...

"မင်း ပါးစပ်ပိတ်ထားပြီး သည်နေရာက မြန်မြန်ထွက်သွားစမ်း၊ နောက်နောင်လည်း ဘယ်တော့မှမလာနဲ့"

ဝမ်းတုံက ...

"ကျုပ်က ကျောက်မျက်ရတနာတွေကို မရရင် ထွက်မသွားနိုင်ဘူးဗျ"

"မင်း မင်း"

"ကဲ ... ခင်ဗျား ဝှက်ထားရင် အချိန်ရှိတုန်း ထုတ်ပေးပါ၊ အဘိုးအို ရှည်ရှည်ဝေးဝေး တွေးနေဘမနေတော့ပါ"

"သည်လောက်တောင် ဖြစ်လာတာ သေဖို့သာပြင်ထား"

ဟု ကြုံးဝါးပြီး ဝမ်းတုံထံ လျှပ်တစ်ပြက် ပြေးဝင်တိုက်ခိုက်လိုက်လေတော့၏။

❖

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းတုံသည် အဘိုးအိုအား မျက်ခြည်မပြတ် အကဲခတ်ကြည့်နေပါသည်။

အဘိုးအိုက စတင်တိုက်ခိုက်လိုက်သည်နှင့် လက်ငွေ့ယမ်းလိုက်သည်။

'ဝှစ်'

'ဝှစ်'

'ဝှစ်'

လေတိုးသံများထွက်ပေါ်လာ၏။

ဝမ်းတုံသည် လူပုလေးထံမှ ရယူထားသည့် အဆိပ်အပ်လေးများဖြင့် ပစ်ခတ်တိုက်ခိုက်လိုက်၏။



အဘိုးအိုက ...

"မင်းပညာ ဒါအကုန်ပဲလား"

ဟု ဝေါက်ကာဝဲဘက်လက်ကို ငွေယမ်းပြီး အင်္ကျီလက်ခြ ပစ်လွှင့်လာသော လက်နက်ပုန်းလေးများကို ဖမ်းဆီးထားလိုက်၏

ထိုအချင်းအရာကို မြင်လျှင် ...

"ဟင်"

ဝမ်းတုံ လွှတ်ခနဲ အော်လိုက်မိ၏။

ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်နှင့် ရင်ဆိုင်တွေ့နေပြီဖြစ်ကြောင်း ချက်ချင်းရိပ်မိလိုက်၏။

ဝမ်းတုံ ကပျာကယာ နောက်ဆုတ်လိုက်၏။

အဘိုးအိုက ...

"သခင်မဂူကို နှောင့်ယှက်ဖျက်ဆီးတဲ့ကောင်၊ သေဖို့သာ ပြင်ထား"

ဟု ဝေါက်ကာ လက်ဝါးဖြင့် ရိုက်ချလိုက်၏။

လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာ၏။

ပြင်းထန်လှသော လက်ဝါးရိုက်ချက်ကြောင့် ဝမ်းတုံ အိတ် လန့်သွား၏။

လက်တစ်ဖက် ဆန့်ထုတ်ကာ ခုခံလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့် ...

'ဝုန်း'

"အင့်"

ကျယ်လောင်သောအသံများ ထွက်ပေါ်လာ၏။

ဝမ်းတုံ မသဲမကွဲညည်းညူကာ အဝေးသို့ လွင့်စဉ်သွားသည်။

အပျက်အစီးပုံများ ကြားသို့ခြေပစ်လက်ပစ် ပြုတ်ကျသွားတော့၏။

ဝမ်းတုံသည် အပျက်အစီးပုံများကြားမှ လူးလိမ့်ထလိုက်၏။

သူ၏ လက်တစ်ဖက်မှာ တွဲလောင်းကျနေ၏။

အဘိုးအိုနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်ရသဖြင့် လက်တစ်ဖက်သွင်သွင် ကျိုးသွားရပြီ ဖြစ်၏။

သူ၏မျက်လုံးပြူးကျယ်နေပြီး အဘိုးအိုကို ကြောက်ရွံ့ထိတ်လန့်စွာ ကြည့်နေ၏။

အဘိုးအိုက သူ့ထံသို့ တစ်လှမ်းချင်း လှမ်းလာနေ၏။

ဝမ်းတုံ ခေါင်းခါယမ်းလိုက်၏။

"ကျုပ် အရှုံးပေးပါပြီဗျာ၊ ကျုပ်ကို မတိုက်ခိုက်ပါနဲ့တော့"



ဟု တောင်းပန်လိုက်၏။

အဘိုးအိုသည် လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်ထားရာမှ ဝမ်းတုံ၏ တောင်းပန်စကားကြောင့် တွေ့ခနဲ ဖြစ်သွားပြီး လက်ဝါးကို ရုပ်သိမ်းလိုက်၏။

ဝမ်းတုံကို စိုက်ကြည့်လိုက်ပြီး ...

"မင်းကို ချမ်းသာပေးရမယ် ... ဟုတ်လား"

ဝမ်းတုံက ...

"ဟုတ် ဟုတ်ပါတယ်ဗျာ၊ ကျုပ်က ကျောက်မျက်ရတနာတွေရဲ့ သတင်းကိုကြားမိပြီး လောဘဇောနဲ့လာခဲ့မိတာပါ၊ ခုတော့ မှားမှန်းသိပါပြီ ..."

"ကျုပ် ထွက်သွားပါတော့မယ်၊ ဒီနေရာကို ဘယ်တော့မှ မလာတော့ပါဘူး၊ သခင်မဂူအကြောင်း ဘယ်သူ့ကိုမှလည်း မပြောပါဘူး၊ ကျုပ်အသက်ကို ချမ်းသာပေးပါဗျာ"

သနားစဖွယ် တောင်းပန်တိုးလျှိုးလိုက်၏။

ကောင်းလေ့သည် ဒေါသထွက်နေသော်လည်း လူကောင်းတစ်ယောက်ဖြစ်သည်နှင့်အညီ တောင်းပန်တိုးလျှိုးနေသည့် ဝမ်းတုံကို မသတ်ရက်ပေ။

"မင်းက ဒီနေရာကို နောက်ထပ် မလာတော့ဘူး၊ ဒီနေရာရဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ကတိပေးနိုင်မလား"

ဝမ်းတုံက ...

"ကျုပ် ကတိပေးပါတယ်ဗျာ"

ကောင်းလွှေက ...

"ကောင်းပြီ ... မင်း ဒီက ထွက်သွားပေတော့၊ မင်းကို ချမ်းသာပေးလိုက်မယ်၊ နောက်တစ်ခါ ထပ်ပြီးတွေ့ရလို့ကတော့ သေဖို့သာ ပြင်ထား"

"ကျေး ကျေးဇူးပါပဲဗျာ"

ဝမ်းတုံက ဦးညွှတ်၍ ကျေးဇူးတင်စကား ပြောလိုက်သည်။

သူက ဦးခေါင်းကို ပြန်မော့လိုက်သည့်အခါ ဝဲဘက်လက်တွင် ဝှက်ထားသော အဆိပ်အပ်ကလေးများဖြင့် ကောင်းလွှေအား တိတ်တဆိတ် လုပ်ကြံလိုက်၏။

လူချင်း နီးကပ်နေသည့်အပြင် ယခုကဲ့သို့ အကောက်ကြံမည်ဟု မထင်မိသဖြင့် ကောင်းလွှေ မရှောင်နိုင်တော့ပါချေ။

အဆိပ်အပ်ကလေးများသည် ကောင်းလွှေ၏ရင်ဝကို တည့်တည့်မတ်မတ် တိုးဝင်သွား၏။

"လူယုတ်မာ"

ကောင်းလွှေ ဒေါသတကြီးအော်ငေါက်၍ ဝမ်းတုံကို လက်



ဝါးဖြင့် ရိုက်ချလိုက်၏။

ဝမ်းတုံလည်း မရှောင်နိုင်ပါ။

'ဗုန်း'

"အား"

စူးရှကျယ်လောင်သံများ ထွက်ပေါ်လာ၏။

ဝမ်းတုံသည် ကောင်းလွှေ၏လက်ချက်ဖြင့် အဝေးသို့ လွင့်စဉ်သွားတော့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com



စန်းရယ် ခြေလှမ်းတုံ့ခနဲ ရပ်သွား၏။

လူပုလေးသည်လည်းကောင်း၊ ဝေထင်းအိမ်သည်လည်းကောင်း သေဆုံးသွားကြပြီ မဟုတ်ပါလား။

စန်းရယ် တစ်စက်ကလေးမှ ဝမ်းမနည်းမိချေ။

သူတို့သေဆုံးသွားခြင်းသည် သူသွားရမည့် လမ်းခရီးတွင် ဆူးငြောင့်ခလုတ်များ ရှင်းလင်းသွားသလိုသာ ရှိပေသည်။

လမ်းခရီး ချောမောဖြောင့်ဖြူးသွားသည်ဟုပင် ဆိုရပေမည်။

စန်းရယ်သည် လူပုလေးနှင့် ဝေထင်းအိမ်တို့အား ဂရုမစိုက်တော့ဘဲ သခင်မတောင်ပေါ်သို့ တက်ခဲ့လေ၏။



တောင်ပေါ်ရောက်လျှင် ပျက်စီးနေသည့် မြို့စားဂေဟာကို တွေ့လိုက်ရ၏။

မြို့စားဂေဟာသို့ ဦးတည်လှမ်းသွားနေစဉ် ဂေဟာပျက်ထဲမှ စူးရှသည့်အော်ဟစ်သံများ ထွက်ပေါ်လာခြင်းကြောင့် ခြေလှမ်းတုံ့ခနဲ ရပ်သွားခြင်းဖြစ်၏။

"ဒါဟာ ဝမ်းတုံ့ရဲ့ အော်သံပါလား"

ဟုလည်း ရေရွတ်လိုက်၏။

လူပုလေးကို တောင်ခြေ၌ တွေ့လိုက်ရသဖြင့် ဝမ်းတုံ့သည် တောင်ပေါ်တွင်ရှိနေလိမ့်မည်ဖြစ်ကြောင်း နားလည်ထားသည်။

ယခု ဝမ်းတုံ့၏အော်သံကို ကြားလိုက်ရပြီ ဖြစ်၏။

ထို့အပြင် ဂေဟာပျက်ကြီးထဲမှ တိုက်ခိုက်သတ်ပုတ်သံများ ထွက်ပေါ်လာသည်ကိုလည်း ကြားလိုက်ရ၏။

"ဝမ်းတုံ့ မကောင်းဆိုးဝါးနဲ့ တွေ့နေတာများလား"

ဟု ရေရွတ်ရင်း ခပ်သွက်သွက် ပြေးလွှားသွားလိုက်လေတော့၏။

ဟစ်ခဏအတွင်းမှာပင် စန်းရယ်သည် ဂေဟာပျက်ကြီး အတွင်းသို့ ရောက်ရှိသွားသည်။

စန်းရယ်သည် တိုက်ခိုက်သံများ ထွက်ပေါ်လာရာဆီသို့

www.burmeseclassic.com

www.burmeseclassic.com



သတိကြီးစွာထား၍ ချဉ်းကပ်သွားလိုက်၏။

ကျောက်ဖြူများဖြင့် ဆောက်လုပ်ထားသည့် အဆောင်အတွင်းသို့ရောက်လျှင် ဒယီးဒယိုင်ဖြစ်နေသော ကောင်းလွှနှင့် ဝမ်းတုံတို့အား တွေ့မြင်လိုက်ရ၏။

ဝမ်းတုံသည် ကောင်းလွှ၏ လက်ဝါးရိုက်ချက်မိကာ ကြမ်းပြင်ပေါ်၌ လဲကျနေ၏။

သူ၏လက်တစ်ဖက် သွင်သွင်ကျိုးနေသလို နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျနေ၏။

ဒဏ်ရာပြင်းထန်စွာ ရထားပြီဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေတော့၏။

ကောင်းလွှသည်လည်း လဲကျမသွားရလေအောင်ပင် မနည်းကြိုးစား၍ ထိန်းထားလိုက်ရ၏။

ဝမ်းတုံ အကောက်ကြံလိုက်သဖြင့် ကောင်းလွှမှာ အဆိပ်အပ်ထိမှန်၍ အဆိပ်ဒဏ်ခံနေရပြီ ဖြစ်၏။

စန်းရယ် ဝင်ရောက်လာသည်ကို သူတို့နှစ်ယောက်စလုံး တွေ့မြင်လိုက်ကြ၏။

ဝမ်းတုံက ကြိုးစားအားယူ၍ ...

"စန်းရယ် ... သူ့ကို မြန်မြန် သတ်ပစ်လိုက်"



ဟု အော်ပြောလိုက်၏။

ကောင်းလွှက စန်းရယ်ကို စိုက်ကြည့်လိုက်၏။

စန်းရယ် ပြုံးလိုက်၏။

"သူ့ကို သတ်ပစ်ရမယ် ... ဟုတ်လား"

"ဟုတ်တယ် ... မြန်မြန်လုပ်၊ သူက အန္တရာယ်ပေးလိမ့်မယ်"

စန်းရယ် ခေါင်းခါယမ်းလိုက်၏။

"မင်းလုပ်ခိုင်းတိုင်း ငါမလုပ်နိုင်ဘူးကွ"

ဝမ်းတုံ မျက်နှာပျက်သွား၏။

"စန်းရယ် ... သူ့ကြောင့် ငါဒုက္ခရောက်နေပြီကွ၊ မင်းကိုလည်း ဒုက္ခပေးလိမ့်မယ်၊ သူ့ကို မြန်မြန်ဆုံးမလိုက်"

စန်းရယ်က ...

"မင်းက ခုတော့ ငါ့ရဲ့အကူအညီ လိုချင်နေပြီ ... ဟုတ်လား၊ မင်းက ငါ့ကို ဒုက္ခပေးခဲ့တာကျတော့ကော"

ယခုမှ ဝေထင်းအိမ်က စန်းရယ်သေဆုံးသွားပြီဟု လာ၍ ပြောပြဖူးသည်ကို ဝမ်းတုံ ပြန်လည်သတိရလိုက်လေ၏။

"မင်း ... မင်း ... သေသွားပြီဆို"

"အေး ... မင်းကြောင့် ငါက သေလုမျောပါး ခံလိုက်ရတာ

www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်တော့မှမမေ့ဘူးဆိုတာ မှတ်ထားပါ”

“မင်း မင်း”

စန်းရယ်က ...

“ငါက မင်းကို ဆုံးမဖို့လာခဲ့တာကွ”

ပြောရင်း ထိုလူထံသို့ လှမ်းသွားလိုက်သည်။

ကောင်းလွှေက ဘာမှမပြောဘဲ အခြေအနေ စောင့်ကြည့်နေသည်။

အတွင်းအားဖြင့် အဆိပ်ကိုထိန်းထားရန် ကြိုးစားနေသည်။

ဝမ်းတုံအား မုန်းတီးကာ သုတ်သင်ရှင်းလင်းပစ်တော့မည့်သဘော ဖြစ်လေသည်။

သို့သော် စန်းရယ်သည် မည်သူမျှမထင်မှတ်သည့် လုပ်ရပ်တစ်ခုကို ပြုလုပ်လိုက်လေ၏။

ကောင်းလွှေအား ဖြတ်သန်းသွားရင်း ချာခနဲလှည့်ကာ လက်ဝါးဖြင့်ရိုက်ချလိုက်ခြင်း ဖြစ်လေသည်။

ကောင်းလွှေသည် စန်းရယ်နှင့်ဝမ်းတုံတို့မှာ ရန်သူများဖြစ်သည်ဟု ထင်မှတ်သွားရာ စန်းရယ်၏လှည့်ကွက်ကို ခံလိုက်ရတော့သည်။

စန်းရယ်၏ လက်ဝါးရိုက်ချက်ကို မရှောင်နိုင်တော့ပါချေ။



‘ဝုန်း’

ကျယ်လောင်သောအသံ ထွက်ပေါ်လာ၏။

ကောင်းလွှေသည် မသဲမကွဲညည်းညူကာ အဝေးသို့ လွင့်စဉ်သွားတော့၏။

❖

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလွှေသည် အဝေးသို့လွင့်စဉ်ကာ လဲကျသွားပြီး တုတ်တုတ်မျှမလှုပ်တော့ချေ။

ဝမ်းတုံ၏အကောက်ကြံမှုနှင့် စန်းရယ်၏အလစ်တိုက်ကွက်များကြောင့် လူ့လောကကြီးကို ကျောခိုင်းစွန့်ခွာသွားခဲ့ရပြီး ဖြစ်လေ၏။

"ဟား ဟား ဟား"

ဝမ်းတုံက ဟားတိုက်ရယ်မောလိုက်သည်။

သူ၏နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျလာ၏။

စန်းရယ်က ခေါင်းခါယမ်းလိုက်၏။

ဝမ်းတုံက ...



"စန်းရယ် ... မင်းရဲ့လှည့်ကွက်ကိုတော့ ငါ သဘောကျသွားပြီ"

ဟု ပြောလေ၏။

စန်းရယ်က ...

"ဝမ်းတုံ ... မင်းကို ငါကချမ်းသာပေးလိမ့်မယ်လို့ မင်းထင်နေသလား"

ဝမ်းတုံက ...

"တို့ အချင်းချင်းတွေပဲ မဟုတ်လား"

စန်းရယ်သည် ဝမ်းတုံကိုစိုက် ကြည့်ရင်း ...

"အေး ... ဟုတ်တယ်"

စကားဆုံးလျှင် ဝမ်းတုံအား ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။

'ဝုန်း'

ဝမ်းတုံမှာ အဝေးသို့လွင့်စဉ်သွား ပြီ သတိလစ်မေ့မြောသွားတော့၏။

"ဟား ဟား ဟား"

စန်းရယ်က ရယ်မောလိုက်၏။

"ဒီတစ်ခါတော့ ငါ့အလှည့်ပဲ၊ မင်း ခဏနေဦး ... မြို့စားကြီး

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ကျောက်မျက်ရတနာတွေကို ငါရှာလိုက်ဦးမယ်၊ ပြီးမှ မင်းနဲ့ငါ တွေ့ကြတာပေါ့”

ဟု ကြုံးဝါးလိုက်၏။

ပြီးလျှင် ထိုလူကိုလျှစ်လျူရှုကာ ကျောက်မျက်ရတနာများ ကို လိုက်လံရှာလေတော့၏။

❖



အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

စန်းရယ်၏တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက် စိုရွှဲနေ၏။

မြို့စားဂေဟာပျက်အတွင်း၌ သူက တစ်လက်မ မကျန် အောင် လိုက်လံရှာဖွေပြီးပြီဖြစ်၏။

သို့သော် ကျောက်မျက်ရတနာများ၏အရိပ်အယောင်ပင် မတွေ့ရပါချေ။

အရှေ့ဘက်တွင် ရောင်နီများပျို့အန်လာ၏။

တစ်ညတာ အချိန်ကုန်ဆုံးသွားတော့မည်ဖြစ်၏။

အမှောင်ထုသည် ဖွဲနပဲဖြင့် ရှာဖွေလိုက်သော်လည်း ကျောက်မျက်ရတနာများကို မတွေ့ရပါ။

www.burmeseclassic.com

www.burmeseclassic.com



ကြာသော် ဒေါပွလာသည်။

"ဟိုလူ သိချင်သိနေမှာ"

ဟု တွေးကာ ဝမ်းတုံဘက်သို့ လှည့်လိုက်၏။

ထိုအခါ ...

"ဟာ"

စန်းရယ် လွှတ်ခနဲအော်လိုက်မိ၏။

ထိုလူမှာ လဲကျနေသောနေရာတွင် ရှိမနေတော့ပါ။

စန်းရယ်က ပတ်ဝန်းကျင်ကို ကျိုးကန်းတောင်းမှောက်ကြည့်ရင်း ရှာဖွေလိုက်သည်။

ထိုလူ၏အရိပ်အယောင်ကိုပင် မတွေ့ရတော့ပေ။

"ဝမ်းတုံ ဝမ်းတုံ"

စန်းရယ်က အော်ခေါ်လိုက်၏။

သို့သော် ထိုလူ၏အသံကို မကြားရပါ။

စန်းရယ်က ...

"ဝမ်းတုံ ... မင်း ပြေးလို့လွတ်မလား"

ဟု အော်ငေါက်ကာ ဂေဟာပျ က်အပြင်သို့ ပြေးထွက်သွား၏။

နံနက်ခင်းနေရောင်ခြည်သည် ဝန်းကျင်တစ်ခုလုံး ဖြာကျလာပြီ ဖြစ်ပါသည်။



နေရောင်ခြည်အောက်တွင် သာသာယာယာရှိနေ၏။

ဝမ်းတုံ၏ အရိပ်အယောင်ပင် မတွေ့ရချေ။

စန်းရယ် စိတ်ပျက်သွားသည်။

ထိုလူသည် ဒဏ်ရာပြင်းထန်စွာ ရရှိထားသည်ကို သူက မျက်မြင်ကိုယ်တွေ့ဖြစ်၏။

သို့ပါလျက် ပျောက်ခြင်းမလှ ပျောက်ဆုံးသွားသည်မှာ အံ့သြစရာကောင်းလှပေ၏။

စန်းရယ်သည် ရှာမတွေ့တော့သည့်နောက်ဆုံး လက်မှိုင်ချလိုက်ရလေတော့၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

မြောက်ဘက်တောင်တန်းဒေသတွင် နေပြည်တော်မှ တပ်ဖွဲ့များ အောင်ပွဲခံလိုက်နိုင်၏။

လူဆိုးဓားပြများကိုသာမက ဝေလူကြမ်းကြီးများကိုပါ အနိုင်ယူလိုက်၏။

ဝေလူကြမ်းကြီးများ အကြီးအကျယ် အရေးနိမ့်သွားလေ၏။

မြောက်ပိုင်းဒေသတစ်ခုလုံး အေးချမ်းသာယာသွားလေတော့၏။

ထို့အတူ မြောက်ပိုင်းမြို့စား၏ ဂေဟာပျက်ကြီးနှင့် ပတ်သက်သော ပြဿနာရပ်များသည်လည်း ချုပ်ငြိမ်းပြီးဆုံးသွားလေတော့သည်။

❖



နေခြည် ဖြာကျနေသည်။

တောက်ပသော နေရောင်ခြည်အောက်တွင် ဟွမ်တိုမြို့လေးသည် စည်ကားသိုက်မြိုက်၍နေလေ၏။

ဟွမ်တိုမြို့၏ မင်းလမ်းမအတိုင်း လူငယ်တစ်ယောက် ဝင်ရောက်လာလေ၏။

ထိုလူမှာ ရှောင်ကျင်းဖြစ်ပါသည်။

ရှောင်ကျင်းသည် မီးခိုးရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး ခမောက်တစ်လုံးဆောင်းထား၏။

ရုတ်တရက်ကြည့်လျှင် ကျေးတောသားတစ်ယောက်ဟု ထင်မှတ်ရမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မြောက်ပိုင်းမြို့စားသမီး သခင်မလေး၏ကိစ္စကို ဖြေရှင်းဆောင်ရွက်ခြင်းမပြုနိုင်မီ အာဏာသားမှုထင်းနှင့် ရင်မဆိုင်လိုသဖြင့် ကျေးတောသားအသွင် ရုပ်ဖျက်ထားခြင်းဖြစ်၏။

လမ်းပေါ်တွင် သွားလာလှုပ်ရှား နေကြသူများဖြင့် စည်ကား သိုက်မြိုက်နေ၏။

သူသည် ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက်ကြည့်ကာ မြို့ထဲသို့ ဝင်ရောက်လာ၏။

ခရီးဝေးမှ လာခဲ့ရသဖြင့် သူ၏ဝမ်းဗိုက်ထဲ တကြုတ်ကြုတ်မြည်ကာ ဆာလောင်နေလေသည်။

မနေနိုင်တော့သည့်အဆုံး စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ကာ မှာယူစားသောက်လိုက်၏။

ပြည်မနှင့် မြောက်ပိုင်းတောင်တန်းဒေသသို့ ဆက်သွယ်ရာ လမ်းခရီးတစ်လျှောက်တွင် နေပြည်တော်မှ တပ်ဖွဲ့များ၏သတင်းများ ကြားနေရ၏။

ရိက္ခာ ဆေးဝါးပို့သည့်အဖွဲ့များ တပ်ကူများတဖွဲဖွဲသွားလာနေသည်ကိုလည်း တွေ့ရ၏။

ရာဇဝတ်သားတစ်ယောက်ဖြစ်ခဲ့သော သူသည် ပြည်မသို့ အမြန်ခရီးနှင်ရမည်ကိုပင် ဝန်လေးလာတော့၏။



မည်သို့ဆိုစေ သူက မြောက်ပိုင်းမြို့စား သမီးတော်လေးအား ကူညီမည်ဟု ကတိပေးထားပြီးဖြစ်ရာ မတတ်သာဘဲ ခရီးဆက်ရလိမ့်မည် ဖြစ်သည်။

သူစားသောက်ပြီးစီးသွားသောအခါ ငွေရှင်းရန် ဆိုင်လုလင်တစ်ယောက်အား ခေါ်လိုက်၏။

လုလင်ရောက်လာသောအခါ ...

"ဘယ်လောက်ကျသလဲ"

ဟု မေးလိုက်၏။

လုလင်က အရိုအသေပြုရင်း ...

"အစ်ကိုလေးအတွက် ငွေရှင်းပြီးပါပြီ ခင်ဗျာ"

ဟု ပြောလာသည်။

"ဟေ"

သူ အံ့သြသွား၏။

"ကျုပ်အတွက် ငွေရှင်းပြီးပြီ ဟုတ်လား၊ ဘယ်သူက ရှင်းသွားတာလဲ ပြောစမ်းပါဦး"

"အစ်မလေးတစ်ယောက်က ရှင်းသွားတာပါ"

"ဘယ်မှာလဲ"

"ခုလေးပဲ ဆိုင်ထဲက ထွက်သွားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဆိုင်အပြင်ဘက်သို့ ကပျာကယာပြေးထွက် လာခဲ့သည်။

ဆိုင်အပြင်ဘက် လမ်းပေါ်တွင် အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူများက ဥဒဟိုသွားလာနေကြ၏။

လူကြီးလူငယ် အမျိုးသမီးကလေးငယ်လူမျိုး စုံလင်လှပေ၏။

သူ စင့်သက်ရှိုက်လိုက်မိ၏။

သူ့အတွက် ကျသင့်ငွေ ပေးချေသွားသည်ဆိုသော မိန်းကလေးအား တွေ့ရမည်မဟုတ်ဟု နားလည်လိုက်၏။

သူသည် စိတ်ပျက်လက်ပျက်ဖြင့် ထွက်သွားရန် ဟန်ပြင်လိုက်စဉ် ရုတ်တရက် လမ်းကြားတစ်ခုအတွင်းသို့ ချိုးကွေ့ဝင်ရောက်သွားသည့် မိန်းမပျိုတစ်ယောက်၏နောက်ကျောကိုတွေ့မြင်လိုက်ရလေသည်။

ထိုမိန်းမပျိုသည် အိပ်မက်သူဇာနှင့် အလွန်တူလှသည်ဟု ထင်ရ၏။

သို့သော် ...

သူမ၏မျက်နှာကို မမြင်ရဘဲ နောက်ကျောဘက်မှ ကြည့်ရုံဖြင့် မပြောနိုင်ချေ။



သူ့စိတ်လှုပ်ရှားသွားသည်။

"သူဇာဟာ ငါနဲ့အတူ ပြည်မကို လိုက်လာလိမ့်မယ်လို့ ဘဘက ပြောလိုက်တယ်၊ ငါ့အတွက် စားသောက်ခ ကျသင့်ငွေပေးချေခဲ့တာ သူဇာများ ဖြစ်နေမလား"

ဟု တွေးတောရင်း မိန်းမပျိုဝင်သွားသော လမ်းကြားလေးဆီသို့ ခပ်သွက်သွက်လှမ်းသွားလိုက်၏။

လမ်းကြားတွင်းသို့ လှမ်းဝင်လိုက်လျှင် လူသူတစ်စုံတစ်ယောက်မှ မတွေ့ရဘဲ ရှင်းရှင်းလင်းလင်း ဖြစ်နေသည်ကို တွေ့ရလေ၏။

သူ ခြေလှမ်း တုံ့ခနဲရပ်သွား၏။

ထိုစဉ် ...

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာပြီး မြင်းလှည်း တစ်စီးမောင်းနှင်လာနေသည်ကို တွေ့မြင်လိုက်ရ၏။

သူက လမ်းဖယ်ပေးလိုက်၏။

သို့သော် မြင်းလှည်းသည် ရှေ့ဆက်မောင်းနှင်ခြင်းမရှိဘဲ သူ့ရှေ့တွင် ရပ်တန့်လေသည်။

မြင်းလှည်းသမားက ...

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေးဟာ ရှောင်ကျင်းဟုတ်ပါသလားခင်ဗျာ"

ဟု မေးလာသည်။

သူ အံ့သြသွားသည်။

"ဟုတ် ဟုတ်ပါတယ် ... ဘာဖြစ်လို့လဲဗျ"

မြင်းလှည်းသမားက ...

"ဒါဖြင့် မြင်းလှည်းပေါ်တက်ပါခင်ဗျာ၊ အစ်ကိုလေးရဲ့ မိတ်ဆွေက မြစ်ဆိပ်ကိုလိုက်ပို့ ပေးဖို့မှာလိုက်ပါတယ်"

"မြစ်ဆိပ်ကို"

"ဟုတ်ပါတယ် ... ရှေ့ခရီးဆက်ဖို့ သူက မြစ်ဆိပ်မှာစောင့် နေပါတယ်"

သူက ...

"အိပ်မက်သူဇာ"

ဟု လွှတ်ခနဲ ရေရွတ်လိုက်၏။

ကွမ်းကြိုးခက်ဆိုသူထံသို့ သွားရာတွင် သူဇာက လမ်းညွှန် ပေးလိမ့်မည်ဟု ဘဘက ပြောခဲ့သည် မဟုတ်ပါလား။

ယခု သူ့အား အိပ်မက်သူဇာက လမ်းပြပေးခြင်းဖြစ်ရမည် ဟု ယုံကြည်လိုက်၏။

ထို့ကြောင့် ...



ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ မြင်းလှည်းပေါ်သို့ တက်လိုက်၏။

မြင်းလှည်းသမားက မြင်းမျှားကို အော်ငေါက်မောင်းနှင် သွား၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ရွက်လှေကြီးသည် မြစ်ကြောင်းအတိုင်း ရွက်လွှင့်နေလေသည်။

ရှောင်ကျင်း ရွက်လှေကြီးပေါ်သို့ ရောက်ရှိလာခဲ့သည်မှာ သုံးရက်ရှိသွားပြီ ဖြစ်၏။

ရွက်လှေပေါ်သို့ ရောက်လာခါစက သူ၏အမည် ရှောင်ကျင်းဟု ပြောလိုက်သည်နှင့် လှေသူကြီးကိုယ်တိုင် ကောင်းမွန်စွာ ကြိုဆိုပြီး အကောင်းဆုံးအခန်းတစ်ခုကို ပေး၏။

စားသောက်ဖွယ်ရာများလည်း အချိန်မရွေး စားသောက်နိုင်ရန် စီစဉ်ပေး၏။

ထိုသို့ ဖြစ်ရသည်မှာ အိပ်မက်သူဇာကြောင့် ဖြစ်ကြောင်း သူ နားလည်မိ၏။

ရွက်လှေပေါ်တွင် မယောင်မလည်ဖြင့် လျှောက်သွားရင်း လိုက်လံရှာဖွေခဲ့ပါသော်လည်း အိပ်မက်သူဇာ၏ အရိပ်အယောင်ပင်



မတွေ့ရ။

နောက်ပိုင်းတွင် သူသည် အပင်ပန်းခံ၍ လိုက်ရှာမနေတော့ဘဲ အိပ်လိုက်စားလိုက်ဖြင့် ၎အေးဆေးစွာပင်နေခဲ့သည်။

ရွက်လှေကြီး မည်သည့်အရပ်သို့ ဦးတည်သွားသည်ကိုလည်း မေးမြန်းစုံစမ်းခြင်းမပြုပါ။

သူ ရွက်လှေပေါ်မှဆင်းရမည့်အချိန်ရောက်လျှင် အိပ်မက်သူဇာ လမ်းညွှန်မည်ဟု ယုံကြည်စိတ်ချထားလိုက်သည်။

သို့ဖြင့် သုံးရက်မြောက်တွင် ရွက်လှေကြီးသည် မြို့တစ်မြို့သို့ ဆိုက်ကပ်သွား၏။

ဤတွင် သူမျှော်လင့်ထားသည့်အတိုင်း လှေသူကြီးက သူ့ထံသို့ရောက်ရှိလာပြီး သူ့မိတ်ဆွေသည် ကမ်းပေါ်တွင် စောင့်နေမည့်အကြောင်း လာပြော၏။

သူသည် တာရှည်စွာ စဉ်းစားမနေဘဲ ရွက်လှေကြီးပေါ်မှ ဆင်းလာခဲ့၏။

❖

www.burmeseclassic.com

www.burmeseclassic.com



မြို့ငယ်လေး တစ်မြို့ဖြစ်၏။

ရွက်လှေကြီးသည် ခဏမျှသာ ဆိုက်ကပ်ပြီး ရှေ့ခရီး ဆက်သွား၏။

ရှောင်ကျင်းကား ဆိပ်ကမ်းတွင် ကျန်ရစ်ခဲ့၏။

မည်သည့်အရပ်သို့ရောက်ရှိနေသည်ကို ရုတ်တရက် သူ မသိနိုင်ပါ။

ဆိပ်ကမ်းမှာ စည်ကားသိုက်မြိုက်မှု မရှိပါ။

အဆောက်အအုံသုံးလေးလုံးမျှသာ ကျိုးတိုးကျဲတဲရှိနေသည်။

သွားလာလှုပ်ရှားသူလည်း အနည်းငယ်သာ ရှိ၏။



အလွန်ဆင်းရဲနွမ်းပါးသည့် မြို့ငယ်လေးတစ်မြို့ ဖြစ်ကြောင်း ထင်ရှား၏။

သူသည် ဆိပ်ကမ်းမှတစ်ဆင့် မြို့ပေါ်သို့ တက်သွားလေသည်။

သွားလာကြသူများသည် သူ့ကိုမြင်သည်နှင့် ချက်ချင်းဝိုင်းအုံလာကြ၏။

ထိုလူများသည် အရိုးပေါ်အရေတင်ကာ ပိန်းချုံးချိနဲ့နေကြ၏။

အဝတ်အစားများ ညစ်ပတ်ပေကျံ၍ စုတ်ပြဲနေ၏။

သူ ရင်ထိတ်သွားမိ၏။

ထိုလူများသည် အနီးသို့ရောက်သည်နှင့် ...

"သနားပါကွယ်"

"တစ်ပြားတစ်ချပ်လောက် စွန့်ကြဲပါကွယ်"

"ထမင်းဖိုးလေး မစပါကွယ်"

သူ့ကို ဝိုင်းဝန်း ဆွဲလှဲ၍ တောင်းရမ်းကြတော့၏။

သူ ထိတ်လန့်သွားမိ၏။

သို့သော် အလွန်ဆင်းရဲကာ ငတ်မွတ်ခေါင်းပါးသူများ ဖြစ်ကြောင်း ရိပ်မိလိုက်ပြီး ပါလာသည့် ငွေများကို ဝေငှပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူများသည် အလုအယက် တိုးဝှေ့ယှဉ်ကြပြီး ဝမ်းသာအားရဖြင့် ထွက်သွားကြ၏။

သူ သက်ပြင်းချလိုက်၏။

"ဒီမြို့ကလူတွေ အတော့်ကို ဒုက္ခရောက်နေကြတယ်ထင်ပါရဲ့"

ဟု ရေရွတ်လိုက်၏။

ထိုစဉ် ...

"ဟုတ်တယ် မိတ်ဆွေလေး ... ဒီနယ်မှာ မိုးခေါင်ရေရှားပြီး ငတ်မွတ်ခေါင်းပါးဘေးကျ နေတယ်လေ"

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

သူက လှမ်းကြည့်လိုက်ရာ လမ်းမ၏ဝဲဘက်ရှိ အိမ်တစ်လုံးရှေ့၌ ရပ်နေသူတစ်ယောက်က ပြောလာခြင်းဖြစ်ကြောင်းသိရ၏။

ထိုလူသည် အသက်လေးဆယ်ခန့်ရှိပြီး သဘောမနောကောင်းမည့်ပုံ ရှိ၏။

သူက ...

"ဒီလိုဒုက္ခရောက်နေကြတာကို ဘယ်သူကမှ အကူအညီမပေးကြဘူးလားဗျ"



ဟု မေးလိုက်၏။

ထိုလူက ...

"အင်း ... ပြောဖို့ခက်ပါတယ်လေ၊ ငါ့ညီကို ကြည့်ရတာစုံမှ ဒီမြို့ကို ရောက်လာတာထင်ပါရဲ့၊ ကျုပ်ရဲ့အိမ်ထဲကို ဝင်ခဲ့ပါလား။ ငါ့ညီကို ကျုပ်က ဧည့်ဝတ်ပြုနိုင်ပါတယ်"

ဟု ပြောလာ၏။

သူသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ထိုလူ့ထံသို့ လှမ်းသွားလိုက်၏။

ထိုလူသည် ရှောင်ကျင်းကို အိမ်ထဲခေါ်သွားပြီး ဧည့်ခံကျွေးမွေး၏။

စားပွဲပေါ်မှ အသားဟင်း၊ ပေါင်မုန့်၊ ပေါက်စီ၊ ထမင်း၊ ဟင်းချို၊ အသီးအရွက်ကြော်နှင့် အရက်ချိုများကိုကြည့်ကာ သူ အံ့ဩသွား၏။

သူသည် ထိုလူကို ကြည့်လိုက်ပြီး ...

"ဒီနယ်မှာ ငယ်မွတ်ခေါင်းပါးဘေးဆိုက်နေတယ်ဆိုပြီး နောင်ကြီးကျတော့ အလှုံ့ပယ် စားသောက်နေနိုင်ပါလား"

ဟု ပြောလိုက်မိ၏။

"ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက ရယ်မောလိုက်ပြီး ...

"မင်းစီးလာတဲ့ ရွက်လှေကြီးဆီကနေ စားစရာ သောက်စရာတွေ ဝယ်ထားလိုက်တာလေကွာ၊ ပတ်မွတ်ခေါင်းပါး ဆိုက်နေတယ်ဆိုပေမယ့် ငွေရှိရင်တော့ စားစရာ ရှိပါတယ်ကွာ"

"သြော်"

"ဒါထက် ငါ့ညီက ဘယ်လိုအကြောင်းကိစ္စနဲ့ ဒီမြို့ကို ရောက်လာတာလဲ"

"ကျွန်တော်ရဲ့ မိတ်ဆွေတစ်ယောက်ကို လာရှာတာပါ"

သူက အဆင်ပြေသလို ပြောလိုက်၏။

ထိုလူက ...

"ငါ့ညီမိတ်ဆွေက ဘယ်သူလဲ"

"ကွမ်းကြိုးခက်လို့ ခေါ်ပါတယ်"

"ဟင် ... ဒီနာမည်မျိုး တစ်ခါမှလည်း မကြားဖူးပါလား"

သူက ဘာမှဆက်မပြောဘဲ နေလိုက်၏။

ထိုလူက ...

"ဒါထက် ငါ့ညီကို ကြည့်ရတာ ငွေအတော်များများ ပါလာပုံရတယ်"

"ဗျာ"



"သြော် ... ငါ့ညီက ငွေတွေကို ပေးပေးနေတာ တွေ့လို့ပါ"

ရှောင်ကျင်းက ...

"ဒုက္ခရောက်နေတဲ့လူတွေကို ကူညီလိုက်တဲ့ သဘောပါဗျာ"

ထိုလူက ...

"ငါ့ညီရဲ့ စေတနာကို လေးစားပါတယ်၊ ဒါကြောင့်လည်း ခုလိုခေါ်ပြီး ကျွေးမွေးပြုစုတာပါ၊ ပြီးတော့ ငါ့ညီကို အကြံပေးချင်လို့"

သူက ...

"ဟုတ်ကဲ့ ... ပြောပါဗျာ"

ထိုလူက ...

"ငါ့ညီက ဒုက္ခရောက်နေတဲ့ လူတွေကို တကယ်ပဲ ကူညီချင်တယ်ဆိုရင် ဒီဆိပ်ကမ်းကနေ အရှေ့ဘက် စူးစူးကိုသွားပါ၊ အဲဒီမှာ ဒုက္ခရောက်နေသူတွေကို ကယ်ဆယ်တဲ့ ကယ်ဆယ်ရေးစခန်းတစ်ခု ဖွင့်လှစ်ထားတယ်၊

"အဲဒီတာဝန်ရှိသူတွေနဲ့ ဆက်သွယ်ပြီး လှူဒါန်းကူညီလို့ရပါတယ်၊ တစ်ခုတော့ရှိတယ် ... ငါ့ညီအနေနဲ့ လူဆိုးဓားပြတွေရဲ့ရန်ကို သတိထားရလိမ့်မယ်"

ရှောင်ကျင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ခုလို အကြံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ဟု ပြောလိုက်၏။

ထိုလူက ...

"ကဲ ... စားလိုက်ပါဦး"

"ကျေးဇူးပါပဲ"

ရှောင်ကျင်းသည် အနည်းငယ်မျှသာ စားသောက်ပြီးလျှင် ထိုလူ ကိုနှုတ်ဆက်ကာ အရှေ့ဘက်စူးစူးသို့ ဦးတည်ကာ ထွက်သွားလေသည်။

သခင်မတောင်ပေါ်မှ ရရှိခဲ့သော ကျောက်မျက်ရတနာများ သူ့ထံတွင်ရှိနေပါ၏။

ထိုကျောက်မျက်ရတနာများအား ဒုက္ခရောက်နေသူများအတွက် ရည်စူးကာ လှူဒါန်းရန် ဆုံးဖြတ်ထားလေတော့၏။

❖



ဆိပ်ကမ်းသည် အနောက်ဘက် အတော်ဝေးဝေးတွင် ကျန်ရစ်ခဲ့ပြီဖြစ်လေသည်။

ရှောင်ကျင်းသည် အရှေ့ဘက်စူးစူးသို့ ဦးတည်ကာ ခရီးနှင်နေ၏။

ပတ်ဝန်းကျင်တွင် သစ်ပင်ချုံနွယ်များ ဖုံးလွှမ်းလာ၏။

လူသွားလူလာဟူ၍ မယ်မယ်ရရ မရှိတော့ချေ။

ရှောင်ကျင်း အံ့သြသွား၏။

"ဟိုလူက ငါ့ကို သေသေချာချာ လမ်းညွှန်ပေးလိုက်တာပဲ ငါများ လမ်းမှားနေသလား"

ဟု တွေးတော ခြေလှမ်းရပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အရပ်လေးမျက်နှာတွင်လူနေအိမ်ခြေ မရှိပါချေ။

လူသူကင်းဝေးသည့် တောခေါင်ခေါင်သို့ ရောက်ရှိနေကြောင်း တွေ့ရ၏။

ရှောင်ကျင်း ရှေ့ဆက်မသွားလိုတော့ပါ။

နောက်ကြောင်းလှည့်ပြန်ရန် ဟန်ပြင်လိုက်စဉ် သူ၏တစ်ကိုယ်လုံး လေလံထိုင်းမှိုင်းလာသည်ဟု ခံစားလာရသည်။

မျက်ခွံများ လေးလံလာ၏။

အလိုလိုနေရင်း ပင်ပန်းနွမ်းနယ်လာကာ အိပ်စက်အနားယူလိုစိတ်များ ဖြစ်ပေါ်လာ၏။

စိတ်ထိန်း၍ မရတော့သည့်နောက်ဆုံး သစ်ပင်တစ်ပင်အောက်၌ ထိုင်ချလိုက်၏။

သစ်ပင်ကိုကျောမှီကာ ငိုက်မျဉ်းရန် ဟန်ပြင်လိုက်သည်။

"ဟား ဟား ဟား"

ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

သစ်ပင်ချုံနွယ်များကြားမှ လူနှစ်ယောက် တိုးထွက်လာလေသည်။

ထိုလူနှစ်ယောက်အနက် တစ်ယောက်မှာ ရှောင်ကျင်းအား



ညှို့စံကျွေးမွေးခဲ့သူ ဖြစ်လေ၏။

ရှောင်ကျင်းက ...

"ခင် ခင်ဗျား"

လျှာလေးအာလေးဖြင့် ထစ်ထစ်ငေါ့ငေါ့ ရေရွတ်လိုက်သည်။

ထိုလူက ...

"ဟဲ ဟဲ ... မင်းဆီမှာ ငွေအတော်များများ ပါလာတယ်ဆိုတာ သိလို့ ငါကအတင်းမိတ်ဖွဲ့ပြီး အိပ်ဆေးခတ်ထားတဲ့ အစားအစာတွေ ကျွေးလိုက်တာကွ"

"ခင်ဗျား"

"ဘာလဲ ... မင်း အိပ်ချင်နေပြီမဟုတ်လား။ စိတ်ချလက်ချသာ အိပ်လိုက်ပေတော့။ မင်းရဲ့ပစ္စည်းတွေအတွက်လည်း ဘာမှမပူနဲ့။ အဝတ်အစားမကျန်အောင် ချွတ်ယူသွားပါ့မယ်ကွာ"

ထိုလူ၏ ရယ်မောသံသည် ပွက်ဆိုးထိုးသံပမာ ရှောင်ကျင်း၏နားထဲသို့ တိုးဝင်လာလေ၏။

ရှောင်ကျင်း ဒေါသထွက်သွား၏။

ထိုလူအား တိုက်ခိုက်လိုပါသော်လည်း အိပ်ဆေးတန်ခိုးကြောင့် မည်သို့မျှ မဟန်နိုင်တော့ဘဲ ဒုံးဒိပ်ပျော်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အချိန်မည်မျှကြာသွားမှန်းမသိ။

ရှောင်ကျင်း အိပ်ရာမှနိုးလာသောအခါ ညအချိန်သို့ ရောက်ရှိနေပြီဖြစ်သည်ကိုတွေ့ရလေ၏။

ရှောင်ကျင်း နိုးလာသည်နှင့် ကပျာကယာ လူးလိမ့်ထလိုက်သည်။

ဆိပ်ကမ်းမှ အိမ်ဇာလေးတစ်အိမ်တွင် သူ့အပေါ် ကောက်ကြံလိုသူတစ်ယောက်က အိပ်ဆေးခတ်ထားသော အစားအစာ ကျွေးမွေးခဲ့သည်ကိုလည်းကောင်း၊ သူ့ထံ၌ပါလာသော ကျောက်မျက်ရတနာများအား လုယက်ဖို့ ကြိုးစားခဲ့သည်ကိုလည်းကောင်း ပြန်လည်သတိရလာသဖြင့် ထိတ်လန့်တကြား ဟိုဟိုသည်သည် ကြည့်လိုက်မိလေ၏။

ယခု သူက လမ်းဘေးမှ ဇရပ်တစ်ဆောင်ပေါ်တွင် ရောက်ရှိနေခြင်းဖြစ်လေ၏။

သူ၏ အင်္ကျီအိတ်ထဲမှ ကျောက်မျက်ရတနာများ ထည့်ထားသည့်အထုပ်ကလေး ရှိနေဆဲ။

လုယက်ဖို့ ကြံစည်ခဲ့သူနှစ်ယောက်ကိုကား မတွေ့ရတော့ပါ။

သူအိပ်ပျော်ခဲ့သော လမ်းဘေးသစ်ပင်ကြီးအောက်၌



မဟုတ်ဘဲ ဇရပ်တစ်ခုသို့ ရောက်နေခြင်းဖြစ်၍ နားမလည်နိုင်အောင် ဖြစ်ရလေ၏။

"ဘာတွေဖြစ်ကုန်ပြီလဲ"

ရှောင်ကျင်း ညည်းတွားနေစဉ်မှာပင် ...

"ရှင့်ကို လူတစ်ယောက်က အကောက်ကြံခဲ့တာလေ"

ချိုလွင်သောစကားသံလေး ထွက်ပေါ်လာသည်ကိုကြားလိုက်ရ၏။

ရှောင်ကျင်း လှမ်းကြည့်လိုက်သောအခါ မလှမ်းမကမ်းတွင် ရပ်နေသော နန်းတွင်းအဝတ်အစားများနှင့် အိပ်မက်သူဇာအား တွေ့မြင်လိုက်ရလေ၏။

ရှောင်ကျင်းက ...

"ကျုပ်က"

"ရှင်က ကိုယ့်ကို ဒုက္ခပေးမယ့်လူကိုတောင် မခွဲခြားတတ်တော့ ဘူးလားရှင်၊ သူတို့ကို ကျွန်မဆုံးမလိုက်ပြီ၊ ကဲ ... ဒါတွေထားလိုက်ပါတော့လေ၊ မနက်မိုးလင်းတာနဲ့ ရှင်က ရှေ့ခရီးဆက်ရလိမ့်မယ်၊ လမ်းခရီးမှာ ဒုက္ခသည် ကယ်ဆယ်ရေးစခန်းတစ်ခုကို တွေ့ရလိမ့်မယ်၊ ရှင်က လှူဒါန်းချင်တယ်ဆိုရင် အဲဒီမှာ လှူဒါန်းလို့ရပါတယ်"

www.burmeseclassic.com



ရှောင်ကျင်းက ...

"ကောင်းပါပြီဗျာ၊ ဒီနယ်ကလူတွေဟာ အတော့်ကို ဒုက္ခရောက်နေတာကြောင့် သခင်မရဲ့ကျောက်မျက်ရတနာတွေကို အများအကျိုးလှူဒါန်းပြီး ကောင်းမှုကုသိုလ် ပြုလုပ်ချင်ပါတယ်၊ သခင်မ ခွင့်ပြုနိုင်ပါ့မလား"

အိပ်မက်သူဇာက ...

"ရှင်က အများကောင်းကျိုး ဆောင်ရွက်တာပဲရှင်၊ ကျွန်မ သဘောတူပါတယ်"

ရှောင်ကျင်း ဝမ်းသာသွားလေ၏။

"ကျေးဇူးတင်ပါတယ်ဗျာ"

အိပ်မက်သူဇာက ...

"ရှင်က အများအကျိုးဆောင်ရွက်ပြီးရင် ကျွန်မရဲ့ကိစ္စကို ဆက်ပြီး ဆောင်ရွက်ပေးရလိမ့်မယ်"

"စိတ်ချပါဗျာ"

"ရှေ့ဆက်သွားရင် မြို့ကလေးတစ်မြို့ကို ရောက်သွားလိမ့်မယ်၊ အဲဒီမြို့ကလေးဟာ ကျမ်းကြီးခက်ရဲ့ ဇာတိမြို့ပဲ၊ ရှင်က သူ့ကို တွေ့အောင် ရှာရမယ်"

"ကျုပ် တွေ့အောင် ရှာပေးပါ့မယ်"



ရှောင်ကျင်းက ကတိပေးလိုက်လေ၏။

အိပ်မက်သူဇာက ...

"ကျွန်မက ရှင့်ကို ထိထိမိရောက်ရောက် ကူညီနိုင်အောင် အကြံတစ်ခုရှိတယ်"

"ဟုတ်ကဲ့ ... ပြောပါဗျာ"

"ရှင် သွားရင်းနဲ့ လမ်းမှာ မိန်းကလေးတစ်ယောက်ကို တွေ့ရလိမ့်မယ်၊ ကျွန်မက အဲဒီမိန်းကလေးရဲ့ ခန္ဓာကိုယ်မှာ ဝင်ပူးကပ်ပြီး ရှင်နဲ့အတူ ခရီးဖော်အဖြစ် လိုက်ခဲ့မယ်"

ရှောင်ကျင်း မျက်မှောင်ကုတ်သွားပြီး ...

"ဟာ ... ဒီလိုလုပ်လို့ ကောင်းပါ့မလားဗျာ"

ဟု ပြောလိုက်လေ၏။

အိပ်မက်သူဇာက ...

"ကျွန်မဟာ ဝိညာဉ်အဖြစ်နဲ့ သွားလာလှုပ်ရှားရတာ မလွတ်လပ်ဘူးရှင့်၊ ဒါကြောင့် မိန်းကလေးတစ်ယောက်ကို ဝင်ပူးပြီး လိုက်ခဲ့တာ ပိုကောင်းမယ်"

ရှောင်ကျင်းက ...

"ခင်ဗျားအတွက်တော့ ကောင်းတာပေါ့၊ အဲဒီမိန်းကလေး ဒုက္ခရောက်မှာကိုကော ထည့်မတွက်တော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်သူဇာက ...

"မပူပါနဲ့ရှင် ... သူ ဒုက္ခမရောက်အောင် သူ့အတွက် အကောင်းဆုံးဖြစ်အောင် ကျွန်မစီစဉ်ထားပါတယ်"

ရှောင်ကျင်းသည် ဟန့်တားချင်ရတော့မည် မဟုတ်ကြောင်း သိထားသဖြင့် ဟန့်တားခြင်းမပြုဘဲ နေလိုက်လေ၏။

အိပ်မက်သူဇာက ...

"မနက်မိုးလင်းတာနဲ့ ရှေ့က တောင်ဘက်စူးစူးကို ဦးတည်ပြီး ခရီးနှင်ပေတော့၊ လမ်းမှာ ကျွန်မစောင့်နေမယ်"

စကားဆုံးလျှင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့၏။

ရှောင်ကျင်း သက်ပြင်းချလိုက်မိလေတော့၏။

❖ ❖ ❖



## အခန်း (၁၆)

မိုးစင်စင်လင်းပြီဖြစ်၏။

ရှောင်ကျင်းသည် အိပ်မက်သူဇာ မှာကြားခဲ့သည့်အတိုင်း တောင်ဘက်သို့ဦးတည်ကာ ခရီးနှင်လာခဲ့၏။

လမ်းခရီးတွင် အနှောင့်အယှက် အဟန့်အတားများ မတွေ့ရတော့ပေ။

အတန်ကြာ ခရီးနှင်မိသောအခါ လမ်းဘေးသစ်ပင် တစ်ပင်အောက်၌ထိုင်ကာ ငိုကြွေးနေသော မိန်းမပျိုတစ်ယောက်အား တွေ့မြင်လိုက်ရ၏။

သူသည် ခြေလှမ်းတုံ့ခနဲ ရပ်သွား၏။

သူဇာပြောသွားခဲ့သည့်စကားများကို ပြန်လည်အမှတ်ရလာ၏။

ထို့ကြောင့် မလှမ်းမကမ်း၌ရပ်ကာ အကဲခတ်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျို့သည် ဆင်းရဲနွမ်းပါးသူလေးဖြစ်ကြောင်း ထင်ရှား ပေါ်လွင်နေ၏။

သူမသည် ငိုကြွေးနေရာမှ သူ့ဘက်သို့ လှမ်းကြည့်၏။

သူက ...

"ညီမ ဘယ်လိုအခက်အခဲ ကြုံတွေ့နေရလို့လဲ၊ ကျုပ်တာ များ ကူညီရမလဲဆိုတာပြောပါ"

ဟု မေးလိုက်လေသည်။

မိန်းမပျို့က မျက်ရည်များ သုတ်လိုက်ပြီး ...

"ကျွန်မ ပျောက်ဆုံးနေတဲ့ လူတစ်ယောက်ကို လိုက်ရှာ နေတာပါရှင်"

ဟု ပြောလာ၏။ သူက ...

"မင်း မင်းက အိပ်မက်သူဇာလား"

"ကျွန်မနာမည် လွေယင်လို့ ခေါ်ပါတယ်ရှင်၊ အိပ်မက် သူဇာဆိုတာ ဘယ်သူလဲ ကျွန်မ မသိဘူး"

သူ သက်ပြင်းချလိုက်၏။

"ကောင်းပြီလေ ... ကျုပ် ဘယ်လိုကူညီရမလဲ ဆိုတာပြော ပါ"

မိန်းမပျို့ (ဝါ) လွေယင်က ...



"ကျွန်မ ပျောက်ဆုံးနေသူတစ်ယောက်ကို လိုက်ရှာနေတာ ပါ၊ ကျွန်မကို ဝိုင်းပြီး ကူရှာပေးပါလားရှင်"

ဟု တောင်းပန်လိုက်၏။ သူ သက်ပြင်းချလိုက်၏။

လွေယင်သည် သူဇာ၏ဝိညာဉ်ဝင်ရောက်ပူးကပ်ခြင်း ခံနေ ရသူလေးဖြစ်ကြောင်း ဆင်ခြင်မိလိုက်၏။

သို့သော် သူမကိုယ်တိုင် ထိုအဖြစ်ကို သိနိုင်မည်မဟုတ်ဟု တွေးကာ စိတ်မကောင်းဖြစ်သွား၏။

မည်သို့ဆိုစေ လွေယင်နှင့်အတူ ခရီးသွားရတော့မည် ဖြစ် ကြောင်း နားလည်လိုက်၏။

"ကောင်းပြီလေ ... ကျုပ်လည်း ဝိုင်းရှာပေးပါ့မယ်၊ ကဲ ... သွားရအောင်"

မိန်းမပျို့ ဝမ်းသာသွား၏။

"ကျေးဇူးတင်လိုက်တာရှင်"

သူမသည် ချက်ချင်း ထရပ်လာသည်။

သူနှင့်အတူ ကောက်ကောက်ပါအောင် လိုက်လာလေတော့ သည်။

❖

www.burmeseclassic.com

www.burmeseclassic.com



မြို့ကလေးတစ်မြို့ ...

တစ်ချိန်က အလွန်စည်ကားသိုက်မြိုက်ခဲ့ပုံရသော မြို့ဖြစ်သည်။

ယခုတော့ စည်ကားသည့်အရိပ်အယောင် ကွယ်ပျောက်ကာ ခြောက်သွေ့တိတ်ဆိတ်နေ၏။

သူနှင့်သူမတို့သည် မြို့ထဲသို့ ဝင်ရောက်လာသည်နှင့် အဆောက်အအုံတစ်ခုရှေ့တွင် လူအများစီတန်းကာ ရပ်နေကြသည်ကို တွေ့မြင်လိုက်ရလေ၏။

ထိုလူများသည် အလွန်ဆင်းရဲနွမ်းပါးကာ အခက်အခဲ ဒုက္ခကြုံတွေ့နေကြသူများဖြစ် ကြောင်း မြင်ရုံဖြင့်သိနိုင်၏။



လူတိုင်းလိုလို ချိုင့်များကိုင်ကာ တန်းစီနေကြ၏။

ဝေငှပေးမည့်အစားအစာများအတွက် တန်းစီနေကြခြင်းဖြစ်ကြောင်း ထင်ရှားလေ၏။

သူအကဲခတ်ကြည့်လိုက်သောအခါ အဆောက်အအုံရှေ့တွင် မြို့စားကြီးတစ်ယောက် အထိမ်းအမှတ် အလံစိုက်ထူထားပြီး အစောင့်အကြပ်များ စောင့်ကြပ်နေကြ၏။

အဆောက်အအုံရှေ့တွင် အိုးကြီးအိုးငယ်များ ချထားပြီး လူအချို့က တန်းစီနေကြသူများအား အသင့်ချက်ပြုတ်ပြီးသော စားသောက်စရာများကို တစ်ယောက်ချင်းစီ ခပ်ထည့်ပေးနေ၏။

အစားအသောက်ရရှိသူများသည် ...

"ချမ်းအန်းမြို့စားကြီး သက်တော်ရှည်ပါစေ၊ ကျန်းမာချမ်းသာပါစေ"

ဟု ဆုမွန်ကောင်းတောင်းတာ အသီးသီး ထွက်သွားကြလေသည်။ သူ သက်ပြင်းချလိုက်မိသည်။

မိုးခေါင်ရေရှား ငတ်မွတ်ခေါင်းပါး ဘေးဆိုက်နေသည်။

ဤအရပ်ဒေသ၏ ငြိမ်ဝပ်ပိပြားရေးနှင့်အေးချမ်းသာယာရေးအတွက် ချမ်းအန်းမြို့စားကြီးက တာဝန်ယူထားကြောင်း ထင်ရှားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် သူမဘက်သို့ လှည့်ကြည့်လိုက်၏။

ထိုအခါ ...

သူမသည် ဝမ်းသာအားရဖြင့် လူအုပ်ကြီး၏ နောက်ဆုံးတွင် ဝင်ရောက်တန်းစီနေသည်ကို တွေ့မြင်လိုက်ရ၏။

သူက သူမအား ခေါ်ရန်ဟန်ပြင်ပြီးမှ ...

"နေပါစေတော့လေ၊ ငါ့ကိစ္စပြီးစီးသွားတော့မှပဲ၊ သူ့ကိုခေါ်တာ ကောင်းပါလိမ့်မယ်"

ဟုတွေးကာ မြို့စားကြီး၏ အလံစိုက်ထူထားသော အဆောက်အအုံဆီသို့ လှမ်းသွားလိုက်၏။

အစောင့်တစ်ယောက်ထံတွင် တာဝန်ရှိသူတစ်ယောက်နှင့် တွေ့ခွင့်ပြုပါရန် ခွင့်တောင်းပြီး အဆောက်အအုံတွင်းသို့ ဝင်လာခဲ့လေသည်။

အစောင့်ညွှန်ပြပေးသော အခန်းတွင်းသို့ ဝင်လိုက်သော အခါ စားပွဲတစ်လုံး၌ထိုင်ကာ စာရင်းစာရွက်များဖြင့် အလုပ်ရှုပ်နေသူ တစ်ယောက်ကိုတွေ့လိုက်ရ၏။

အကြောင်းမှာ ထိုလူသည် သူတို့အား လိုက်လံဖမ်းဆီးခဲ့သော ချုန်အန်းမြို့စားကြီး၏ လက်ရုံးအာဏာသား ခေါင်းဆောင် မှထင်းဖြစ်နေသည် မဟုတ်ပါလား။



မှထင်းသည် စာရင်းဇယားများဖြင့် အလုပ်ရှုပ်နေရာမှ သူ့ကို မော့ကြည့်လာပြီး ...

"ထိုင်ပါ"

ဟု ပြောလေသည်။

သူက မတတ်သာတော့ဘဲ ထိုင်ချလိုက်ရ၏။

မှထင်းက ...

"ဘာကိစ္စလဲ ပြောပါ"

ဟု မေးလာ၏။

သူက ...

"ကျုပ်က ဒုက္ခရောက်နေသူတွေအတွက် ကူညီချင်လို့ပါ ခင်ဗျာ"

ဟု ပြောလိုက်လေသည်။

မှထင်းသည် လုပ်လက်စအလုပ်များကို ရပ်ထားလိုက်လေ၏။

သူ့ကို စေ့စေ့ကြည့်ရင်း ...

"ဒုက္ခရောက်သူတွေကို ကူညီချင်လို့ ... ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"မင်းက ဘယ်လိုကူညီချင်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မှာ အဖိုးတန်ကျောက်မျက်ရတနာတွေ ပါတယ်၊ ဒါတွေကို လှူဒါန်းချင်လို့ပါ"

မုထင်း အံ့သြသွား၏။

"မင်း တကယ်ပြောတာလား"

"တကယ်ပါဗျာ"

"ဟာ … ဒါဆိုရင်တော့ ဝမ်းသာအားရ ကြိုဆိုရမှာပဲ၊ ကျုပ်တို့လည်း အတော့်ကို ဗျာများနေရတာ မြင်တဲ့အတိုင်းပဲ၊ ဒုက္ခရောက်သူတွေအတွက် အစားအစာ ဆေးဝါးနဲ့အသုံးအဆောင်ပစ္စည်းတွေ ရရှိနိုင်အောင် မြို့စားကြီးကိုယ်တိုင် နေပြည်တော်ကိုသွားပြီး ဘုရင်မင်းမြတ်ကို သံတော်ဦးတင်နေပါတယ် …၊

နေပြည်တော်က အထောက်အပံ့ရောက်မလာခင် ကြားကာလမှာ ကျုပ်တို့ဟာ ကိုယ်တတ်စွမ်းနိုင်သမျှနဲ့ အလှူရှင်တွေရဲ့ လှူဒါန်းမှုကို ပေါင်းစပ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်ကြရတယ် …၊

ဒီကြားထဲ ဒုစရိုက်သမားတွေနဲ့ ရောဂါဘယများရဲ့ အန္တရာယ်ကိုလည်း ကာကွယ်ရသေးတယ်၊ ဘာပဲဖြစ်ဖြစ် အများအကျိုး ဆောင်ရွက်တာကို ကျုပ်တို့က လက်ကမ်းကြိုဆိုရမှာပါ"

အကျိုးအကြောင်းရှင်းပြရင်း ဝမ်းသာအားရပြောလာ



သည်။

ရှောင်ကျင်း စိတ်မကောင်းဖြစ်သွား၏။

သူသည် တစ်ချိန်က လူ့အဖွဲ့အစည်းကို နှောင့်ယှက်ခဲ့သည့် လူဆိုးတစ်ဦး ဖြစ်ခဲ့ဖူးသည် မဟုတ်ပါလား။

သူသည် ကျောက်မျက်ရတနာများ ထည့်ထားသည့် အိတ်ကလေးကို ထုတ်ယူ၍ စားပွဲပေါ် တင်လိုက်၏။

"ဟောဒီပစ္စည်း အားလုံးကို လှူဒါန်းပါရစေဗျာ"

ဟု ပြောလိုက်၏။

မုထင်း ချက်ချင်း စစ်ဆေးကြည့်လိုက်၏။

ကျောက်မျက်ရတနာများသည် အလွန်များပြားပြီး အဖိုးတန်လွန်းလှသည်ဖြစ်၍ မုထင်း အံ့သြသွား၏။

"ဟာ … ပစ္စည်းတွေက တန်ဖိုးမနည်းပါလား"

ဟု ရေရွတ်လိုက်မိ၏။

သူက …

"ကျွန်တော် ဒီပစ္စည်းတွေကို ဘယ်ကရလာသလဲ ဆိုတာနဲ့ ဘာကြောင့် လှူဒါန်းချင်ရသလဲဆိုတာ ရှင်းပြပါရစေဗျာ"

မုထင်းက …

"ကောင်းပြီ … ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



သူသည် အမှန်တရားကို ရင်ဆိုင်ရန် ဆုံးဖြတ်ထားပြီး ဖြစ်သည့်အလျောက် ချန်အန်းမြို့တွင် မအောင်မြင်သည့် ဓားပြမှု ဖြစ်ပွားခဲ့ပြီးနောက် မြောက်ပိုင်းတောင်တန်းဒေသသို့ ထွက်ပြေးရင်း ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို အမှန်အတိုင်းပြောပြလိုက်တော့သည်။

❖



•

ရှောင်ကျင်း၏ စကားဆုံးသွားပြီဖြစ်၏။

မုထင်း မယုံနိုင်အောင် ဖြစ်မိ၏။

"လက်စသတ်တော့ မင်းဟာ လူဝိုးခုနစ်ဖော်ဂိုဏ်းဝင်တစ်ဦး ဖြစ်နေတာကိုး"

သူက ...

"ဟုတ်ပါတယ်ဗျာ ... ခုတော့ ဒခများကို သိမြင်ပြီး ကျုပ်အခု နောင်တရနေပါပြီ၊ တရားဥပဒေရဲ့အခံုးအမကိုခံယူဖို့ ဆုံးဖြတ်ထားပြီးပါပြီ"

မုထင်းက ...

"မင်းအပေါ် ကျုပ် နားလည်သဘောပေါက်ပေးပမယ့် တရား

www.burmeseclassic.com

www.burmeseclassic.com



ဥပဒေအတိုင်း ဆောင်ရွက်ရမှာမို့ စိတ်မကောင်းပါဘူးကွာ"

သူက ...

"ရပါတယ်ခင်ဗျာ ... ဒါပေမဲ့ ကျွန်တော် တစ်ခုတော့ မေတ္တာရပ်ခံချင်ပါတယ်"

"ပြောပါ"

"အိပ်မက်သူဇာရဲ့ချစ်သူ ကွမ်းကြိုခက်ကို တွေ့အောင်ရှာဖွေပြီးမှ ကျွန်တော်အဖမ်းခံပါရစေလား၊ နို့မဟုတ်ရင် အိပ်မက်သူဇာဟာ ဒီဘဝက ကျွတ်လွတ်ဖို့ဆိုတာ မလွယ်တော့ပါဘူး"

မုထင်းက ...

"အိပ်မက်သူဇာနဲ့ဖတ်သက်ပြီး မင်းပြောတဲ့စကားတွေဟာ ယုံကြည်ဖို့ အတော်ပဲခက်ခဲလှပါတယ်၊ သဘာဝယုတ္တိမရှိတဲ့အတွက် ဘယ်သူကမှ လက်ခံနိုင်မှာ မဟုတ်ပါဘူး"

ရှောင်ကျင်းက ...

"ကျုပ်လည်း မယုံချင်ပါဘူး၊ ဒါပေမဲ့ လက်တွေ့ကြုံနေရလို့ပါ"

မုထင်းက ...

"မင်း အိပ်မက်သူဇာရဲ့ချစ်သူကို ရှာဖွေတွေ့ရှိပြီးရင် ကျုပ်ဆီကို လာပြီးအဖမ်းခံမလား"



သူက ...

"ကျုပ် ကတိပေးပါတယ်ဗျာ"

ဟု ရင်ကော့ပြီး ပြောလိုက်၏။ မုထင်းက ...

"အင်း ... မင်းဟာ နောင်တရနေပြီ၊ အများအကျိုးသည်ပိုး ဆောင်ရွက်ချင်တယ်၊ တရားဥပဒေရဲ့ အဆုံးအမကို ခံယူချင်တယ်ဆိုတော့ ကျုပ်တို့ဘက်ကလည်း မင်းအပေါ် သက်ညှာရမှာပေါ့လေ၊ ကျုပ်သဘောနဲ့ကျုပ် လုပ်ပိုင်ခွင့် မရှိပေမယ့် မင်းရဲ့ကတိကို ယုံကြည်စိတ်ချလို့ မင်းရဲ့ဆန္ဒအတိုင်း ဆောင်ရွက်ခွင့်ပြုလိုက်ပါ့မယ်၊ တစ်ခုတော့ရှိတယ် ... အချိန်တန်လို့ မင်းလာပြီး အဖမ်းမခံဘူးဆိုရင် တာဝန်ခံထားတဲ့ကျုပ် ဒုက္ခရောက်ရမယ်ဆိုတာကို မမေ့နဲ့"

ရှောင်ကျင်းက ...

"စိတ်ချပါ ... ကျုပ်ကြောင့် ဘယ်သူမှ ဒုက္ခမရောက်စေရပါဘူးဗျာ"

မုထင်းက ...

"ကျုပ်က မင်းကို ကူညီပါ့မယ်၊ မင်းရဲ့အကြောင်းကို မြို့စားကြီးဆီကို သတင်းပို့ပြီး မြို့စားကြီးထံကတစ်ဆင့် ဘုရင်မင်းမြတ်မှာ အသနားခံခိုင်းပါ့မယ်၊ ဘုရင်မင်းမြတ်ဟာ မဟာကရုဏာရှင်တစ်ယောက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းအပေါ် စာနာထောက်ထားပြီး အပြစ်က လွတ်ငြိမ်းချမ်းသာခွင့် ပြုမယ်ဆိုရင်တော့ မင်းဘာမှပူစရာမလိုတော့ဘူးပေါ့၊ ကျုပ်တို့ ကြိုးစားပေးပါ့မယ်"

သူသည် ဖော်မပြနိုင်အောင် ဝမ်းသာသွား၏။

"နောင်ကြီးရဲ့ကျေးဇူးကို ဘယ်လို ပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူးဗျာ"

မှထင်း ပြုံးလိုက်၏။

"ကျုပ်ကို ကျေးဇူးတင်စရာ မလိုပါဘူး၊ မင်းကရှေ့ဆက် မမိုက်ဖို့တော့လိုတယ်"

"စိတ်ချပါ ခင်ဗျာ"

မှထင်းက ...

"ကောင်းပြီလေ ... မင်းလုပ်စရာရှိတာ ဆက်လုပ်ပါ၊ မင်းရဲ့ကိစ္စအားလုံး ပြီးပြတ်သွားတဲ့အခါ ကျုပ်ဆီကိုလာခဲ့လေ"

"ကျေးဇူးပါပဲဗျာ"

ရှောင်ကျင်းသည် မှထင်းကို နှုတ်ဆက်၍ ထွက်ခဲ့၏။

သူ၏ခြေလှမ်းများသည် ပေါ့ပါးသွက်လက်နေ၏။

❖



ရှောင်ကျင်း ထွက်သွားပြီဖြစ်၏။

မှထင်းသည် စားပွဲပေါ်၌ရှိသည့် အဖိုးတန်ကျောက်မျက်ရတနာများကို ကြည့်လိုက်၏။

သိန်းပေါင်းများစွာ အဖိုးထိုက်တန်သော ရတနာများဖြစ်၏။

ထိုပစ္စည်းများကို ထုခွဲရောင်းချခြင်းဖြင့် ဝတ်မွတ်ခေါင်းပါးသော ဆိုက်ကပ်နေသည့် နယ်သူနယ်သားများကို ကူညီနိုင်လိမ့်မည် ဖြစ်၏။

*ငွေကြေးအလုံးအရင်းဖြင့် ဒုက္ခရောက်နေသူများ၏ ဘဝကို* ပြန်လည်ပြုစုပျိုးထောင်ပေးနိုင်မည် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အချိန်အနည်းငယ်အတွင်း သာယာဝပြောအောင် ဆောင်ရွက်နိုင်တော့မည်မှာ သေချာလှ၏။

မုထင်းသည် ရှောင်ကျင်းအား ကျေးဇူးတင်မိ၏။

သို့သော် ရှောင်ကျင်းသည် တစ်ချိန်က လူဆိုးတစ်ယောက်ဖြစ်ခဲ့ဖူးသည်ကို ထောက်ချင့်၍ စိတ်ချလက်ချ ယုံကြည်၍ မဖြစ်နိုင်သေးပါ။

မုထင်း အတန်ကြာ စဉ်းစားပြီးနောက် ...

"စွန်းဖုံ"

ဟု ခေါ်လိုက်၏။

ခန္ဓာကိုယ်ကျစ်လျစ်သန်မာသော လူငယ်တစ်ယောက် ချက်ချင်းပင် အခန်းအတွင်းသို့ ဝင်ရောက်လာလေ၏။

စွန်းဖုံဆိုသောလူငယ်က မုထင်းကိုဦးညွှတ်ကာ ...

"အမိန့်ရှိပါ ဆရာ"

မုထင်းက ...

"စောစောက ထွက်သွားတဲ့လူကို တွေ့လိုက်တယ် မဟုတ်လား"

ဟု မေးလိုက်၏။

စွန်းဖုံးက ...



"ဟုတ်ကဲ့ ... တွေ့လိုက်ပါတယ်ဆရာ"

မုထင်းက ...

"အေး ... သူက တစ်ချိန်တုန်းက လူဆိုးတစ်ယောက်ဖြစ်ခဲ့တယ်၊ မင်းက သူ့ကို နောင်ယောင်ခံလိုက်ပါ၊ မျက်ခြည်မပြတ်စေနဲ့၊ သူ ဘာလုပ်တယ်၊ ဘယ်သွားတယ်ဆိုတာ စောင့်ကြည့်ပြီး ငါ့ဆီကို သတင်းပို့ပါ"

ဟု အမိန့်ပေးလိုက်လေ၏။

စွန်းဖုံးက ...

"ကောင်းပါပြီဆရာ"

"ကဲ ... မင်း အခုပဲစပြီး တာဝန်ထမ်းဆောင်ပေတော့"

စွန်းဖုံသည် မုထင်းကို ဦးညွှတ်ကာ ထွက်သွား၏။

ထို့နောက် ရှောင်ကျင်းအား မျက်ခြည်မပြတ် နောက်ယောင်ခံလိုက်လေတော့၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

ထိန်ဝှက်မြို့ ...

ရှောင်ကျင်းနှင့် လွှေယင်းတို့ ထိန်ဝှက်မြို့သို့ ရောက်ရှိလာကြ၏။

ရှောင်ကျင်းက လွှေယင်ကို ကြည့်ကာ ...

"မင်းရှာနေတဲ့လူက ဒီမြို့မှာရှိနေတယ် ... ဟုတ်လား"

ဟု မေးလိုက်လေ၏။

လွှေယင်းက ...

"ဟုတ်ပါတယ်ရှင်"

"သူ့ရဲ့အိမ်ကို မင်းသိသလား"

"ဟင့်အင်း"

"သူက ဒီမြို့မှာနေတယ်လို့ပဲ ပြောသွားခဲ့တာရှင့်"

ရှောင်ကျင်းက ...

"ဒါထက် မင်းရှာနေတဲ့လူရဲ့နာမည်က ကွမ်းကြိုးခက် ...



ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်ရှင် ... ဘာဖြစ်လို့လဲရှင်"

"ဩော် ... မင်းဟာ အိပ်မက်သူဇာဆိုတာ သေချာလို့ပါ"

လွှေယင် မျက်လုံးလေးဝိုင်းသွား၏။

"အိပ်မက်သူဇာ ... ဟုတ်လား"

"ဟုတ်တယ်"

"ရှင် ဘာတွေပြောနေတာလဲ၊ ကျွန်မ ဘာမှနားမလည်နိုင်တော့ဘူးရှင့်"

ရှောင်ကျင်း သက်ပြင်းချလိုက်၏။

"အင်း ... မင်းနားမလည်တာပဲ ကောင်းပါတယ်လေ၊ ဒါပေမဲ့ ကွမ်းကြိုးခက်ဟာ ဒီမြို့မှာနေတယ်ဆိုတာလေးတစ်ခု သိထားတာနဲ့ သူ့ကိုရှာလို့တွေ့မယ်တော့ မထင်နဲ့နော်"

"ရှင်"

"ကွမ်းကြိုးခက်ဆိုတဲ့ နာမည်တူတွေ အများကြီးရှိနိုင်သေးတယ်၊ တခြားအထောက်အထားတစ်ခုခု မရှိတော့ဘူးလား"

လွှေယင် ခေါင်းခါယမ်းလိုက်၏။

"သူက ထိန်ဝှက်မြို့မှာ နေတယ်ဆိုတာနဲ့ ထိန်ဝှက်မြို့ကို ဘယ်လိုသွားရလာရတယ်ဆိုတာကိုပဲ ပြောသွားတာရှင့်"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းက ...

"ကောင်းပြီ ... သူ့ကို ရှာလို့မတွေ့ရင် မင်းဘယ်လိုလုပ်မလဲ"

လွေယင်က နှုတ်ခမ်းစူလိုက်လေ၏။

"ဒါကြောင့် ရှင့်ကို အကူအညီတောင်းတာပေါ့၊ နို့ မဟုတ်ရင် ကျွန်မဘာသာ လိုက်ရှာမှာပေါ့"

ဟု နှုတ်ခမ်းလေးစူကာ ပြောလေ၏။

ရှောင်ကျင်းရင်ထဲ လှုပ်ရှားသွားလေ၏။

လွေယင်သည် ပုံမှန်အတိုင်းပြောဆိုလျှင် သူမ၏အသံသည် အနည်းငယ်ပြန့်ပြီး ကြမ်းတမ်းသည့်သဘောရှိ၏။

သို့သော် သူမ စိတ်ရှုပ်လာသောအခါ ချိုလွင်သော အိပ်မက်သူဇာ၏အသံလေး ဖြစ်သွား၏။

လွေယင်၏ခန္ဓာကိုယ်တွင် အိပ်မက်သူဇာ၏ဝိညာဉ် ပူးကပ်နေခြင်းမျိုးမဟုတ်ဘဲ လွေယင်းကိုယ်တိုင်ပင် အိပ်မက်သူဇာဖြစ်သည်ဟု မှတ်ထင်ခံစားလာရလေ၏။

ရှောင်ကျင်း သက်ပြင်းချလိုက်၏။

"ကောင်းပြီလေ ... ကျုပ်ကို အားကိုးတယ်ဆိုတော့လည်း ကူညီရသေးတာပေါ့၊ ကဲ ... လာ၊ စားသောက်ဆိုင်တစ်ဆိုင်မှာ ဝင်စား



ရင်း သတင်းစုံစမ်းကြတာပေါ့"

"ကောင်းပါပြီးရှင်"

လွေယင်က သဘောတူလေ၏။

သူတို့သည် စားသောက်ဆိုင်တစ်ဆိုင်သို့ဝင်ကာ စားသောက်ဖွယ်ရာများ မှာကြားစားသောက်လိုက်ကြလေ၏။

ထို့နောက် ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ မေးမြန်းစုံစမ်းလိုက်ကြလေ၏။

ရှောင်ကျင်းက ...

"ညီလေး ... ဒီမြို့မှာ ကွမ်းကြိုးခက်ဆိုတဲ့ လူတစ်ယောက်ကို ကြားဖူးသလား"

ဟု မေးလိုက်၏။

ဆိုင်လုလင်က ...

"ကျွန်တော်တို့ မြို့မှာ ကွမ်းကြိုးအမျိုးအနွယ်ဝင် မိသားစုနှစ်စု ရှိပါတယ်၊ သူတို့ဟာ အမျိုးချင်းတူပေမယ့် မသင့်မမြတ်ဖြစ်နေပြီး အဆက်အသွယ်မပြုကြတာ ကြာပါပြီ၊ ကွမ်းကြိုးခက်ဆိုတဲ့နာမည်ကို ကျွန်တော်ကြားဖူးပါတယ်၊ နောင်ကြီးတို့သွားပြီး စုံစမ်းကြည့်ကြပါလားဗျာ"

ကွမ်းကြိုးအနွယ်ဝင် မိသားစုနှစ်စု နေထိုင်သည့် နေရပ်များ

www.burmeseclassic.com

www.burmeseclassic.com



ကို ပြောပြလေသည်။

သူ ဝမ်းသာသွားသည်။

"ကျေးဇူးပါပဲကွာ"

စားသောက်ခကျသင့်ငွေကို ပေးချေလိုက်သည့်ပြင် လုလင်အတွက် ဆုငွေပေးလိုက်၏။

ထို့နောက် ဆိုင်ထဲမှ ခပ်သွက်သွက် ထွက်လာခဲ့ကြတော့၏။

❖



•

ကွမ်းကြိုး အနွယ်ဝင်မိသားစု နှစ်စုအနက် မိသားတစ်စုသည် မြို့လယ်တွင် ခြံကြီးဝန်းကြီးဖြင့် နေထိုင်ကြလေ၏။

ချမ်းသာကြွယ်ဝသူများ ဖြစ်ကြောင်းလည်း ထင်ရှားနေ၏။

ကျန်းမျိုးနွယ်စုဝင်မိသားစုတစ်စုသည်ကား မြို့အနောက်ပိုင်းတွင် နေထိုင်ကြလေ၏။

သူနှင့်သူမတို့သည် မြို့လယ်ရှိ ကွမ်းကြိုးမိသားစုထံသို့ ရောက်လာခဲ့ကြလေ၏။

အမိုင်းအစေများသည် သူနှင့် သူမတို့အား ဗျူဟာပြင်ကြိုဆိုကြ၏။

သူက ...

www.burmeseclassic.com

www.burmeseclassic.com



"ကွမ်းကြိုးမိသားစု အကြီးအကဲနဲ့ တွေ့ချင်ပါတယ်"

ဟု ပြောလိုက်သောအခါ အဆောက်အအုံအတွင်းဘက်သို့ ခေါ်သွားပြီး နေရာထိုင်ခင်းပေးလေသည်။

မကြာပါချေ ...

ဝတ်ကောင်းစားလှဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်သည် လူတစ်စုခြံရံကာ ရောက်ရှိလာ၏။

ထိုအဘိုးအိုအား ခြံရံလာသူများမှာ အမျိုးသမီးတစ်ယောက်၊ မိန်းမပျိုတစ်ယောက်၊ လူငယ်တစ်ယောက်၊ လူလတ်ပိုင်းနှစ်ယောက်နှင့် လူကြီးတစ်ယောက်တို့ဖြစ်ကြရာ ကွမ်းကြိုးမိသားစုဝင်များဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

အဘိုးအိုက ရှောင်ကျင်းနှင့်လွေ့ယင်းတို့အား အကဲခတ်ကြည့်လိုက်ပြီးလျှင် ...

"မောင်ရင်လေးက ကျုပ်ကိုတွေ့ချင်တယ်ဆိုတာ ဘယ်ကိစ္စကြောင့်လဲ ... ပြောပါကွယ်"

ဟု မေးလာလေသည်။

ရှောင်ကျင်းက ဦးညွှတ်ရင်း ...

"ကျွန်တော်က ကွမ်းကြိုးအနွယ်ဝင်တစ်ယောက်ကို လာရှာတာပါခင်ဗျာ"



ဟု ပြောလိုက်၏။

အဘိုးအိုက ...

"မင်းက ဘယ်သူ့ကိုများ တွေ့ချင်လို့လဲ"

ကျွန်တော် တွေ့ချင်တဲ့လူနာမည်ဟာ ကွမ်းကြိုးခက်လို့ခေါ်ပါတယ်ခင်ဗျာ"

"ဪ"

အဘိုးအို လက်ဖွေ့ယမ်း ပြလိုက်လျှင် ခြံရံထားကြသူများအနက် အသက်ငါးဆယ်ခန့်ရှိသူက ရှေ့သို့လှမ်းထွက်လာလေသည်။

"ကျုပ်က ကွမ်းကြိုးခက်ပါ၊ ကျုပ်ကို ဘာကိစ္စနဲ့ တွေ့ချင်တယ်ဆိုတာ ပြောပါ"

ရှောင်ကျင်းက လွေ့ယင်ကို ကြည့်လိုက်၏။

ယခု သူမ တွေ့ လိုသော ကွမ်းကြိုးခက်ကို တွေ့လိုက်ရပြီမဟုတ်ပါလား။

လွေ့ယင်သည် ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်လာလေသည်။

သူမ၏မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝိုင်းလာ၏။

သူမသည် ထိုင်ရာမှထ,ကာ ကွမ်းကြိုးခက်၏ရှေ့တွင် ဒူးထောက်ချလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ"

ဟု ခေါ်လိုက်၏။

သူမ ၏ခေါ်သံကြောင့် အားလုံးထိတ်လန့် အံ့သြသွားကြလေတော့သည်။

❖



ကွမ်းကြိုးခက် ကပျာကယာ နောက်ဆုတ်လိုက်၏။

ဒူးထောက်နေသော ရွှေယင်းကို မျက်လုံးပြူးကာ ကြည့်လိုက်၏။

ရွှေယင်းက ...

"ဖေဖေ ... သမီး ဖေဖေ့ဆီ ဂါရဝပြုပါတယ်ဖေဖေ"

တုန်ယင်လှိုက်လှဲသော အသံဖြင့် ပြောလိုက်၏။

ကွမ်းကြိုးခက်၏ မျက်နှာကြီး နီမြန်းသွားလေသည်။

"မင်း မင်း ဘယ်သူလဲ၊ ငါ့ကို အဖေလို့မခေါ်နဲ့ မင်းဟာ ငါ့သမီး မဟုတ်ဘူး"

ဟု ပြောရင်း ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လွှေယင်က ...

"ဖေဖေရယ် .... သမီးဟာ ဖေဖေ့သမီးပါ"

ကွမ်းကြိုးခက် လက်ဝှေ့ယမ်းလိုက်၏။

"ဟေ့ ... ဘာတွေလာပြောနေတာလဲ၊ သွားစမ်း ... ခု ချက်ချင်း ငါ့အိမ်ထဲက ထွက်သွားကြစမ်း"

"ဖေဖေ"

"တိတ်စမ်း"

ရှောင်ကျင်း မနေနိုင်တော့ပါ။

"ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျား၊ ကျွန်တော်ရှင်းပြပါရစေဦး"

ဟု ကြားဝင်ပြောလိုက်၏။

ကွမ်းကြိုးမိသားစု အကြီးအကဲ အဘိုးအိုက ...

"အားလုံး ငြိမ်ငြိမ်နေပြီး သူရှင်းပြတာကို နားထောင်ကြဦး"

ဟု အမိန့်ပေးလိုက်မှ ကွမ်းကြိုးခက်တို့ ငြိမ်ကျသွားကြသည်။

ရှောင်ကျင်းက ...

"ထိန်ဝှက်မြို့က ကွမ်းကြိုးခက်ဆိုသူ တစ်ယောက်ဟာ မြောက်ပိုင်းတောင်တန်းဒေသကို ရောက်ခဲ့ဖူးပါသလားဗျာ"



ဟု မေးလိုက်၏။

အဘိုးအို ခေါင်းခါလိုက်၏။

"ကျုပ်တို့ မိသားစုဟာ ဒီမြို့မှာ အခြေချပြီး နေထိုင်လာခဲ့ကြတာ နှစ်ပေါင်းခြောက်ဆယ်ကျော်ပါပြီ၊ မျိုးဆက်နှစ်ခုတောင် ရှိခဲ့ကြပါပြီ၊ ကျုပ် တို့မိသားစုပိုင် လုပ်ငန်းတွေဟာ ဒီမြို့အနီးတစ်ဝိုက်မှာပဲ ရှိပါတယ်၊ ကျုပ်တို့ ဟာ ခရီးထွက်လေ့ထွက်ထ မရှိပါဘူး၊ မြောက်ပိုင်း တောင်တန်းဒေသကိုလည်း ဘယ်သူမှ မရောက်ဖူးကြဘူး"

ဟု ရှင်းပြ၏။

ကွမ်းကြိုးခက်က ...

"ဟုတ်တယ် ... ကျုပ်က မြောက်ပိုင်း တောင်တန်းဒေသကို မပြောနဲ့၊ ဒီမြို့ပတ်ဝန်းကျင် မိုင်ငါးဆယ်ထက်ကျော်ပြီး ဘယ်ကိုမှ ရောက်ဖူးတာမဟုတ်ဘူး"

ရှောင်ကျင်းသည် လူမှားနေပြီ ဖြစ်ကြောင်း သဘောပေါက်လိုက်၏။

ထို့ကြောင့် ...

"ကျွန်တော်တို့က မြောက်ပိုင်းတောင်တန်းဒေသကိုရောက်လ ခဲ့တဲ့ ထိန်ဝှက်မြို့က ကွမ်းကြိုးခက်ဆိုတဲ့ လူကို လာရှာတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ နာမည်တူပေမယ့် လူချင်းမှားနေပြီဆိုတာ နားလည်ပါပြီ ဗျာ။ ဒါထက် ဒီမြို့မှာ နောက်ထပ် ကွမ်းကြိုးအနွယ်ဝင် မိသားစု တစ်စုရှိသေးတယ် မဟုတ်လားဗျာ"

အဘိုးအိုအပါအဝင် ကွမ်းကြိုးခက်တို့ အားလုံးမျက်နှာထား တင်းမာသွားကြ၏။

အဘိုးအိုက ...

"သူတို့ဟာ ကွမ်းကြိုးအနွယ်ဝင်တွေပါပဲ.ဒါပေမဲ့ ကျုပ်တို့နဲ့ ဘာမှမပတ်သက်ပါဘူး၊ သူတို့အကြောင်းကို ကျုပ်တို့ ဘာမှမကြား ချင်ပါဘူး၊ မင်းတို့ဘာသာ သွားစုံစမ်းကြကွဲ့"

ဟု ပြောလာ၏။

သူက ...

"ကောင်းပါပြီ ခင်ဗျာ ... ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

ရှောင်ကျင်းက လွှေယင်းကိုလက်ဆွဲခေါ်၍ ထွက်လာခဲ့ တော့၏။

❖



လွှေယင် မကျေမနပ် ဖြစ်နေ၏။

သူမသည် မျက်ရည်များကို သုတ်လိုက်ပြီး ...

"တော်တော် ယုတ်မာတဲ့လူတွေ"

ဟု ပြောလိုက်၏။

ရှောင်ကျင်းက ...

"မင်းကလည်း ကွမ်းကြိုးခက်ဆိုတဲ့ နာမည်ကြားတာနဲ့ ဟန်မှမဆောင်နိုင်ဘဲကိုး"

"အို ... ဒါကတော့ ကျွန်မလည်းအမှတ်တမဲ့ဆိုတော့ ဝမ်းသာအားရ ဖြစ်သွားတာပေါ့ရှင်"

"နေပါဦး ကွမ်းကြိုးခက်က မင်းရဲ့အဖေလား၊ မင်းရဲ့ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



လား ပြောစမ်းပါဦး”

“ဘာရှင့်”

သူက ...

“ကျုပ်မေးတာ ဖြေပါဦး”

လွေယင်းက ...

“ရှင် ဘယ်လို ပြောလိုက်တာလဲ၊ ကွမ်းကြိုးခကီဟာ ကျွန်မရဲ့အဖေရှင့်”

ရှောင်ကျင်းက ...

“ဒါထက် အိပ်မက်သူဇာပြောတော့ သူ့ချစ်သူဆို”

သူမက ...

“ရှင်မသိရင် အေးအေးနေစမ်းပါ”

သူ မကျေမနပ် ဖြစ်သွား၏။

“ကောင်းပြီ ... မင်းသိတယ်ဆိုရင် ကိုယ့်ဘာသာကိုယ်ဆက်ပြီးကြိုးစားပေတော့၊ ကျုပ် ကူညီစရာမလိုဘူး”

စကားဆုံးလျှင်ထွက်သွားရန် ဟန်ပြင်လိုက်၏။

သူမက ...

“သွားပေ့ါ ... ရှင်ဟာ လွယ်လွယ်နဲ့ ကတိပေးတတ်တဲ့လူ၊ ကတိမတည်တဲ့လူဆိုတာ ကျွန်မသိရပြီပေ့ါ”



ဟု မြေပေါ်ခြေဆောင့်၍ ပြော၏။

“ဘာ”

ရှောင်ကျင်း ဒေါပွသွားပြီး သူမ၏ပခုံးနှစ်ဖက်ကို ဆွဲကိုင်လိုက်၏။

အလွန်နူးညံ့ပျော့ပျောင်းသည့် မိန်းကလေးတစ်ယောက်၏ အသားအရေကို အမှတ်တမဲ့ ကိုင်တွယ်မိလိုက်ပြီးမှ သတိဝင်လာ၍ လွှတ်ပေးလိုက်၏။

လွေယင်းက ...

“ရှင်က မကူညီချင်နေပါ ... ကျွန်မပဲ သွားရှာမယ်”

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွား၏။

“နေဦး”

ရှောင်ကျင်းက ဟန့်တားကာ ပြေးလိုက်သွားလေသည်။

❖

www.burmeseclassic.com

www.burmeseclassic.com



မြို့အနောက်ပိုင်းသို့ ရှောင်ကျင်းနှင့် လွှေယင်တို့ ရောက်ရှိလာကြ ပြီဖြစ်လေ၏။

မြို့လယ်ပိုင်းမှ ကွမ်းကြိုးမိသားစုတွင် ကွမ်းကြိုးခက်ဆိုသူတစ်ယောက် ရှိနေပါသော်လည်း လွှေယင်း လိုက်ရှာနေသည့် ကွမ်းကြိုးခက် မဟုတ်ပါချေ။

ထို့ကြောင့် ...

မြို့အနောက်ပိုင်းတွင်နေထိုင်သည့် ကွမ်းကြိုးမိသားစုသည်သာလျှင် လွှေယင်လိုက်ရှာနေသူများ ဖြစ်လိမ့်မည်ဟု ရှောင်ကျင်းက ယုံကြည်ထားလေ၏။

မြို့အနောက်ပိုင်းသို့ရောက်ရှိလာပြီး စုံစမ်းမေးမြန်းလိုက်



သောအခါ ကွမ်းကြိုးမိသားစုနေထိုင်းပည့်နေရာကို သိလိုက်ရလေ၏။

ရှောင်ကျင်းနှင့်လွှေယင်တို့ ဆိုက်ဆိုက်မြိုက်မြိုက်အရောက်သွားနိုင်ခဲ့ကြလေ၏။

ကွမ်းကြိုးမိသားစု၏ ခြံဝင်းမှာ ပြုပြင်ခြင်းမရှိသဖြင့် မြက်ပင်ချုံနွယ်များဖြင့် ဖုံးလွှမ်းနေ၏။

ခြံဝင်းအတွင်းရှိ အဆောက်အအုံကြီးများသည် ပျက်စီးယိုယွင်းနေပြီဖြစ်၏။

ရှောင်ကျင်းနှင့် လွှေယင်တို့ စိတ်ပျက်သွားကြ၏။

ခြံဝင်းအတွင်းသို့ ဝင်လာခဲ့ကြ ပြီး အဆောက်အအုံဟောင်းကြီးအနီးသို့ရောက်လျှင် ထင်းခွဲနေသော အဘိုးအိုတစ်ယောက်ကို တွေ့လိုက်ရ၏။

အဘိုးအိုသည် ရှောင်ကျင်း၊ ဘို့ကိုမြင်လျှင် ထင်းခွဲရာမှ ရပ်ကာ မျက်မှောင်ကုတ်၍ ကြည့်လာ လေ၏။

ရှောင်ကျင်းက ...

"ဦး ... ဒါဟာ ကွမ်းကြိုးမိသားစုရဲ့ ခြံဝင်းဟုတ်ပါသလား၊ ခင်ဗျာ"

ဟု မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက ...

"ဟုတ်ပါတယ်ကွယ် ... မောင်ရင်လေးတို့က ...

"ကျွန်တော်တို့ဟာ ကွမ်းကြီးမိသားစုက ကွမ်းကြီးခက်ကို လာရှာတာပါခင်ဗျာ"

"ဩော်"

"ဦးက သူ့ကို သိပါသလားခင်ဗျာ"

အဘိုးအို ခေါင်းညိတ်လိုက်၏။

"သိတာပေါ့ကွယ် ... ကျုပ်က ကွမ်းကြီးမိသားစုရဲ့အိမ်မှာ အလုပ်လုပ်လာခဲ့တာ နှစ်ပေါင်းလေးဆယ်ကျော်ပြီပဲ"

"ဒါဖြင့် ကွမ်းကြီးမိသားစုဝင်တွေဟာ"

"တစ်ယောက်မှ မကျန်တော့ပါဘူးကွယ်၊ အားလုံး သေဆုံးသွားကြပါပြီ"

"ဗျာ"

"ရှင်"

ရှောင်ကျင်း အံ့ဩသွားသည်။

လွှေယင်က အထိတ်တလန့် အော်လိုက်လေ၏။

လွှေယင်သည် ရှေ့တိုးလာပြီး ...

"ဘယ် ... ဘယ်လိုဖြစ်တာလဲရှင်"



ဟု မေးလိုက်လေ၏။

အဘိုးအိုက ...

"ကွမ်းကြီးမိသားစုဟာ ကံဆိုးတယ်လို့ ပြောရမှာပါ၊ သူတို့ဟာ ဘယ်လိုပဲ ကြိုးစားကြိုးစား စီးပွားရေးလုပ်ငန်းတွေ မအောင်မြင်လို့ နောက်ဆုံးမှာ သခင်ကြီးဟာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံသွားပါတယ်၊သခင်မကြီးကလည်း နာတာရှည်အဖြစ် အိပ်ရာထဲလဲပြီး ကွယ်လွန်သွားပါတယ်၊ သားအကြီးဆုံးကတော့ ခရီးသွားရင်း လူဆိုးဓားပြတွေ လက်ချက်ကြောင့် သေဆုံးသွားပါတယ်၊ သမီးကလည်း အိမ်ထောင်ပြုပြီး ခင်ပွန်းသည်နောက် လိုက်သွားရာက မြင်းလှည်းမှောက်ပြီး သေသွားပါတယ်၊ နောက်ဆုံး သခင်လေးကွမ်းကြီးခက် တစ်ယောက်ပဲ ကျန်ရစ်ခဲ့တယ်"

လွှေယင်က ...

"သူ သူ ဘယ်မှာလဲ"

ဟု အလောကြီး မေးလိုက်လေ၏။

အဘိုးအိုက ...

"မိသားစုတွေရဲ့ ကြမ္မာဆိုးကြောင့် သခင်လေး ကွမ်းကြီးခက်ဟာ စိတ်လေပြီး အိမ်ကထွက်သွားပါတယ်၊ မြောက်ဘက်တောင်တန်းဒေသမှာ သွားနေတာ သုံးနှစ်လောက်ကြာပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်လာတော့ ငှက်ဖျားရောဂါပါလာပြီး မကြာခင်ပဲ ကွယ်လွန်သွားပါတယ်”

“ဖေဖေ”

သူမက အထိတ်တလန့် အော်လိုက်၏။

အဘိုးအို ကြောင်အမ်းအမ်း ဖြစ်သွား၏။

မည်သို့ဆိုစေ ရှောင်ကျင်းသည် အဖြစ်အပျက်များကို နားလည်လိုက်ပြီဖြစ်၏။

အိပ်မက်သခင်မထံသို့ ကွမ်းကြိုးခက် ပြန်မလာနိုင်ခဲ့သည်မှာ မြောက်ပိုင်းတောင်တန်းဒေသမှ စွဲကပ်လာသည့် ငှက်ဖျားကြောင့် ကွယ်လွန်ခြင်းဖြစ်ကြောင်း ထင်ရှားနေသည် မဟုတ်ပါလား။

သူသာ အသက်ရှင်နေဦးမည်ဆိုလျှင် သခင်မထံသို့ ပြန်လာမည်မှာ သေချာလှ၏။

ယခုတော့ သခင်မ၏မျှော်လင့်ချက်များ သဲထဲရေသွန် ဖြစ်ရချေပြီ။

သူမ၏ဝိညာဉ်သည် သည်တစ်သက် ကျွတ်လွတ်နိုင်ပါဦးမည်လား။

လွှေယင်းသည် မျက်နှာကို လက်ဝါးဖြင့်အုပ်၍ ရှိုက်ကြီးတငင် ငိုကြွေး၏။



သူ့ သက်ပြင်းချမိ၏။

ကွမ်းကြိုးမိသားစုသည် ကျိန်စာသင့်ကြသည့်အလား ဆိုးရွားသော အဖြစ်အပျက်များနှင့် ကြုံတွေ့ရသဖြင့် မြို့လယ်မှ ကွမ်းကြိုးမိသားစုများက အမျိုးအနွယ် ချင်းတူသော်လည်း ပတ်သက်ခြင်းမပြုလိုဘဲ ခပ်ကင်းကင်းဆက်ဆံကြခြင်းဖြစ်ကြောင်း ထင်ရှားပါ၏။

သူမသည် အတန်ကြာ ငိုကြွေးပြီးမှ ...

“ကျွန်မ အဖေရဲ့အုတ်ဂူ ဘယ်မှာရှိတယ်ဆိုတာ ပြောပြပါလားရှင်”

ဟု မေးလိုက်၏။

အဘိုးအိုက ...

“မြို့ပြင်သင်္ချိုင်းမှာ ရှိပါတယ်၊ ကျုပ်လိုက်ပြပါ့မယ်၊ ဒါပေမဲ့ မိန်းကလေးဟာ သခင်လေး ကွမ်းကြိုးခက်နဲ့ ဘယ်လိုပတ်သက်နေတယ်ဆိုတာ ကျုပ်ကိုပြောပြပါဦး”

ဟု မေးလာ၏။

လွှေယင်းက ...

“သူဟာ ကျွန်မရဲ့ အဖေပါ”

“ဗြော်”

www.burmeseclassic.com

www.burmeseclassic.com



"အမေဟာ မြောက်ပိုင်းတောင်တန်းဒေသကို ရောက်လာပြီး ကျွန်မရဲ့အမေနဲ့ မေတ္တာမျှခဲ့ပါတယ်၊ ကျွန်မ အမေမှာ ကိုယ်ဝန်ရှိခဲ့တာကို အဖေမသိဘဲ ပြည်မကို ပြန်သွားပါတယ်၊ မကြာခင် ပြန်လာပြီး အမေ့ကို လက်ထပ်မယ်လို့ ပြောသွားပေမယ့် ဒီကနေ့အထိ ရောက်မလာပါဘူး။ အမေဟာ ကျွန်မကို မွေးဖွားပြီး မကြာခင်မှာဘဲ သေဆုံးသွားပါတယ်"

"ကျွန်မရဲ့ အဘိုးအဘွားတွေလည်း မမျှော်လင့်ဘဲ ကပ်ရောဂါဆိုးတစ်ခုကြောင့် သေဆုံးသွားတာကြောင့် ကျွန်မကို အိမ်ထိန်းကြီး ဘဘကောင်းလွှေက ကြီးပြင်းလာအောင် မွေးစားထားခဲ့ပါတယ်၊ ကျွန်မကြီးပြင်းလာတော့ မိဘတွေရဲ့အဖြစ်အပျက်ကို ပြောပြတာနဲ့ အဖေ့ကိုရှာဖွေဖို့ ကျွန်မထွက်လာခဲ့တာပါ"

အဘိုးအိုက ...

"ဒါဆို မင်းဟာ သခင်လေး ကွမ်းကြိုးခက်ရဲ့သမီးပေါ့"

"ဟုတ်ပါတယ်ရှင်"

"ဝမ်းသာလိုက်တာ သခင်မလေးရယ်၊ သခင်လေးသာ သူ့မှာသမီးတစ်ယောက် ရှိတယ်ဆိုတာသိရင် ဘယ်လောက်ဝမ်းသာလိမ့်မလဲ၊ ကဲ ... လာ လာ၊ သခင်လေးရဲ့အုတ်ဂူကို ကျုပ်လိုက်ပြပါ့မယ်"



တုန်ယင်လှိုက်လှဲသည့် အသံဖြင့်ပြောကာ လမ်းပြခေါ်ဆောင်သွား၏။

ရှောင်ကျင်းနှင့် လွှေယင်းတို့လည်း လိုက်ပါသွားကြလေသည်။

❖

www.burmeseclassic.com

www.burmeseclassic.com



လေပြည်လေညင်း ဖွဖွ ယမ်းတိုက်ခတ်နေ၏။

သချိုင်းမြေမှာ ခြောက်သွေ့တိတ်ဆိတ်နေ၏။

လွှေယင်းသည် ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်သော အုတ်ဂူတစ်လုံးရှေ့၌ ဒူးထောက်၍ တရှုပ်ရှုပ်ငိုကြွေးနေ၏။

သို့သော် သူမ၏ ဖခင်သည် လူ့လောကကို ကျောခိုင်းစွန့်ခွာသွားရှာပြီ မဟုတ်ပါလား။

ရှောင်ကျင်းက အားပါးတရ စား သောက်နေသော်လည်း လွှေယင်းက ကောင်းစွာစားသောက်ခြင်း မရှိပါ။

သူက စားသောက်ပြီးသွားမှ ...

"မင်းအတွက် ကျုပ်စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ကျုပ်က



မင်းနဲ့ လမ်းခွဲသွားရတော့မယ်"

ဟု ပြောမိ၏။

သူမ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

"ရှင် ရှင်ထွက်သွားတော့မယ် ... ဟုတ်လား"

ရှောင်ကျင်းက ...

"ဟုတ်တယ်"

"ရှင်က"

"မင်းက ကျုပ်ကို တစ်ချိန်လုံး အရှုံးလုပ်ခဲ့ပြီးပြီ မဟုတ်လား၊ ကျေနပ်ဖို့ ကောင်းပါပြီလေ"

သူမ ခေါင်းငုံ့ထားလိုက်၏။

ရှောင်ကျင်းက ...

"ကျုပ်က မကောင်းဆိုးဝါး နာနာဘာဝကို မယုံကြည်ပါဘူး၊ ဒါပေမဲ့ မင်းနဲ့ဘဘတို့က ကျုပ်ကို ကောင်းကောင်းကြီး လှည့်စားနိုင်ခဲ့ကြတာပဲ"

သူမ သက်ပြင်းချမိ၏။

"ကျွန်မကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ရှင်၊ တကယ်တော့ ကျွန်မဟာ မေမေနဲ့ ရုပ်ချင်းခွဲမရအောင်တူပြီး မေမေ့အုတ်ဂူကို သူတစ်ပါးတွေ လာပြီးမဖျက်ဆီးနိုင်အောင်လို့ ဝိညာဉ်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ဟန်ဟောင်ပြီး ခြောက်လှန့်ခဲ့ရတာပါ၊ ဘာဘာဟာ သခင်မတောင် ကနေပြီး တစ်ဖဝါး မခွာပါဘူးလို့ သစ္စာပြုထားတာကြောင့် ကျွန်မကဖေဖေ့ကို လိုက်ရှာတဲ့နေရာမှာ အကူအညီမပေးနိုင်ပါဘူး၊ ကျွန်မကို ကူညီနိုင်မယ့်လူကလည်း မရှိတော့”

ရှောင်ကျင်းက ...

“ထားလိုက်ပါတော့လေ ... ခုတော့ ကျုပ်က မင်းကိုကူညီပြီးပြီလို့ ထင်ပါတယ်”

သူမက ...

“ကျွန်မကို ကူညီတဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးရှင်”

သူက ...

“ကောင်းပြီလေ၊ ကျုပ်က အရှုံးလုပ်ခံခဲ့ရပေမယ့် ဘယ်လိုမှ သဘောမထားပါဘူး၊ ဒါပေမဲ့ ကျုပ်က မင်းနဲ့လမ်းခွဲသွားရမှာပါပဲ”

“ရှင် ... ရှင်”

“ကျုပ်ဟာ တစ်ချိန်က လူဆိုးတစ်ယောက်ဖြစ်ခဲ့ပါတယ်၊ ဒါကြောင့် ထိုက်သင့်တဲ့အပြစ်ဒဏ်ကို ခံယူရမှာ ဖြစ်တယ်”

သူမသည် ရှောင်ကျင်းကို စိတ်မကောင်းစွာ ကြည့်မိနေ၏။

ထိုစဉ် ...



“ဟာ ... ရှောင်ကျင်းပါလား”

ဝမ်းသာအားရ ခေါ်လိုက်သည့် အသံထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

သူက လှမ်းကြည့်လိုက်၏။

ထိုအခါ စားသောက်ဆိုင်ထဲသို့ ဝင်လာသည့် စန်းရယ်အား တွေ့မြင်လိုက်ရ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

စန်းရယ်သည် စားသောက်ဆိုင်ထဲ ရောက်လာပြီဖြစ်၏။

ရှောင်ကျင်းတို့၏ စားပွဲဆီသို့ လှမ်းလာပြီး ခုံတစ်လုံးဆွဲကာ ထိုင်ချလိုက်၏။

ပြီးလျှင် ...

"ဟေ့ ... ငါ့အတွက်စားစရာနဲ့ အရက်ယူလာခဲ့"

ဆိုင်လုလင်တစ်ယောက်အား မှာကြားလိုက်၏။

လုလင်သည် အရက်နှင့် စားသောက်ဖွယ်ရာများကို ချက်ချင်းယူဆောင်လာတော့၏။

စန်းရယ်က အရက်တစ်ခွက်ငှဲ့သောက်လိုက်ပြီး ...

"ရှောင်ကျင်း ... ငါတို့မြောက်ပိုင်းတောင်တန်း ဒေသမှာလူချင်းကွဲသွားပြီး ခုမှပြန်တွေ့ရတော့တယ်နော်"

ဟု ပြောလာလေ၏။

ရှောင်ကျင်းသည်လည်း စန်းရယ်ကို တွေ့ရသဖြင့် ဝမ်းသာ



နေ၏။

"စန်းရယ် ... မင်းက ဘယ်လိုလုပ်ပြီး သည်နေရာကို ရောက်နေတာလဲ"

"ဘာလဲ ... မြောက်ပိုင်းတောင်တန်းမှာ ငါသေသွားပြီလို့ ထင်နေလို့လား"

"ဟုတ်တယ် ... မင်းကတော့ ငါသေပြီလို့ မထင်ဘူးလား"

"ထင်တာပေါ့ကွာ"

"ဟား ဟား ဟား"

"ဟား ဟား ဟား"

နှစ်ယောက်သား အားရပါးရ ရယ်မောလိုက်ကြ၏။

လွှဲယင်က သူတို့အား မသိမသာအကဲခတ်ကြည့်နေ၏။

စန်းရယ်က ...

"ဝေလူကြမ်းကြီးတွေရောက်လာတော့ တို့တစ်တွေ ထွက်ပြေးရင်း လူချင်းကွဲသွားကြတယ် မဟုတ်လား။ အေး ... မင်းတော့ ဘယ်လိုနေမယ် မသိဘူး ... ငါကတော့ ဝမ်းတုံနဲ့ လိုက်သွားမိတာ ကံဆိုးတာပဲ"

"ဘယ်လိုဖြစ်တာလဲ ...ပြောစမ်းပါဦး"

"အတော့်ကို စိတ်ပျက်စရာကောင်းတာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



စန်းရယ်သည် သူကြုံတွေ့ရသည့် အဖြစ်အပျက်များကို ပြောပြလိုက်၏။

ရှောင်ကျင်းက စိတ်ဝင်စားစွာ နားထောင်နေပြီးမှ ...

"ဝမ်းတုံက တော်တော်ဆိုးပါလား၊ သူတို့သေသွားကြပြီ ... ဟုတ်လား"

"ဝေလူကြမ်းကြီးတွေရဲ့ ခေါင်းဆောင် လူပုလေးတော့သေသွားပြီ၊ ဝမ်းတုံတော့ ဒဏ်ရာတွေနဲ့ပျောက်ဆုံးနေတယ်"

"နေပြည်တော်တပ်ဖွဲ့တွေကလည်း ရောက်လာကြပြီဆိုတော့ ဒီကောင် မလွတ်နိုင်တော့ပါဘူး၊ ငါတောင် ကံကောင်းပြီး ကိုယ်လွတ်ရုန်းလာနိုင်တယ်"

ထိုစဉ် တစ်ချိန်လုံး ငြိမ်နေခဲ့သော လွေယင်က ဝင်မေးလိုက်၏။

"ဒါထက် ရှင်ပြောတဲ့ ဝမ်းတုံနဲ့တိုက်ခိုက်ခဲ့တဲ့ အဘိုးအိုဟာ ဘယ်လိုပုံသဏ္ဍာန်ရှိတယ်ဆိုတာ ပြောပါဦး"

စန်းရယ်သည် ရှောင်ကျင်းကိုကြည့်လိုက်ပြီး ...

"သူက ဘယ်သူလဲ"

ဟု မေးလေသည်။

ရှောင်ကျင်းက ...



"သူဟာ ဝေလူကြမ်းကြီးတွေတောင် ကြောက်လန့်ခဲ့ကြတဲ့ သခင်မပါပဲ"

သူက ပြောပြီးမှ ထိုသို့ အမှန်အတိုင်း မပြောသင့်ကြောင်း ဆင်ခြင်မိလိုက်သည်။

စန်းရယ်သည် လွေယင်၏မိခင် အုတ်ဂူထဲမှ ကျောက်မျက်ရတနာများကို လိုချင်မက်မောခဲ့သည် မဟုတ်ပါလား။

ဝမ်းတုံသည်လည်း အတူတူပင်။

စန်းရယ်၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာသည်။

"လက်စသတ်တော့ မြောက်ပိုင်း မြို့စားရဲ့မြေးကိုး၊ မြို့စားကြီးရဲ့ သမီးသခင်မရဲ့ အုတ်ဂူထဲမှာ ကျောက်မျက်ရတနာများ မြှုပ်ထားတယ်ဆိုတာ အမှန်ပဲလား"

ရှောင်ကျင်း မတတ်သာတော့ဘဲ ဝန်ခံလိုက်ရလေ၏။

"ဟုတ်တယ် ... ဒါပေမဲ့ အခုမရှိတော့ပါဘူး၊ ငါ ယူလာခဲ့ပြီး ဝတ်မွတ်ခေါင်းပါးဘေးဆိုက်နေတဲ့လူတွေကို ကယ်ဆယ်ရာမှာ အသုံးပြုဖို့ လှူဒါန်းလိုက်ပါပြီ"

"ဘာကွ"

စန်းရယ် မကျေမနပ် ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



လွှေယင်က ...

"ရှင့်သူငယ်ချင်း ဝမ်းတုံရဲ့ လက်ချက်ကြောင့် သေသွားရတဲ့ အဘိုးအိုရဲ့ ပုံပန်းသဏ္ဌာန်ကို ပြောစမ်းပါဦးရှင်"

ဟု ထပ်မေးနေ၏။

စန်းရယ်က ...

"သူသေသွားပါပြီ၊ သူ့ရဲ့ပုံသဏ္ဌာန်က ..."

သူက ပြောလိုက်သောအခါ ရှောင်ကျင်းနှင့်လွှေယင်တို့မှာ ဘဘကောင်းလွှေ၏ ရုပ်သွင်ကို မြင်ယောင်လာလေသည်။

လွှေယင် မျက်နှာပျက်သွား၏။

သူမ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာပြီး ...

"အဖြစ်ဆိုးလှချည်လား ဘဘရယ်"

ဟု ညည်းတွားကာ ဆိုင်အပြင်ဘက်သို့ ပြေးထွက်သွားလေတော့သည်။

❖



•

"ညီမ လွှေယင်"

ရှောင်ကျင်း ထိုင်ရာမှ ထလိုက်၏။

သူမနောက်သို့ ပြေးလိုက်သွားရန်ဟန်ပြင်လိုက်စဉ် ...

"နေစမ်းပါဦးကွ"

စန်းရယ်က အတင်းလက်ဆွဲကာ ထိုင်ခိုင်းလိုက်၏။

ရှောင်ကျင်းက ...

"မင်း ဘာပြောချင်လို့လဲ"

စန်းရယ်က ...

"သူဟာ မြောက်ပိုင်းမြို့စားရဲ့ မြေးဆိုတာ အမှန်ပဲလား"

"ဟုတ်တယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် တို့ပွဲပေါက် တိုးပြီပေါ့"

"ဘာဖြစ်လို့လဲ"

"သူတို့ဆီမှာ သိမ်းဆည်းသိုဝှက်ထားတဲ့ ကျောက်မျက်ရတနာတွေရှိချင် ရှိနေဦးမှာ"

ရှောင်ကျင်းက ...

"ဒါတော့ ငါမသိဘူး ... ငါစိတ်မဝင်စားဘူး"

ဟု ခပ်ပြတ်ပြတ်ပြောလိုက်၏။ စန်းရယ်က ...

"မင်းဘယ်လိုဖြစ်နေတာလဲ၊ မင်းယူလာတဲ့ ကျောက်မျက်ရတနာတွေကို လှူဒါန်းပစ်လိုက်ပြီဆိုတာ အမှန်ပဲလား"

"အမှန်ပေါ့ ... ငါ ဘာကြောင့်လိမ်ပြောရမှာလဲ"

"မင်း တော်တော်ညံ့တာပဲ"

"ဘာကွ"

"မင်းက ဟိုမိန်းကလေးရှေ့မှာ လှူဒါန်းပစ်လိုက်တယ်ပြောပြီး ကျန်တာတွေကို ဝှက်ထားတယ်မဟုတ်လား"

"မင်း ပါးစပ်ပိတ်ထားလိုက်စမ်း"

ရှောင်ကျင်း ဒေါသတကြီး အော်ငေါက်လိုက်၏။

စန်းရယ်က ...

"ငါတို့ ဘယ်လောက် ဒုက္ခရောက်ခဲ့ကြသလဲ၊ တစ်သက်လုံး



စားမတန်လောက်တဲ့ ရတနာတွေကို ရဖို့လမ်းစဖော်လာပြီးမှ ဘာကြောင့် အခွင့်အရေးကို လက်လွှတ်ခံချင်ရတာလဲ"

"မင်း ... မင်း"

"ရှောင်ကျင်း ... ဟိုမိန်းကလေးက မင်းကို အတော်ယုံကြည်ပုံ ရတယ်၊ မင်းက သူ့ကို စည်းရုံးသိမ်းသွင်းပြီး နောက်ထပ်ဝှက်ထားတဲ့ရတနာတွေ ရှိ၊မရှိ မေးကြည့်လို့ရတာပဲ"

ရှောင်ကျင်းက ...

"စန်းရယ် ... ငါမကောင်းမှုကို စွန့်လွှတ်လိုက်ပြီကွ၊ အရင်အလုပ်တွေကို ငါမလုပ်တော့ဘူး"

"ဘာကွ"

"ငါက အပြစ်တွေကို ခံယူဖို့အာဏာသားမုထင်းနဲ့တောင် ဆက်သွယ်ပြီးပြီ"

"မင်း"

"သခင်မတောင်ပေါ်က ငါယူလာခဲ့တဲ့ ရတနာတွေကို အာဏာသား မုထင်းကို ပေးလိုက်ပြီကွ"

'တောက်'

စန်းရယ်သည် ဒေါသကြီး တောက်ခေါက်လိုက်ပြီး ရှောင်ကျင်း၏လက်ကို လွှတ်ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းက ဘာမှမပြောတော့ဘဲ စားသောက်ဆိုင်ထဲမှ ထွက်သွားလေတော့သည်။

❖ ❖ ❖



## အခန်း (၁၉)

နေဝန်းနီမှာ အနောက်သို့ ငုပ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်လေ၏။

လွှေယင်သည် သစ်ပင်တစ်ပင်အောက်၌ထိုင်ကာ မှိုင်တွေငေးမောနေ၏။

သူမသည် မြောက်ပိုင်းမြို့စား၏မြေး ဖြစ်၏။

သူမ၏မိခင်သေဆုံးသွားပြီး ကောင်းလွှေ၏လက်ပေါ်တွင် ကြီးပြင်းလာခဲ့ရ၏။

သူမအရွယ်ရောက်လာသောအခါ မိခင်နှင့်ရုပ်ချင်းခွဲမရအောင်တူလာသည်။

ထို့ကြောင့် မှန်ခေါင်းသွင်းထားသော မိခင်၏ရုပ်အလောင်းနှင့် ကျောက်မျက်ရတနာများကို မသမာသူများ နှောင့်ယှက်ဖျက်ဆီးခြင်းမပြုနိုင်ရန် သခင်မ၏ဝိညာဉ်အဖြစ် ဟန်ဆောင်ကာ ချောက်လှန့်ခဲ့ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကောင်းလွှေထံမှ ဖခင်အကြောင်းကို သိရပြီး နောက် ဖခင်ကို တွေ့လိုစိတ်ပြင်းပြခဲ့၏။

ကောင်းလွှေက လိုက်မပို့နိုင်သဖြင့် နောက်ဆုံးရှောင် ကျင်းကို အဖော်ပြုကာ လာခဲ့ရခြင်းဖြစ်၏။

ယခုတော့ ဖခင်ဖြစ်သူ ကွယ်လွန်သွားပြီးဖြစ်သလို ကောင်း လွှေလည်း သေဆုံးသွားပြီဟု သိလိုက်ရ၏။

သူမသည် လောကအပေါ်တွင် တစ်ကောင်ကြွက်တစ်မျက် နှာ ဖြစ်ရပြီတကား။

မည်မျှကြာအောင် ငေးမောနေမိမှန်းမသိ ... ပတ်ဝန်းကျင် တွင် အမှောင်ရိပ်သန်းလာတော့မှ သတိဝင်လာလေ၏။

သူမသည် ထိုင်ရာမှထလိုက်ပြီး ဟိုဟိုသည်သည်ကြည့် လိုက်သည်။

ရှောင်ကျင်း၏ အရိပ်အယောင်ပင် မတွေ့ရချေ။

ရှောင်ကျင်းသည် အဘယ်ကြောင့် လိုက်မလာရပါသနည်း။

သူမအား လမ်းခွဲသွားပြီလော။

တွေးရင်း ရင်ထဲလှုပ်ရှားလာ၏။

စိုးရွံ့အားငယ်စိတ်များ ဖြစ်ပေါ်လာ၏။

စားသောက်ဆိုင်လေးသို့ ပြန်သွားကာ ရှောင်ကျင်းကို



ရှာဖွေရန် ဟန်ပြင်နေစဉ် လူတစ်ယောက်က သူမထံသို့ ဦးတည်ကာ လှမ်းလာနေသည်ကို တွေ့လိုက်ရ၏။

စန်းရယ်ဖြစ်သည်။

စန်းရယ်က ...

"အတော်ပဲ ... ကျုပ်က မင်းကို လိုက်ရှာနေတာ"

"ရှင်"

"ရှောင်ကျင်းက မင်းကိုခေါ်ခိုင်းလိုက်တယ်"

"ဩော်"

"လာ ... ကျုပ်နောက်လိုက်ခဲ့"

"ကောင်းပါပြီရှင်"

လွှေယင်သည် အတွေ့အကြုံနည်းပါးသူပီပီ တွေးတော စဉ်းစားခြင်းမပြုနိုင်ဘဲ စန်းရယ်နောက်သို့ လိုက်ပါသွားလေတော့ သည်။

❖

www.burmeseclassic.com

www.burmeseclassic.com



မြို့စွန်တွင် အိမ်ပျက်ကြီးတစ်လုံး ရှိနေ၏။

စန်းရယ်က လွေယင်အား ထိုအိမ်ပျက်ကြီးသို့ ခေါ်ဆောင်သွားခြင်း ဖြစ်၏။

အိမ်ပျက်ကြီးအတွင်း၌ မီးရောင်များ ထွက်ပေါ်နေ၏။

အတွင်းဘက်သို့ရောက်လျှင် အိမ်ပျက်ကြီး၏နံရံတွင် ကြိုးများဖြင့် တုပ်နှောင်ခံနေရသော ရှောင်ကျင်းအား တွေ့လိုက်ရ၏။

"ဟား ဟား ဟား"

စန်းရယ်က ဟားတိုက်ရယ်မောလိုက်လေ၏။

လွေယင်က ရှောင်ကျင်းထံသို့ ပြေးသွားသောအခါ ရှောင်ကျင်းအနီး၌ ရပ်နေသူတစ်ယောက်က ရှောင်ကျင်းကို ဓားဖြင့် ချိန်



ရွယ်ထားလိုက်ပြီး ...

"မင်း ရှေ့တိုးလာရင် သူသေသွားမယ်"

ဟု အောင်ငေါက်လိုက်လေ၏။

စန်းရယ်က ...

"မင်းက သူ့ကို လွှတ်မြောက်သွားစေချင်သလား"

ဟု မေးလိုက်၏။

လွေယင် အံကြိတ်လိုက်၏။

"ဟုတ်တယ်"

စန်းရယ်က ...

"ဒါဖြင့် မင်းက သူ့ကိုယ်စား အဖမ်းခံရမယ်"

လွေယင်သည် တစ်ကိုယ်လုံး အညိုအမည်းစွဲအောင် နှိပ်စက်ခံထားရသော ရှောင်ကျင်းကိုကြည့်ကာ ဘာမှစဉ်းစားမနေတော့ဘဲ ...

"ကောင်းပြီ ... သူ့ကိုလွှတ်လိုက်ပါ"

ဟု ပြောလိုက်၏။

စန်းရယ်က သဘောကျစွာ ရယ်မောလိုက်ပြီး ...

"မင်းအရှင် အဖမ်းခံမှပေါ့"

"ရှင့်သဘောပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ... သူ့ကိုကြိုးနဲ့တုပ်လိုက်ကြဟေ့"

စန်းရယ်၏လူများသည် လွေယင်ကို ကြိုးများဖြင့်တုပ်နှောင် ဖမ်းဆီးလိုက်ကြလေ၏။

တစ်ဖန် ရှောင်ကျင်းကို လွှတ်ပေးလိုက်၏။

ရှောင်ကျင်း ဒေါသထွက်နေ၏။

"စန်းရယ် ... မင်းကံ ငါ တစ်သက်မကျေဘူးကွ"

ဟု ပြောရင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

စန်းရယ်က မလှုပ်မယှက်ရပ်နေ၏။

"မင်းက ငါ့ကို တိုက်ခိုက်မယ်ဆိုရင် လွေယင် အရင်ဆုံး သေသွားလိမ့်မယ်"

ရှောင်ကျင်းက ခြေရဲ့လှမ်းတုံ့ခနဲ ရပ်သွား၏။

အမှန်တော့ စန်းရယ်သည် မြောက်ပိုင်းမှ ပြန်လာပြီးနောက် ဘာဝတ္ထုစရိုက်သမားများနှင့် ပြန်လည်ပေါင်းမိကာ ဆိုးသွမ်းနေခြင်းဖြစ်၏။

သခင်မတောင်ပေါ်မှ ရတနာပစ္စည်းများနှင့် ပတ်သက်ပြီး သတင်းရလိုက်သဖြင့် စားသောက်ဆိုင်မှအထွက်တွင် ရှောင်ကျင်းနောက်သို့ တိတ်တဆိတ်လိုက်သွားပြီး အလစ်တိုက်ခိုက်ကာ ဖမ်းဆီးလာခဲ့ခြင်းဖြစ်၏။



စန်းရယ်က ရှောင်ကျင်းနှင့် လွေယင်တို့အား ဖမ်းဆီးလိုက်ရသည်မှာ အကြောင်းရှိပါသည်။

စန်းရယ်သည် ရှောင်ကျင်းကို စိုက်ကြည့်လိုက်ပြီး ...

"သခင်မတောင်ပေါ်က ရလာတဲ့ရတနာတွေကို မင်းက ဒဿဏသားမုထင်းကို လာအပ်တယ် ... ဟုတ်လား"

ရှောင်ကျင်းက ...

"ဟုတ်တယ်"

စန်းရယ်က ...

"အဲဒီရတနာတွေကို မင်း ရအောင်ပြန်လုပ်ပေးရမယ်"

"ဘာကွ"

"ရတနာတွေ မရရင် လွေယင်ကို တွေ့ရမယ်မထင်နဲ့"

"မင်း ... မင်း"

စန်းရယ် ယက်ဇေ့ယမ်းပြလိုက်၏။

သူ၏လူများက လွေယင်အား ခေါ်ဆောင်သွားကြသည်။

ရှောင်ကျင်း ဘာမှမတတ်နိုင်ပါ။

စန်းရယ်က ...

"ကဲ ... ခုချိန်မှာ မင်းက မုထင်းဆီကို သွားမယ်ဆိုရင် နောက်ကျမှာ မဟုတ်သေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြော၏။

ရှောင်ကျင်း ဘာမှမပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ချ၍ အိမ်အိုပျက်ထဲမှ ထွက်သွားရတော့၏။

❖



●

အိမ်အိုပျက်အတွင်း၌ မီးရောင်များ ထိန့်ထိန့်လင်းနေ၏။

စန်းရယ်နှင့် သူ၏အဖော်လေးယောက်သည် ဝိုင်းဖွဲ့၍ အရက်သောက်နေကြ၏။

တစ်ယောက်က ...

"စန်းရယ် ... ခင်ဗျားလူက ဟန်ပါ့မလား"

ဟု မေးလိုက်၏။

"ဟား ဟား ဟား"

စန်းရယ် ဟားတိုက် ရယ်မောလိုက်၏။

ပြီးမှ ...

"စိတ်ချစမ်းပါဗျာ ... ရှောင်ကျင်းအကြောင်းကို ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းကြီး သိပါတယ်၊ သူက အခက်အခဲကြုံ လာပြီဆိုရင် မဖြစ်မနေ ဆောင်ရွက်တတ်တဲ့သဘော ရှိပါတယ်၊ သူက ကျောက်မျက်ရတနာတွေကို ရအောင်ပြန်ယူလာနိုင်လိမ့်မယ်လို့ ကျုပ်ယုံကြည်ပါတယ်ဗျာ"

စန်းရယ်၏ မိတ်ဆွေများမှာ ကျားဆိုးငါးဖော်ဟု နာမည်ကြီးနေကြသူများ ဖြစ်လေ၏။

စန်းရယ်က ကျားဆိုးငါးဖော်အနက် တစ်ယောက်လိုနေသည်ဖြစ်ရာ ...

"အမှတ်ငါးကောဗျ"

ဟု မေးလိုက်၏။

တစ်ယောက်က ...

"ရှိပါတယ်ဗျာ၊ ဖမ်းထားတဲ့ ကောင်းမလေးကို စိတ်ချလို့ အနီးကပ် စောင့်ရှောက်နေပါတယ်"

ထိုလူ၏ စကားကြားလျှင် အားလုံးရယ်မောလိုက်ကြ၏။

လူဆိုးများ၏လက်တွင်း၌ ရောက်ရှိနေသည့် လွှေယင်း၏ အခြေအနေ မည်သို့ရှိမည်နည်း။

❖



ကျားဆိုးငါးဖော်အနက် အမှတ်ငါးသည် အလွန်မိန်းမပွေသူ ဖြစ်လေ၏။

ချောမောလှပသည့် လွှေယင်းကို ဖမ်းဆီးထားသောအခါ အနီးမှမခွာနိုင်တော့ပါ။

အိမ်ပျက်ကြီး၏ အနောက်ဘက် အခန်းတစ်ခုအတွင်း၌ လွှေယင်းကို ဖမ်းဆီးထားခြင်းဖြစ်၏။

အမှတ်ငါးသည် တဟဲဟဲရယ်မောရင်း သူမအနီးသို့ ချဉ်းကပ်သွားလိုက်၏။

ထိုစဉ် သက်ပြင်းချသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



အမှတ်ငါး ရင်ထိတ်သွားပြီး ချာခနဲ လှည့်ကြည့်လိုက်၏။

ထိုအခါ မလှမ်းမကမ်း၌ ရပ်နေသူတစ်ယောက်ကို တွေ့လိုက်ရ၏။

လက်တစ်ဖက် ပြတ်နေသူ ဖြစ်၏။

အမှတ်ငါးက ...

"မင်း ဘယ်သူလဲ"

ဟု မေးလိုက်၏။

ထိုတဒင်္ဂအချိန်လေးမှာပင် လူရိပ်က လှုပ်ရှားသွားလေသည်။

ရိပ်ခနဲ ချဉ်းကပ်လာပြီး အမှတ်ငါး၏ရင်ဝကို ဓားဖြင့် ထိုးသွင်းလိုက်ခြင်းဖြစ်၏။

သူသည် ရှောင်တိမ်းဖို့ အချိန်မရလိုက်ချေ။

ထိုလူ၏ဓားသည် အမှတ်ငါး၏ရင်ဝကို တည့်တည့်မတ်မတ် ထိုးသွင်းမိလိုက်၏။

"အား"

အမှတ်ငါး စူးရှစွာ အော်ဟစ်၍ ဝုန်းခနဲ လဲကျသွားလေ၏။

❖



•

အမှတ်ငါး၏ စူးရှသည့်အော်ဟစ်သံ ထွက်ပေါ်လာလေသည်။

ကျွားဆိုးငါးဖော်တွင် ပါဝင်သူလေးယောက် ထိတ်လန့်သွားကြ၏။

"ဘာဖြစ်တာလဲ"

"ဒါဟာ အမှတ်ငါးရဲ့ အော်သံကွ"

"တို့ သွားကြည့်ရအောင်"

"မြန်မြန်လာ"

တစ်ယောက်တစ်ပေါက် ပြော၍ အနောက်ဘက်အခန်းဆီသို့ ဝရုန်းသုန်းကား ပြေးလွှားသွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျားဆိုးများသည် အနောက်ဘက်အခန်းသို့ ဝင်လိုက်ကြသည်နှင့် လဲကျသေဆုံးနေသည့် အမှတ်ငါးနှင့်အတူ သွေးစွန်းနေသောဓားကို ကိုင်ထားသည့်လက်တစ်ဖက် ပြတ်နေသူအား တွေ့မြင်လိုက်ရ၏။

ကျားဆိုးများသည် ဒေါသထွက်သွားကြ၏။

"သေဖို့သာပြင်ထား"

ဟု အော်ငေါက်ကာ လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြပြီး တစ်ဟုတ်ထိုး ပြေးဝင်တိုက်ခိုက်လိုက်ကြ၏။

သူတို့၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါတော့၏။

လက်တစ်ဖက်ပြတ်နေသူကလည်း ဓားရှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်၏။

ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာပြီး မရှေးမနှောင်းမှာပင် ...

'ဝုန်း'

"အား"

"အမယ်လေး"

"သေပါပြီဗျ"



စူးရှသော အော်သံများ ထွက်ပေါ်လာလေ၏။

လက်တစ်ဖက်ပြတ်နေသူ၏လက်ချက်မိကာ ကျားဆိုးများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေ၏။

❖

www.burmeseclassic.com

www.burmeseclassic.com



ကျားဆိုးငါးဖော်မိုက် ဓာတ်သိမ်းသွားကြပြီဖြစ်၏။

ကျားဆိုးများအား ဆုံးမလိုက်သူမှာ မည်သူဖြစ်ပါသနည်း။

စန်းရယ်သည် ဓားတစ်လက်ဆွဲကာ အနောက်ဘက်အခန်းတွင်းသို့ ဝင်လာလေ၏။

လက်တစ်ဖက်ပြတ်နေသူနှင့် ရင်ဆိုင်မိလိုက်၏။

ထိုလူက ...

"စန်းရယ် ... မင်းက ငါ့ကိုမှတ်မိသေးသလား"

ဟု ပြောလေ၏။

စန်းရယ်သည် ထိုလူကိုမြင်လျှင် တအံ့တဩ ဖြစ်သွားလေ၏။



"ဟင် ... မင်း ... မင်း ဝမ်းတုံ"

"ဟုတ်ပါတယ်ကွ"

"ငါက သေသွားပြီထင်နေတာ"

ဝမ်းတုံ ရယ်မောလိုက်၏။

"ငါက အသက်ပြင်းတယ်ဆိုတာ မင်းသိပါတယ်"

"ဒါပေမဲ့ မင်းရဲ့လက်တစ်ဖက်တော့ ဆုံးရှုံးလိုက်ရပြီလေ"

"ဘာပဲဖြစ်ဖြစ် လက်တစ်ဖက်ဆုံးရှုံးလိုက်ရလို့ ငါ့ရဲ့သိုင်းပညာပိုပြီး တိုးတက်လာတယ်ဆိုရင် မင်းယုံမလား"

စန်းရယ်က ရယ်မောလိုက်၏။

"မင်း သေချာရဲ့လား"

ဝမ်းတုံက ...

"မင်း မယုံရင် သူတို့ကိုမေးကြည့်"

ကြမ်းပြင်ပေါ်တွင် အတုန်းအရုန်းလဲကျနေသော ကျားဆိုးငါးဖော်ကို ညွှန်ပြကာ ပြောလိုက်၏။

ကျားဆိုးငါးဖော်သည် ခေသူများ မဟုတ်ကြပါ။

ယခုတော့ ဝမ်းတုံ၏လက်ချက်ဖြင့် အမိုက်ဓာတ်သိမ်းသွားကြပြီ ဖြစ်လေ၏။

စန်းရယ် သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းမဆိုးပါဘူး၊ ဒါပေမဲ့ ... ကျုပ်ကိုတော့ သတ်နိုင်မှာ မဟုတ်ပါဘူး"

ဝမ်းတုံက ...

"ကျုပ်ကလည်း မင်းကိုမတိုက်ခိုက်ချင်ပါဘူး၊ တို့ဟာ အရင်က လက်တွဲပြီးဆိုးမိုက်ခဲ့ကြတဲ့ သူငယ်ချင်းတွေပဲမဟုတ်လား"

စန်းရယ်က ...

"ဒါပေမဲ့ မြောက်ပိုင်းဒေသမှာတုန်းက မင်းဟာ သူငယ်ချင်းကောင်း မဆန်ခဲ့ဘူး"

ဝမ်းတုံက ...

"မင်းသာ ငါ့နေရာ ရောက်နေမယ်ဆိုရင်ကော"

စန်းရယ်က လက်ကာပြလိုက်၏။

"ဒါတွေ ထားလိုက်ပါတော့လေ၊ မင်းအခု ဘာလာလုပ်တာလဲ ... ပြောစမ်းပါဦး"

ဟု မေးလိုက်၏။

ဝမ်းတုံက ရယ်မောလိုက်၏။

"ဟဲ ဟဲ ... ကျုပ်က ဝေစုလာခွဲတာပါ"

"ဝေစုခွဲတာ"

"ဟုတ်တယ်"



"နေပါဦး ... မင်းက"

"စန်းရယ် ... မင်းက သခင်မတောင်ပေါ်က ရတနာတွေကို ရယူဖို့ စီစဉ်ထားတယ်ဆိုတာ ကျုပ်သိပြီးပါပြီ"

"ဪ"

"မင်းရဲ့လက်ထဲမှာ လွေယင်း ရောက်နေပြီဆိုတော့ ရှောင်ကျင်းက ရတနာတွေကို မရ ရအောင် ပြန်ယူလာလိမ့်မယ်ဆိုတာ ငါပြောရဲတယ်"

စန်းရယ် ခေါင်းခါယမ်းလိုက်၏။

"ဒါပေမဲ့ ... မသေချာပါဘူး"

ဝမ်းတုံက ...

"မသေချာဘဲ မင်းက သူ့ကိုလွှတ်လိုက်မလား"

စန်းရယ်က ပါးစပ်ပိတ်ထားလိုက်၏။

ဝမ်းတုံက ...

"ငါက လောဘမကြီးပါဘူးကွာ၊ တစ်ယောက်တစ်ဝက်ရမယ်ဆိုရင် ကျေနပ်ပြီ"

စန်းရယ်က လက်ထဲကိုင်ထားသော ဓားကိုဝှေ့ယမ်းလိုက်ပြီး ...

"ငါ့ရဲ့ဓားက သဘောတူမတူ မေးကြည့်ရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။

ဝမ်းတုံက ...

"သြော် ... ဒီလိုဆိုလည်း ရပါတယ်"

စကားဆုံးလျှင် လက်ထဲမှ ဓားကိုဝှေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေတော့သည်။

❖ ❖ ❖



•

အခန်း (၂၉)

ရှောင်ကျင်း၏မျက်နှာပေါ်တွင် အညိုအမည်းစွဲကာ ဒဏ်ရာဒဏ်ချက်များ ရှိနေသည်။

သို့သော် သူက အမှုမထားဘဲ မုထင်း၏ရှေ့သို့ အရောက်သွားခဲ့၏။

ရှောင်ကျင်းရောက်လာလျှင် မုထင်းး ချက်ချင်းပင် လက်ခံတွေ့ဆုံ၏။

မုထင်း၏ နံဘေး၌ ညာလက်ရုံး စွန်းဖုံက ရပ်နေ၏။

မုထင်းက ...

"ရှောင်ကျင်း ... မင်း ဘယ်လိုဖြစ်လာ၊ ဘာလဲ"

ဟု မေးလေ၏။

ရှောင်ကျင်းက ...

"ကျုပ်မှာ အခက်အခဲတစ်ခု ကြုံတွေ့ရ ဘာရပါတယ်၊ ဒါကြောင့် ကျုပ်ပေးအပ်လှူဒါန်းထားတဲ့ ကျောက်မျက်ရတနာတွေကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေးရင်ကောင်းမယ်"

"မင်း ဘယ်လုပ်မလို့လဲ"

"လူတစ်ယောက်ရဲ့ အသက်ကို ကယ်ချင်လို့ပါ"

အမှန်တော့ မုထင်းသည် သူ၏ လက်ရုံးစွန်းဖုံအား နောက်ယောင်ခံလိုက်ကြည့်စေခြင်းဖြင့် ရှောင်ကျင်းကြုံတွေ့နေရသော အဖြစ်အပျက်များကို ကြိုတင်သိထားပြီးဖြစ်၏။

မြို့စားကြီး ရောက်မလာသေးသဖြင့် ရတနာများကိုလည်း မအပ်ရသေးဘဲ သူက သိမ်းဆည်းထား၏။

ထို့ကြောင့် ...

"ကောင်းပြီ ... ကျုပ်ပြန်ပေးလိုက်ပါ့မယ်၊ ဒါပေမဲ့ ရတနာတွေကို ပြန်ယူပေးပြီး မင်းကိုယ်တိုင် အဖမ်းခံမယ်ဆိုတာကိုတော့ မဖျက်ရဘူးနော်"

ဟု ပြောလာလေသည်။

ရှောင်ကျင်းက ...

"စိတ်ချပါ ... ကျုပ်ဘယ်တော့မှ ကတိမဖျက်ပါဘူး"

"ရော့ ... ယူသွားပါ"

မုထင်းက ရှောင်ကျင်းပေးအပ်ခဲ့သည့် ကတ္တီပါအိတ်ကလေးကို ပြန်ပေးလေ၏။



ရှောင်ကျင်းသည် ဦးညွှတ်လိုက်ပြီး ...

"ကျုပ်ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

စကားဆုံးလျှင် အခန်းတွင်းမှ ခပ်သွက်သွက် ပြေးထွက်သွား၏။

ရှောင်ကျင်းထွက်သွားပြီးမှ မုထင်း သက်ပြင်းချလိုက်၏။ စွန်းဖုံးဘက်သို့ လှည့်ကာ ...

"မင်းပဲ တာဝန်ယူလိုက်ပါ"

ဟု ပြောလိုက်၏။

❖

www.burmeseclassic.com

www.burmeseclassic.com



စန်းရယ်သည် ဝမ်းတုံအား လွန်စွာမှပင် မုန်းတီးနေ၏။

ထို့ကြောင့် သုတ်သင်ရှင်းလင်းပစ်ရန် ရည်ရွယ်ကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်၏။

ဝမ်းတုံမှာ လက်တစ်ဖက်ပြတ်သွားသော်လည်း သိုင်းပညာအား ကျမသွားသည့်အပြင် မာန်ရေ ပိုကောင်းလာသည်။

သူတို့နှစ်ယောက်၏တိုက်ပွဲမှာ ကြောက်ခမန်းလိလိ ပြင်းထန်နေပါတော့၏။

လွေယင်းသည် ကြိုးတုပ်ကာ ဖမ်းဆီးထားခြင်း ခံနေရ၏။

သို့သော် သူမသည် ရုန်းကန်လှုပ်ရှားခြင်းမပြုဘဲ တိုက်ပွဲကို အေးအေးဆေးဆေး ကြည့်နေလိုက်၏။



ဝမ်းတုံနှင့်စန်းရယ်တို့ သူသေကိုယ်သေ တိုက်ခိုက်နေကြစဉ်မှာပင် ...

"စန်းရယ်"

အပြင်ဘက်မှ ခေါ်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ဝမ်းတုံနှင့်စန်းရယ်တို့သည် တိုက်ခိုက်မှုကို ရပ်တန့်ကာ ကပျာကယာ လှမ်းချောင်းကြည့်လိုက်ကြသည်။

စန်းရယ်က ...

"ရှောင်ကျင်းရောက်လာပြီ"

ဟု ပြောလိုက်၏။

ဝမ်းတုံက ...

"ဟုတ်တယ်၊ သူက ရတနာတွေယူလာပြီလား"

စန်းရယ်က ...

"ဖြစ်နိုင်တယ်၊ သူဟာ အာဏာသားမှုထင်းဆီမှာ အပ်လိုက်ပြီလို့ ပြောပေမယ့် ငါမယုံဘူးလေ"

ဝမ်းတုံက ...

"ဟုတ်တယ်၊ ခုတော့ ငါ့ရဲ့သံသယစိတ်က မှန်သွားပြီပေါ့၊ မှုထင်းဆီမှာ အပ်လိုက်ပြီဆိုရင် သူ ဘယ်လိုလုပ်ပြီး ပြန်ယူလာလို့

www.burmeseclassic.com



ရမှာလဲ”

စန်းရယ်က ...

“မင်း ဘယ်လိုသဘောရသလဲ”

ဟု မေး၏။

ဝမ်းတုံက ...

“ရှောင်ကျင်းဆီမှာ ရတနာတွေ တကယ်ပဲပါလာသလား၊ မပါဘူးလားဆိုတာ အရင်ဆုံးသွားကြည့်မယ်”

“ပါလာတယ်ဆိုရင်ကော”

“ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ သူ့ကို အရင်ဆုံးရှင်းရမှာပဲ”

“ကောင်းတယ် ... နောက်မှ မင်းနဲ့ငါ ဆက်ပြီးစာရင်းရှင်းကြတာပေါ့”

နှစ်ယောက်သား အခန်းအပြင်ဘက် လှမ်းထွက်လိုက်ကြသည်။

ဤတွင် ကတ္တီပါအိတ်လေးကိုကိုင်ကာ သူတို့အား စောင့်ဆိုင်းနေသော ရှောင်ကျင်းကို တွေ့လိုက်ရတော့၏။

❖



•

ရှောင်ကျင်းက ကတ္တီပါအိတ်ကလေးကို မြှောက်ပြလိုက်ပြီး

“စန်းရယ် ... မင်းလိုချင်တဲ့ပစ္စည်း ပါလာပြီ၊ လွှေယင်းကို လွှတ်ပေးလိုက်ပေတော့”

ဟု ပြောလိုက်၏။

စန်းရယ်က ...

“စိတ်ချ ... အိတ်ထဲမှာ တကယ်ပါ၊မပါ ကျုပ်အရင်စစ်ဆေးကြည့်စမ်းပါရစေဦးလေ”

“ရတယ် ... ရော့”

ရှောင်ကျင်းက ကြမ်းပြင်ပေါ် ပစ်ချလိုက်၏။

“ဂျောက် ဂျလောက်”

www.burmeseclassic.com

www.burmeseclassic.com



ကတ္တီပါအိတ်ကလေးပွင့်သွားပြီး အဖိုးတန်ကျောက်မျက်ရတနာများ ထွက်ပေါ်လာတော့၏။

"ဟင်"

"ဟာ"

စန်းရယ်နှင့်ဝမ်းတုံတို့မှာ ရတနာများအား အမှန်တကယ်မြင်တွေ့လိုက်ရသောအခါ လောဘတက်သွားကြ၏။ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ပြီး ...

"ယား"

ဗြာသံပေးကာ ရှောင်ကျင်းထံသို့ ပြိုင်တူစုန်ဝင် တိုက်ခိုက်လိုက်ကြတော့၏။

❖



•

ရှောင်ကျင်း ထိတ်လန့်သွား၏။

မျှော်လင့်မထားသော ဝမ်းတုံလည်း ရောက်ရှိနေပြီးစန်းရယ်နှင့်ပေါင်းကာ အကောက်ကြံလာကြပြီ မဟုတ်ပါလား။

"မင်းတို့ ဒါဘာလုပ်တာလဲ"

ဟု အော်ပြောရင်း ကပျာကသော ရှောင်တိမ်းလိုက်၏။

ထိုစဉ် ...

"ရှင့်ရဲ့ ညာဘက်လက်ကို ဆန့်ထုတ်ပြီး စန်းရယ်ကို ရိုက်ထုတ်လိုက်ပါ၊ ဘယ်ဘက်ခြေထောက်နဲ့ ဝမ်းတုံကို ကန်ကျောက်လိုက်ပါ"

ခြင်တစ်ကောင် အော်မြည်သံကဲ့သို့ အလွန်သေးငယ်သော

www.burmeseclassic.com

www.burmeseclassic.com



အသံလေးတစ်ခုသည် ရှောင်ကျင်း၏နားထဲသို့ တိုးဝင်လာသည်။

အိပ်မက်သူဇာ၏အသံဖြစ်ကြောင်း ရှောင်ကျင်းချက်ချင်း မှတ်မိလိုက်ပြီး ဝမ်းသာသွား၏။

အခက်ကြုံနေရသည်ဖြစ်ရကား ရှည်ရှည်ဝေးဝေး စဉ်းစား မနေတော့ဘဲ သူဇာအကြံပေးလို ပြုလုပ်လိုက်လေ၏။

ယာဘက်လက်ဝါးဖြင့် စန်းရယ်အား ရိုက်ချလိုက်ပြီး ဝဲဘက်ခြေထောက်ဖြင့် ဝမ်းတုံအား ကန်ကျောက်လိုက်သည်နှင့် ...

'ဝုန်း'

"အား"

ဝမ်းတုံနှင့်စန်းရယ်တို့ အဝေးသို့လွင့်စဉ်သွားကြ၏။

သူတို့သည် ကြမ်းပြင်ပေါ်မှ ကပျာကယာ လူးလိမ့်ထလာကြသည်။ ရှောင်ကျင်းကို မယုံကြည်နိုင်စွာကြည့်ရင်း ...

"မင်း မင်း"

"သည်ကောင့်ကို သတ်ပစ်"

ချက်ချင်းပင်ပြေးဝင် တိုက်ခိုက်လာကြပြန်၏။ ထိုစဉ် ...

"ရှင်က နောက်ဆုတ်လိုက်၊ ဝဲဘက်ကိုလှည့်ပြီး ညာခြေနဲ့ ပက်ကန်လိုက်ပါ၊ ရှင့်ရဲ့ ဝဲဘက်လက်က လက်ဝါးစောင်းသဏ္ဍာန်နဲ့ ခုတ်ချလိုက်"



သူဇာ၏ အသံထွက်ပေါ်လာ၏။

သူသည် သူဇာပြောသည့်အတိုင်း တိုက်ခိုက်လိုက်၏။

ဤတွင် သူ၏ခြေထောက်သည် စန်းရယ်၏တိုက်ကွက်ကို ထိုးဖောက်ကာ ရင်ဝကိုတည့်တည့်မတ်မတ် ကန်ကျောက်လိုက်၏။

'ဝုန်း'

"အား"

စန်းရယ်မှာ အဝေးသို့ လွင့်စဉ်သွားကာ သတိလစ်မေ့မြော သွားတော့၏။

ထို့အပြင် ရှောင်ကျင်း၏ လက်ဝါးစောင်းသည် ဝမ်းတုံ၏ လည်ကုပ်ကို ခုတ်ချမိလိုက်ပြီး ...

'ဖျောင်း'

"အား"

ဝမ်းတုံလည်း ကြမ်းပြင်ပေါ်ပုံလျက်သားလဲကျကာ သတိ လစ်သွားလေတော့၏။

ထိုအချိန်မှာပင် ခြေသံများကျယ်လောင်စွာ ထွက်ပေါ်လာ ပြီး မုထင်းခေါင်းဆောင်သော အာဏာသားများ ရောက်ရှိလာကြ လေတော့၏။

❖

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းသည် ကျောက်မျက်ရတနာများအာ မုထင်း လက်သို့ ပြန်လည်အပ်နိုင်ခဲ့သည့်အပြင် စန်းရုယ်နှင့်ဝမ်းတုံကိုလည်း အပ်နှံနိုင်ခဲ့လေ၏။

သူကိုယ်တိုက်လည်း အဖမ်းခံသောအခါ မုထင်းက ...

"မင်းကို ဝမ်းသာစရာ သတင်းပြောရဦးမယ်၊ မင်းရဲ့ အကြောင်းကို စာပို့ခိုနဲ့ မြို့စားကြီးဆီ သတင်းပို့ခဲ့လို့ မြို့စားကြီးက ဘုရင်မင်းမြတ်ထံမှာ အသနားခံတင်လျှောက်ခဲ့တဲ့ အတွက် ဘုရင်မင်းမြတ်က မင်းရဲ့အပြစ်တွေကို လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ် ပြန်လိုက်တယ်"

ဟု ပြောလေ၏။



ရှောင်ကျင်း မှာကြားလိုက်ရသောစကားကို မယုံနိုင်အောင် ဖြစ်သွားလေ၏။

ထိုစဉ် ...

"အစ်ကို"

လွေ့ယင်း ပြေးထွက်လာ၏။

ရှောင်ကျင်းက ဆီးကြိုပွေ့ဖက်ထားလိုက်လေတော့၏။

❖

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်း၏ဘဝသည် မမျှော်လင့်ဘဲ အေးချမ်းသာယာသွားခဲ့ပြီဖြစ်လေ၏။

လှေယင် (ဝါ) အိပ်မက်သူဇာသည် ရုပ်ရည်ချောမောလှပသလို သိုင်းပညာထိပ်တန်းအဆင့် ရောက်နေသူဖြစ်၏။

သူမသည် ရှောင်ကျင်းအတွက် အနစ်နာခံကာ အဖမ်းခံခဲ့၏။ ရှောင်ကျင်းကလည်း သူမအတွက် အသက်စွန့်ကာ အန္တရာယ်ကို ရင်ဆိုင်ခဲ့လေ၏။

သူတို့နှစ်ယောက်သည် နှလုံးသားချင်းနားလည်လိုက်ကြပြီဖြစ်လေ၏။

ရှောင်ကျင်းက ရင်ခွင်ထဲတိုးဝင်လာသော လှေယင်း (ဝါ) အိပ်မက်သူဇာကို မလွှတ်တမ်း ပွေ့ဖက်ထားလိုက်လေတော့သည်။

တက္ကသိုလ်ဝင်းကြွယ်

www.burmeseclassic.com